ကြေးမုံ
The Mirror Daily
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ | Tuesday, 5 May 2020 | ၁၀၀၀၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဒွေးမောင်၏ ကျန်ရစ်သူမိသားစုဝင်များနှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီသို့ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့သော KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး စောဒွေးမောင်သည် ၂၀၂၀ ပြည့်နှစ်၊ မေလ ၃ ရက် (တနင်္လာနေ့နေ့)၊ ညနေ ၆ နာရီ ၂၀ မိနစ်တွင် ခရစ်တော်၌ အိပ်စက်အနားယူသွားကြောင်း သိရှိရပါသည်။ ခေါင်းဆောင်တစ်ဦး ဆုံးရှုံးရခြင်း၊ ရဲဘော်ရဲဘက်တစ်ဦး ဆုံးရှုံးရခြင်း၊ မိသားစုဝင်တစ်ဦးဆုံးရှုံးရခြင်း အစရှိသည့် ဆုံးရှုံးခဲ့ရသူများအားလုံးနှင့် ထပ်တူထပ်မျှ လွန်စွာမှပင် ဝမ်းနည်းရပါသည်။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် ငြိမ်းချမ်းရေးကောင်စီ ခေါင်းဆောင်များအနေဖြင့် ဗိုလ်ချုပ်ကြီး စောဒွေးမောင် မျှော်မှန်းခဲ့သော ဒီမိုကရေစီနှင့် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးခရီးလမ်း၌ မပြီးဆုံးသေးသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့်အတူ ဆက်လက်လက်တွဲ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အခိုင်အမာယုံကြည်ထားပါသည်။

ကျန်ရစ်သူမိသားစုနှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအားလုံးထံသို့ နှစ်သိမ့်ခြင်း ကောင်းချီးမင်္ဂလာအဖြာဖြာ သက်ရောက်ကြစေကြောင်း ဆုတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## Covid ကို ထိန်းချုပ်ရေးမှာ လောလောဆယ် အထူးအလေးထားရမဲ့ ကိစ္စကြီး(၂)ရပ်ရှိကြောင်း၊ ကျန်းမာရေးအရစစ်ဆေးပြီး ပြန်ဖွင့်ခွင့်ပေးလိုက်တဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေကြား ရောဂါမပြန့်ပွားရေးနဲ့ နယ်စပ်မှ ပြန်လာမဲ့ အလုပ်သမားတွေအကြား ရောဂါမပြန့်ပွားရေးတို့ဖြစ်ကြောင်း သတင်းစကားပါး



**နေပြည်တော် မေ ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ကို ထိန်းချုပ်ရေးမှာ လောလောဆယ် အထူးအလေးထားရမဲ့ ကိစ္စကြီး(၂)ရပ်ရှိကြောင်း၊ ကျန်းမာရေးအရ စစ်ဆေးပြီး ပြန်ဖွင့်ခွင့်ပေးလိုက်တဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေကြား ရောဂါမပြန့်ပွားရေးနဲ့ နယ်စပ်မှ ပြန်လာမဲ့ အလုပ်သမားတွေအကြား ရောဂါမပြန့်ပွားရေးတို့ဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

၁-၅-၂၀၂၀ နဲ့ ၂-၅-၂၀၂၀ စစ်ဆေးမှုတွေအရ၊ covid positive တစ်ယောက်မှ မတွေ့ခဲ့ပါဘူး။

၃-၅-၂၀၂၀၊ မနေ့ကတော့ (၄)ယောက်၊ ဒီကနေ့ ၄-၅-၂၀၂၀ မှာ (၆)ယောက် တွေ့ခဲ့ပါတယ်။

ဒါကြောင့် ကျွန်မတို့ လုံးဝပေ့ါလို့ မဖြစ်ဘူးဆိုတာ ကြားရ၊ ဖတ်ရသူတွေ ငြီးငွေ့ရလောက်အောင် သတိပေးနေရတာပါ။

ထပ်တလဲလဲ ပြောရင်းနဲ့ စိတ္တဗေဒ သုတေသီအချို့က၊ လူတစ်ယောက်ရဲ့ ဦးနှောက်ထဲမှာ အချက်တစ်ချက်စွဲသွားဖို့ အကြိမ် (၂၀၀) လောက် ပြောရတယ်လို့ တွေ့ရှိထားကြောင်းကိုလည်း ကျွန်မ ထည့်ပြောလေ့ရှိပါတယ်။ ဒီလောက်တောင်ပဲ ပြောဖို့လိုလားလို့လဲ တွေးမိပါတယ်။

နိုင်ငံရေးလောကထဲ ရောက်လာပြီးလူပေါင်းစုံနဲ့ ပေါင်းရတော့လူတွေကို တော်တယ် ညံ့တယ်၊ ကောင်းတယ် ဆိုးတယ်လို့ ခွဲမြင်တာထက် သင်လို့လွယ်တယ်၊ သင်လို့ ခက်တယ် လို့ ခွဲမြင်လာပါတယ်။ သင်လို့ လွယ်သူတွေကိုတော့အကြိမ်(၂၀၀) ပြောဖို့ လိုမယ် မထင်ပါဘူး။

Covid ကို ထိန်းချုပ်ရေးမှာ လောလောဆယ် အထူးအလေးထားရမဲ့ ကိစ္စကြီး(၂) ရပ်ရှိပါတယ်။ ကျန်းမာရေးအရ စစ်ဆေးပြီး ပြန်ဖွင့်ခွင့်ပေးလိုက်တဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေကြား ရောဂါမပြန့်ပွားရေးနဲ့ နယ်စပ်မှပြန်လာမဲ့ အလုပ်သမားတွေအကြား ရောဂါမပြန့်ပွားရေးတို့ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံတွေမှာ လိုက်နာရမဲ့ စည်းကမ်း၊ စည်းမျဉ်းတွေ၊ ပြည်တော်ပြန်များနဲ့ သက်ဆိုင်တဲ့အစီအစဉ်၊ စည်းကမ်းတွေ သေသေချာချာထုတ်ပြန်ထားပါတယ်။ အားလုံးက တိတိကျကျ လိုက်နာမယ်ဆိုရင် ကျွန်မတို့ covid ကို အောင်နိုင်မှာပါ။

အပေါ်က အပိုဒ်ကိုအကြိမ်(၂၀၀) မရေးတော့ပါဘူးနော်။ ကျွန်မတို့ ပြည်သူတွေ သင်ရလွယ်တယ်လို့ ယုံကြည်လိုက်ပါမယ်။

> **ကျန်းမာရေးဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံတွေမှာ လိုက်နာရမဲ့ စည်းကမ်း၊ စည်းမျဉ်းတွေ၊ ပြည်တော်ပြန်များနဲ့ သက်ဆိုင်တဲ့အစီအစဉ်၊ စည်းကမ်းတွေ သေသေချာချာထုတ်ပြန်ထားပါတယ်။ အားလုံးက တိတိကျကျ လိုက်နာမယ်ဆိုရင် ကျွန်မတို့ covid ကို အောင်နိုင်မှာပါ**

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# မလျော့မတင်း စောင်းကြိုးညင်းသကဲ့သို့

ရှေးအခါက မြတ်စွာဘုရားရှင်သည် ချစ်သား သောဏတိဿအား အကျင့်ဖြင့် လွန်လေသည်ဟု မိန့်တော်မူကာ "သောဏတိဿ သင်သည် ရှေးလူဝတ်ဖြင့်နေစဉ် အဘယ်အတတ်ကို တတ်သနည်း " ဟု မေးတော်မူ၏။ သောဏတိဿက " အရှင်ဘုရား တပည့်တော်သည် ရှေးလူဝတ်ဖြင့်နေစဉ် စောင်းအတတ်ကို တတ်ပါသည်"ဟု လျှောက်ထား၏။ ဘုရားရှင်က သောဏတိဿမထေရ်အား "စောင်းကို တင်းတင်းတီးခြင်း၊ လျော့လျော့တီးခြင်းတို့တွင် မည်သည့်တီးခြင်းတို့က သာယာသောအသံကို ဖြစ်စေသနည်း"ဟု မေးတော်မူ၏။ သောဏတိဿမထေရ်က "မလျော့မတင်း တီးခြင်းက သာယာနာပျော်ဖွယ်သော အသံကို ဖြစ်စေပါသည်" ဟု လျှောက်ကြားသည်။

ဘုရားရှင်က "ချစ်သား ဤစောင်းဥပမာကဲ့သို့ အကျင့်ကို မလျော့မတင်း၊ မပြင်းမည့် ဖြည့်ကျင့်လော့"ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားရှင်၏ ဤအဆုံးအမနှင့်အညီ အမှုကိစ္စတို့ကို လုပ်ကိုင်ဆောင်ရွက်ရာ၌ မလျော့မတင်း၊ မပြင်းမည့် ကျင့်ကြံလုပ်ကိုင်ဆောင်ရွက်ခြင်းသည် စိတ်နှလုံး ချမ်းမြေ့ဖွယ် ဖြစ်စေသည်။ လျော့လွန်းလျှင်လည်း အလုပ်မဖြစ်၊ တင်းလွန်းလျှင်လည်း ပြတ်သည့်အဖြစ်မျိုးမဖြစ်အောင် မြန်မာမှုနယ်ပယ်၌ လုပ်ကိုင်ဆောင်ရွက်ခြင်းသည်သာလျှင် အသင့်လျော်ဆုံးဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော ရောဂါကပ်ဘေးနှင့်အတူ စိန်ခေါ်မှုအမျိုးမျိုးတို့ကို တွေ့ဆုံရင်ဆိုင်ကျော်လွှားနေကြသည်။ ရောဂါကပ်ဘေးကို ရင်ဆိုင်ကျော်လွှား ဖြေရှင်းဆောင်ရွက်ကြရာ၌ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ လူမှုဘဝအခြေအနေများအပေါ် မူတည်၍ မလျော့မတင်း၊ မပြင်းမည့်သတိကပ်ကာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ စည်းကမ်း၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်ဆော်ဩအသိပေးပြီး လိုက်နာခြင်းမရှိမှသာ အရေးယူကိုင်တွယ်ခြင်းပြုကြသည်။

အထူးသဖြင့် ပြည်သူသည်သာ အဓိကဖြစ်၍ ပြည်သူများက အသိတရားဖြင့် မပြင်းမည့်လိုက်နာဆောင်ရွက်စေအောင် စေ့ဆော်ပေးသည်။ လိုက်နာလာအောင် တိုက်တွန်းနှိုးဆော်ပေးသည်။ ဤသို့ မလျော့မတင်း ဆောင်ရွက်ခြင်းဖြင့် ရောဂါကာကွယ်တိုက်ဖျက်ရေးတွင် သင့်တင့်သည့် အခြေအနေကောင်းတစ်ရပ်အဖြစ် ရရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအားလုံး ကပ်ရောဂါဘေးကို ရင်ဆိုင်ကြုံတွေ့နေရသည်။ သူ့နိုင်ငံ၊ သူ့သဘာဝ၊ သူ့အနေအထားဖြင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသနေကြသည်။ ပြင်းပြင်းထန်ထန် ဆောင်ရွက်နေသည့် နိုင်ငံများရှိသလို၊ မလျော့မတင်းဆောင်ရွက်နေသည့် နိုင်ငံများလည်းရှိသည်။ မည်သည့်နိုင်ငံတွင် မည်သည့်အခြေအနေရှိ၍ မည်သို့လုပ်ကိုင်ဆောင်ရွက်နေသည်ကို လေ့လာကြည့်နိုင်သည်။ အာဆီယံ ၁၀ နိုင်ငံတွင် အခြေအနေကောင်းသော ဗီယက်နမ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့်အတူ မြန်မာနိုင်ငံပါဝင်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင် လာအိုနိုင်ငံသည် အခြေအနေအကောင်းဆုံးဖြစ်သည်။ သံသယလူနာ ၂၁၈၄ ဦး၊ ရောဂါဖြစ်ပွားသူ ၁၉ ဦး၊ ပြန်လည်ကျန်းမာလာသူ ကိုးဦးနှင့် အသက်သေဆုံးသူမရှိပေ။ နိုင်ငံအများစုသည် ရောဂါနှင့်ပတ်သက်၍ တင်းတင်းကျပ်ကျပ် ကိုင်တွယ်ကြသည်များသည်။ အကျိုးရလဒ်မှာ ထိုသို့ကိုင်တွယ်သဖြင့် အခြေအနေကောင်းသော နိုင်ငံများလည်းရှိသလို အခြေအနေမကောင်းသေးသော နိုင်ငံများလည်း ရှိသည်။ မြန်မာနိုင်ငံသည် မလျော့မတင်း၊ မပြင်းမည့်ဆောင်ရွက်ခြင်းဖြင့် သင့်တင့်ပေသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံ၏လူဦးရေ၊ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား၊ မြန်မာနိုင်ငံ မြန်မာလူမျိုးများ၏ ဓလေ့စရိုက်၊ မြန်မာလူမျိုးများ၏ ကိုယ်ခံစွမ်းအား၊ မြန်မာလူမျိုးများ၏ လူမှုစီးပွားဘဝအခြေအနေများအရ မလျော့မတင်း စောင်းကြိုးညင်းသကဲ့သို့ မပြင်းမည့်သည့် အသိတရားဖြင့် သတိထားဆင်ခြင် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် လျော်ကန်သင့်မြတ်သည်ဟု ရှုမြင်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှုအခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၅,၃၉၅ | ၅၃,၅၃၂,၇၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၂,၉၄၇ | ၁၁,၀၅၆,၄၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၅ | ၄၀,၅၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁၆ | ၃၆၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၉၈ | ၂၆၉,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၄

ရန်ကုန်(ရွှေဈေး) ၁၁၇၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၇၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၁၀/၄၅၅ ကျပ် | ၄၄၀/၄၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၂၀/၄၄၅ ကျပ် | ၄၈၅/၅၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၂၉၀/၃၁၀ ကျပ် | ၃၃၀/၃၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၀/၄၆၅ ကျပ် | ၄၅၅/၄၈၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၃၇၀/၃၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၃၈၀/၃၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၂၉၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၁.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၃.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၃၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၂၁၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၁၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၈.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၉.၂၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၂.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၄၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၄**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၏ လက်ရှိအခြေအနေ၊ ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ပံ့ပိုးကူညီပေးနိုင်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

### ပါဝင်ဆွေးနွေး

ညှိနှိုင်းအစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ပူးပေါင်းဆောင်ရွက်နေသည့် ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီအဖွဲ့ဝင်များ၊ ချင်းတိုက်ပွဲရှောင်ပြည်သူများ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီအဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသည့် တိုက်ပွဲရှောင်ပြည်သူများမှာ ပလက်ဝမြို့နယ်အတွင်းသာမက ရန်ကုန်မြို့နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း ရှိနေပါကြောင်း၊ တိုက်ပွဲရှောင်များအတွက် လတ်တလော၊ ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရ၊ မိမိတို့ဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် တိုက်ပွဲရှောင်များအတွက် ပူးပေါင်းဆောင်ရွက်နေသည့်အဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ပါက ပိုမိုထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လတ်တလောဆောင်ရွက်ရမည့် အရေးပေါ်ကိစ္စတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကိုလည်း ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိသည့် ပြည်နယ်ငါးခုအတွက် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်များအတွက် စားနပ်ရိက္ခာများ ထပ်မံပို့ဆောင်ရေးကိုလည်း ပြည်ထောင်စုအဆင့်မှ ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

### ကူညီပေးကြစေလို

ပြည်နယ်ငါးခုရှိ တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါအတွက် အသိပညာပေးလုပ်ငန်းများကို ထပ်ခါထပ်ခါ ထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ စခန်းများအတွင်း နေထိုင်သူများအား အဝတ်ဖြင့်ချုပ်လုပ်ထားသော ပါးစပ်နှင့် နှာခေါင်းစည်းများ၊ ဆပ်ပြာများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ စခန်းအလိုက်အပူချိန်တိုင်း ကိရိယာများ၊ လက်ဆေးဘေစင်များကိုလည်း ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တယ်လီဖုန်း Operator များမှတစ်ဆင့် SMS ပေးပို့သည့် ပညာပေးညွှန်ကြားချက် အချက် ၁၀ ချက်မှာ အဓိကလိုက်နာရမည့် အချက်များဖြစ်၍ စခန်းနေသူများသိရှိ၍ လိုက်နာဆောင်ရွက်ရေး ကူညီပေးကြစေလိုကြောင်း၊ Hand Speaker များ၊ Loud Speaker များဖြင့် အသိပညာပေးခြင်းကိုလည်း တိုးချဲ့ဆောင်ရွက်နေပါကြောင်း။

### ထောက်ပံ့သွားမည်

တိုက်ပွဲရှောင် ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ပုံမှန်ထောက်ပံ့မှုအပြင် တစ်ကြိမ်အပိုဆောင်း၍ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ အလားတူ မသန်စွမ်းများအတွက်လည်း ထောက်ပံ့ရန် ဆောင်ရွက်နေပါကြောင်း၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွက် ဆောင်ရွက်ရာတွင် ပူးပေါင်းညှိနှိုင်းမှုများဖြင့် အခက်အခဲများကို ကျော်လွှားပြီး ထောက်ပံ့မှုများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး

ထို့နောက် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လက်ရှိဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် ဖြည့်ဆည်းပေးရန် တင်ပြချက်များဖြစ်သည့် ပလက်ဝ၊ ဆမီးမြို့နှင့် နီးစပ်ရာကျေးရွာများရှိ တိုက်ပွဲရှောင်များအတွက် စားနပ်ရိက္ခာများရရှိနိုင်ရေး၊ ထိခိုက်ပျက်စီးမှုများပြားခဲ့သည့်ကျေးရွာကိုးရွာအတွက် အဆောက်အအုံများပျက်စီးမှုအတွက်ပံ့ပိုးနိုင်ရေး၊ တိုက်ပွဲကြောင့် ထိခိုက်ဒဏ်ရာရသူများအား ပို့ဆောင်မည့် လူနာတင်ယာဉ်နှင့် အုပ်ချုပ်မှုယာဉ်ရရှိရေး၊ ပလက်ဝနှင့် ဆမီးမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရရှိစေရေး၊ မူလနေရပ်တွင် ပြန်လည်အခြေချရန်ခက်ခဲသည့် ဝေးလံသောအရပ်မှ အိမ်ထောင်စုများအတွက် ပလက်ဝမြို့နှင့် ဆမီးမြို့များတွင် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးရေး၊ တိုက်ပွဲရှောင်များနှင့် ပလက်ဝဒေသခံများအတွက် မိုးတွင်းကာလအတွင်း စားနပ်ရိက္ခာအခက်အခဲနည်းပါးစေရန် ကြိုတင်စီစဉ်ဆောင်ရွက်ရေး၊ မတူပီ-ဆမီး-ပလက်ဝလမ်းကြောင်းအား မိုးတွင်းကာလ သွားလာနိုင်စေရန် ဆောင်ရွက်ပေးရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် ပစ္စည်းများဖြည့်ဆည်းပေးရေးတို့ကို တင်ပြကြရာ တိုက်ပွဲရှောင်များအတွက် လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး ပြည်နယ်အစိုးရက စိစစ်တင်ပြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ညှိနှိုင်း၍ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ချင်းပြည်နယ်အတွင်း ရောင်းဝယ်ရေးသမဝါယမအသင်းများက ကုန်စည်များဖြန့်ဖြူးရောင်းချ

**နေပြည်တော် မေ ၄**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း ချင်းပြည်နယ်အတွင်း သမဝါယမအသင်းများအနက် အရောင်းဆိုင်လုပ်ငန်းဆောင်ရွက်သည့် ဖလမ်းမြို့နယ်ရှိ စံပြရောင်းဝယ်ရေး သမဝါယမအသင်း၊ မြို့မရောင်းဝယ်ရေး သမဝါယမအသင်း၊ ဖလမ်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့သည် အသင်းသား ပြည်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေးအတွက် အခြေခံစားသောက်ကုန်များ၊ ရုံးသုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဈေးနှုန်းတိုးမြှင့်ခြင်းမပြုဘဲ ပုံမှန်ဈေးနှုန်းဖြင့်သာ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တက္ကသိုလ်တွင် ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာသင်တန်းကို အွန်လိုင်းစနစ်ဖြင့် ပို့ချ

**ရန်ကုန် မေ ၄**

အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနနှင့် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတို့ပူးပေါင်း၍ တက္ကသိုလ် ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာသင်တန်းကို အွန်လိုင်းစနစ်ဖြင့် မေ ၄ ရက်မှ ၂၉ ရက်အထိ ပထမဆုံးအကြိမ်အဖြစ် ပို့ချလျက်ရှိသည်။

ယင်းသင်တန်းကို တက္ကသိုလ်ဆရာ ဆရာမများ၏ ဘာသာစကားစွမ်းရည်မြှင့်တင်ပေးရန်၊ Presentation များကို ထိရောက်စွာဆောင်ရွက်နိုင်စေရန်၊ Presentation များ၊ Workshop များ၊ Seminar များတွင် ကောင်းမွန်စွာ ပါဝင်ဆွေးနွေးနိုင်စေရန်၊ ဘာသာစကားအသုံးပြု၍ စာသင်ခန်းကို စီမံခန့်ခွဲတတ်စေရန်၊ ဆန်းစစ်နည်းမျိုးစုံဖြင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်ချက်များဖြင့် ပို့ချခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၅ ခုနှစ်နှင့် ယင်းနှစ်နောက်ပိုင်းတွင် ခန့်အပ်သော အင်္ဂလိပ်စာဘာသာရပ်မှ ဆရာ ဆရာမများမှအပ ကျန်ဘာသာရပ် ၂၁ ခုမှ ဆရာ ဆရာမ ၉၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် သင်တန်းသားများကို အခန်း လေးခန်းခွဲပြီး ကျောင်းသားဗဟိုပြု အပြန်အလှန်ဆွေးနွေးသည့်နည်းစနစ်ဖြင့် သင်ကြားပို့ချလျက်ရှိကာ သင်တန်းသားများအား သင်တန်းမစတင်မီ လိုအပ်သောညွှန်ကြားချက်များကို အီးလ်မေးဖြင့် ကြိုတင်ပေးပို့၍ သင်တန်းအကြိုသိသင့်သည်များကို Orientation လေးကြိမ်ခွဲ၍ ပို့ချလျက်ရှိသည်။

သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး Microsoft Teams Application ကိုအသုံးပြု၍ သင်ကြားပို့ချခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းသားများသည် နေ့စဉ် (တနင်္လာနေ့မှ သောကြာနေ့အထိ) တစ်နေ့လျှင် သုံးနာရီကြာ အွန်လိုင်းစာသင်ခန်းတွင် အခြားသင်တန်းသားများနှင့်အတူ ပူးပေါင်း လေ့လာသင်ယူခွင့်ရှိပြီး နှစ်ဦးတွဲ၊ အဖွဲ့လိုက် လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ ဆွေးနွေးခြင်း၊ မေးခွန်းများဖြေဆိုခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ကာ အခြားအွန်လိုင်းတွင်ရနိုင်သော Digital Resources ကို အသုံးပြုပြီး မိမိကိုယ်တိုင် လေ့ကျင့်မှုများကိုလည်း ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သင်တန်းကို အောင်မြင်ပြီးမြောက်ပြီး လိုအပ်သောအရည်အချင်းပြည့်မီသည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်မည်ဖြစ်ကြောင်း၊ နောင်တွင် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ အင်္ဂလိပ်စာဆရာ ဆရာမ မဟုတ်သည့် ဆရာ ဆရာမများအတွက် အလားတူ အွန်လိုင်းသင်တန်းများကို ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန်သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၄**

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဧပြီ ၂၈ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၈၂ မြို့နယ်ရှိ နေရာ ၁၆၃ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၂၀၂ ဒသမ ၈ ဂါလန်၊ ရေ ၇၂၁၆၈ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ဧပြီ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက်ရှိ မြဝတီဘဏ်လီမိတက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဧပြီ ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် အထက(မြေလင်း) အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဧပြီ ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အထက(တပ်နယ်မြေ) အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




ဧပြီ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်ရှိ ဟသ်ာကုန်းဘုရားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဧပြီ ၂၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တဂူဈေးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဧပြီ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရွှေပြည်ရန်လုံရပ်ကွက်ရှိ ဦးသိန်းအောင် နို့ဆီချက်စက်ရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဧပြီ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဧပြီ ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရွှေဘိုတက္ကသိုလ် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*



## မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့် မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ကူညီဆောင်ရွက်**

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်က Moderator အဖြစ်ဆောင်ရွက်ပြီး ပြည်ကြီးတံခွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်က မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးလုပ်ငန်းများတွင် စီမံဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနှင်းဇော်သိန်းက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ မြို့နယ်လူမှုကူညီရေးအသင်းချုပ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လူမှုကူညီရေးအသင်းများအနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း အသီးသီး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

### ကျောဖုံးမှ

မေ ၄ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် အထူးဒေသ(၄) နမ့်ပန်းဒေသနှင့် မိုင်းယုမြို့ ဧရိယာအစပ်သို့ မော်တော်ယာဉ် အစီး၂၀ ဖြင့် လာရောက်ပို့ဆောင်ခဲ့သည်။

**လူဦးရေစစ်ဆေး**

နေရပ်ပြန်သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်ရဲမှူးကြီး ရဲနောင်၊ ခရိုင်လဝကမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့က ကျန်းမာရေးစစ်ဆေးခြင်း၊ လူဦးရေစစ်ဆေးခြင်းများ စိစစ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ပို့ဆောင်ပေးနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပြီးနောက် ဆောင်ရန်၊ ရှောင်ရန်များမှာကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မျိုးမြင့်ဦး ဦးစီးသော တပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ခြင်းများ ပြုလုပ်ပြီး မွန်းလွဲ ၂ နာရီတွင် မိုင်းယုမှ ကျိုင်းတုံသို့ မော်တော်ယာဉ် ၂၃ စီးဖြင့် ပို့ဆောင်ပေးခဲ့သည်။

မိုင်းယောင်းမြို့အရောက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသုနောင်မိုးလှိုင်နှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မျိုးဆက်သစ်ရောင်နီ ပရဟိတလူမှုကူညီရေးအသင်းနှင့် ဒေသခံပြည်သူများက နေရပ်ပြန်မြန်မာနိုင်ငံသားများအား ထမင်းထုပ်နှင့် သောက်ရေများ ပေးဝေခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး သာစည်မြို့အဝင်နေရာများ၌ ကျန်းမာရေးစစ်ဆေး

**သာစည် မေ ၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မြို့အဝင်နေရာများတွင် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို နေ့စဉ် ၂၄ နာရီပတ်လုံး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရယူဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မြို့တွင်းဝင်ရောက်မည့်သူများ၊ ဖြတ်သန်းသွားမည့်သူများအား ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းတပ်ဆင်ပေးခြင်း၊ လိုအပ်သောအချက်အလက်များ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ထွက်ခွာလာရာဒေသ၊ သွားရောက်မည့် နေရပ်လိပ်စာ၊ ရောက်ရှိသည့်ရက်စွဲအချိန်များ စသည်ဖြင့် လိုအပ်သော အချက်အလက်များကို ရယူဆောင်ရွက်လျက်ရှိသည်။

**သုံးနေရာ ဆောင်ရွက်**

ထိုသို့ ကျန်းမာရေးစစ်ဆေးခြင်းကို မိတ္ထီလာ-တောင်ကြီးလမ်းနှင့် ပျော်ဘွယ်လမ်းဆုံ ဘုရားငါးဆူကျေးရွာ၊ မြို့အနောက်ဘက်အဝင်နှင့် မြို့အရှေ့ဘက်အဝင် သုံးနေရာတို့တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း


၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၆၁) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကာလဒါနအလှူ



**မောင်စာဂ**

> ❖ **ကာလဒါနငါးပါးဟူသည် ဧည့်သည် အာဂန္တု အား လှူဒါန်းခြင်း၊ ခရီးသွားပုဂ္ဂိုလ်များအား လှူဒါန်းခြင်း၊ မကျန်းမာသော ရောဂါရှိသူများအား လှူဒါန်းခြင်း၊ အစားအသောက် ချို့တဲ့ခေါင်းပါးသောအခါ၌ လှူဒါန်းခြင်း၊ မိမိလုပ်ကိုင်သော ကောက်ဦး၊ သစ်ဦးတို့ကို သီလဝန္တရဟန်းတော်တို့အား လှူဒါန်းခြင်းတို့ဖြစ်**

> ❖ **ယခုကမ္ဘာတစ်ဝန်း ကပ်ရောဂါဆိုးကြီး ကျရောက်သည့်အချိန်၌ လူသားတို့၏ အသက်အန္တရာယ်ကို ကယ်တင်စောင့်ရှောက်ရန် ကာကွယ်၊ ထိန်းချုပ်၊ ကုသလျက်ရှိရာတွင် ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုနှင့် လုပ်အားဒါနများ ပါဝင်လှူဒါန်းလျက်ရှိကြခြင်းသည် များစွာမွန်မြတ်သည့် ကာလဒါန အလှူပင်ဖြစ်**

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်လျက်ရှိသည့် ကိုဗစ် -၁၉ ကပ်ရောဂါဘေးဆိုးကြီး ကြုံတွေ့နေရသည့်အချိန်တွင် ရောဂါကျရောက်လျက်ရှိသည့် နိုင်ငံအချင်းချင်း ရိုင်းပင်းကူညီမှုများ၊ ငွေကြေးထောက်ပံ့မှုများနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးပစ္စည်းများ ပေးပို့လှူဒါန်းမှုများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ကူညီစောင့်ရှောက်မှုများ ပြုလျက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများကို အစီအစဉ်တကျ စီမံဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်နှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ကျန်းမာရေးကုသ စောင့်ရှောက်မှုနှင့် ဆေးဝါးပစ္စည်းနှင့် စားနပ်ရိက္ခာ အပါအဝင် လုပ်အားဒါနများ ပါဝင်လှူဒါန်းလျက်ရှိကြသည်။ မိမိနိုင်ငံအတွင်းသာမက ရောဂါဒဏ်ခံရသည့် ပြည်ပနိုင်ငံများသို့လည်း ပေးပို့လှူဒါန်းလျက်ရှိသည်ကို တွေ့ရှိရသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို ကမ္ဘာသူ ကမ္ဘာသားအားလုံး၏ မေတ္တာအား၊ ကရုဏာအားတို့ဖြင့် တွန်းလှန်လျက်ရှိရာတွင် ဘာသာအယူဝါဒ၊ အမျိုးဇာတ်နှင့် လူတန်းစားမခွဲခြား၊ ဆင်းရဲချမ်းသာမရွေး လူသားချင်းစာနာစိတ်နှင့် တတ်စွမ်းသမျှ ဖေးမကူညီ ကယ်တင်လျက်ရှိကြသည်။ လူသားတို့၏ အရင်းခံပင်ကိုအသိစိတ်ဖြစ်သော မေတ္တာနှင့် ကရုဏာ အရင်းခံသည့် စာဂတရားဖြင့် ပေးကမ်းလှူဒါန်းမှု ပြုနေကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ပေါ်ထွန်းလာမည့် ကာလဒါနပေးလှူနေကြခြင်းအပေါ် မုဒိတာပြုမျှဝေပါရစေ။

**စာဂတရားဖြင့် ပြည့်ဝသည့်ကာလဒါနအလှူ**

ဒါနဟူသည်ကား ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ ဝေငှခြင်း၊ မျှဝေခြင်း၊ ဖြည့်စွက်ခြင်း၊ ချီးမြှောက်ထောက်ပံ့ခြင်း၊ ကူညီခြင်း၊ လှူဒါန်းဆက်ကပ်ခြင်း စသည့်အမှုများကို ပြုလုပ်လိုသော စေတနာကိုလည်းကောင်း၊ ပေးကမ်းအပ်၊ စွန့်ကြဲအပ်သောပစ္စည်းဝတ္ထုများကိုလည်းကောင်း ဒါနဟုခေါ်ဆိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မည်သည့်ဘာသာအယူဝါဒ၊ မည်သည့်လူ့ဘောင်လောက အပိုင်းအခြား၌မဆို ပေးကမ်းလှူဒါန်းမှုပြုကြလေ့ရှိသည်။ မိမိအတွက်လောကီအကျိုးစီးပွားကိုမမျှော်ဘဲ အများအသက်ချမ်းသာရာ ရကြပါစေဟူသော ကိုယ်ချင်းစာစိတ်ဖြင့် မိမိပိုင် ပစ္စည်းဥစ္စာ၊ ဓနငွေကြေးတို့ကို စွန့်လွှတ်လှူဒါန်းပေးကမ်းခြင်းသည် သာမန်ဒါနအလှူပြုသည်ထက် သာလွန်မွန်မြတ်သည့် ကောင်းမှုကုသိုလ် စာဂအမှုပြုခြင်းဖြစ်သည်ဟု ဆိုနိုင်ပါမည်။

ဤသို့ပြုသည့် ပေးကမ်းလှူဒါန်းခြင်း ဒါနအမှုပြုကြရာတွင် ကာလဒါန ငါးပါးအကြောင်း ဖော်ပြလိုသည်။ ကာလဒါန ငါးပါးဟူသည် ဧည့်သည် အာဂန္တုအား လှူဒါန်းခြင်း၊ ခရီးသွားပုဂ္ဂိုလ်များအား လှူဒါန်းခြင်း၊ မကျန်းမာသော ရောဂါရှိသူများအား လှူဒါန်းခြင်း၊ အစားအသောက် ချို့တဲ့ခေါင်းပါးသောအခါ၌ လှူဒါန်းခြင်း၊ မိမိလုပ်ကိုင်သော ကောက်ဦး၊ သစ်ဦးတို့ကို သီလဝန္တရဟန်းတော်တို့အား လှူဒါန်းခြင်းတို့ဖြစ်သည်။

ယခုကမ္ဘာတစ်ဝန်း ကပ်ရောဂါဆိုးကြီး ကျရောက်သည့်အချိန်၌ လူသားတို့၏ အသက်အန္တရာယ်ကို ကယ်တင်စောင့်ရှောက်ရန် ကာကွယ်၊ ထိန်းချုပ်၊ ကုသလျက်ရှိရာတွင် ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုနှင့် လုပ်အားဒါနများ ပါဝင်လှူဒါန်းလျက်ရှိကြခြင်းသည် များစွာမွန်မြတ်သည့် ကာလဒါနအလှူပင်ဖြစ်သည်။

**နိုင်ငံတော်နှင့်ပြည်သူ အားလုံးပါဝင်လက်တွဲကူ**

ကမ္ဘာတစ်ဝန်း ကပ်ရောဂါကြောင့် နေ့စဉ်နှင့်အမျှ ရောဂါကူးစက်လူနာနှင့် သေဆုံးသူအရေအတွက် တိုးလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း အခြားပတ်ဝန်းကျင်နိုင်ငံအချို့လောက် မဆိုးစေကာမူ ပိုးတွေ့လူနာဦးရေနှင့် သေဆုံးသူအနည်းငယ်ရှိနေသည်။ ဤရောဂါဆိုးကြီး မကူးစက်မပြန့်ပွားစေရန် ကာကွယ်၊ ထိန်းချုပ်မှုများနှင့် အသက်အန္တရာယ်မဆုံးရှုံးကြစေရန် ကုသမှုများ အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်စပ်လျဉ်း၍ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အမျိုးသားအဆင့်သတ်မှတ်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ကူးစက်ပျံ့နှံ့သည့် ကပ်ရောဂါဆိုးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တာဝန်ကိုယ်စီရှိကြသည့်အတွက် ပြည်သူအားလုံး အတူတကွ စည်းလုံးညီညွတ်စွာဖြင့် တုံ့ပြန်ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရမှုကြောင့် -

- ရောဂါကူးစက်ခံနေရသူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေရသည်။
- ရောဂါကူးစက်ခံရနိုင်ရန် အလားအလာရှိသူများကို ကျန်းမာရေး ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရသည်။
- ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် ကာကွယ်မှုများ ပြုလုပ်ပေးနေရသည်။
- အရောင်းအဝယ်၊ အသွားအလာများအတွက် ထိန်းချုပ်မှုများ ပြုလုပ်ပေးနေရသည်။
- ပြည်ပမှပြန်လည်ဝင်ရောက်လာသူများ အစစအရာရာ အဆင်ပြေစေရန် ဆောင်ရွက်ပေးနေရသည်။
- စက်ရုံ၊ အလုပ်ရုံများပိတ်ထားရသည့် အခြေအနေဖြစ်နေသည်။ အလုပ်ရှင်၊ အလုပ်သမားအားလုံး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးနေရသည်။
- အခြေခံလက်လုပ်လက်စားပြည်သူများ၊ အလုပ်အကိုင်မရှိ၊ ဝင်ငွေမရှိ၊ အစားအသောက်ချို့တဲ့ ဆင်းရဲကြသူများကို စားနပ်ရိက္ခာဝေငှပေးနေရသည်။

ဤကဲ့သို့သော အချိန်ကာလနှင့် အခြေအနေတွင် လူသားချင်းကိုယ်ချင်းစာနာတတ်သော၊ အများအတွက် ကိုယ်ကျိုးမငဲ့၊ အသက်ကိုပင် စွန့်လွှတ်ခဲ့သော၊ မိမိအကျိုးမမျှော်ကိုးဘဲ မိမိပိုင် ဥစ္စာပစ္စည်းတို့ကို စွန့်ကြဲပေးကမ်းလှူဒါန်းတတ်ကြသော မြန်မာတို့၏သဒ္ဓါ၊ မြန်မာတို့၏ စိတ်ရင်း စေတနာတို့ဖြင့် ကုသိုလ်အမှုပြုကြလျက်ရှိသည်။

- ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည့် နှာခေါင်းစည်း၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံမှစ၍ဆေးရုံသုံးစက်ပစ္စည်းများ ပေးလှူနေကြသည်။
- ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်စသည့် စားနပ်ရိက္ခာများ လှူဒါန်းပေးကမ်း မျှဝေနေကြသည်။
- ပရဟိတအဖွဲ့အစည်းများက စေတနာလုပ်အားဒါနများ အားသွန်ခွန်စိုက် လှူဒါန်းနေကြသည်။
- ကုန်ပစ္စည်းရောင်းချနေသူများက သက်သာသော လျှော့ပေါ့ဈေးနှုန်းများဖြင့် ရောင်းချပေးနေကြသည်။
- တစ်ယောက်ချင်းစီ၊ တစ်ဖွဲ့ချင်းစီက လူကိုယ်တိုင်ပူးပေါင်း၍ဖြစ်စေ၊ စိတ်ချင်းပူးပေါင်း၍ ဖြစ်စေ ပါဝင်ဆောင်ရွက်ရင်း ကုသိုလ်ဒါနတွေ ပြုပေးနေကြသည်။
- ရောဂါကူးစက်ခံရသည်ကို သိရှိရသူများက အခြားသူများအား မကူးစက်နိုင်စေရန် တာဝန်သိစိတ်ဖြင့် ဆေးရုံဆေးခန်းသို့ သွားရောက်ပြသခြင်းဖြင့် ကောင်းမှုကုသိုလ်များ ယူနေကြသည်။
- ရောဂါကူးစက်ခံနေရသည်ကို တွေ့ရှိသိမြင်သူတစ်ဦးက အခြားသူများအား ရောဂါမပြန့်နိုင်စေရေးအတွက် ကောင်းမြတ်သော စိတ်ထားဖြင့် သက်ဆိုင်ရာသို့ သတင်းပေးကူညီခြင်းဖြင့် ကောင်းမှုကုသိုလ်များ ယူနေကြသည်။
- ဆရာဝန်၊ သူနာပြုမှအစ ကျန်းမာရေးဝန်ထမ်းအသီးသီးသည် မိမိတို့အား ရောဂါကူးစက်မည်ကို မငဲ့ကွက်ဘဲ တာဝန်သိစိတ်ထက်ပိုလွန်၍ ဖွဲ့လုံ့လအပြည့်ဖြင့် နေရောညပါ အပင်ပန်း၊ အဆင်းရဲခံ၍ အစွမ်းကုန် ကြိုးပမ်းကုသ စောင့်ရှောက်ပေးနေကြသည်။

ယခုကဲ့သို့ ကုသိုလ်ကောင်းမှုများ ပြုလုပ်နေကြသည့် ဒါနအလှူသည် လိုအပ်သည့်အချိန်ကာလတွင် လိုအပ်သည်တို့ကိုလှူဒါန်းရသော ကာလဒါနအလှူဖြစ်သည်။ မကျန်းမမာရောဂါစွဲကပ်နေသူတို့အား လှူရသည်။ ရောဂါကူးစက်ခံရနိုင်သည့်သူများအတွက် လှူရသည်။ ရောဂါမကူးစက်နိုင်အောင် ကာကွယ်တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် လှူရသည်။ ပြည်ပမှပြည်တွင်း၊ ပြည်တွင်းမှ မိမိတို့၏အရပ်ဒေသများသို့ ချောမောစွာ ခရီးသွားလာနိုင်ရေးလှူရသည်။ အစားအသောက် ချို့တဲ့ရှားပါးနေသူတို့အား လှူရသည်။ အမှန်မွန်မြတ်လှသည့် ကာလဒါနအလှူကြီးဖြစ်သည်။

**ဇီဝိတဒါနအသက်ကယ်သည့်အလှူမှာ အားလုံးပါဝင်ကြပါ**

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ စတင်ဖြစ်ပွားစဉ်က ယင်းမြို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို နိုင်ငံတော်မှ အထူးလေယာဉ်ဖြင့် သွားရောက်ခေါ်ယူပြီး မန္တလေးမြို့ ကန်တော်နဒီဆေးရုံတွင် ကြည့်ရှုစောင့်ရှောက်ပေးခဲ့သည်ကို သတိပြုမိသည်။ အလားတူ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မြန်မာ့လေကြောင်းမှ အထူးလေယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံအသီးသီးမှ ရောက်ရှိလာကြသူများအား ကူးစက်ရောဂါ ကာကွယ်စောင့်ကြည့်ရေးစခန်းများဖွင့်၍ ကာကွယ်၊ ထိန်းချုပ်မှုပြုနိုင်ရန် နေထိုင်စားသောက်ရေးမှအစ အစစအရာရာကို စီစဉ်ဆောင်ရွက်စောင့်ရှောက်မှုပြုပေးကြသည့် တရားရိပ်သာများ၊ တပ်ရင်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ တည်းခိုနေထိုင်ရေးစခန်းများကိုလည်း များစွာကျေးဇူးတင်ရှိရပါသည်။ ဤသည်တို့ပင်လျှင် ကြုံတောင့်ကြုံခဲပြုခဲလှသည့် ကာလဒါနအလှူ ဖြစ်ပါသည်။ ထို့ထက်မက အသက်အန္တရာယ်စိုးရိမ်နေရသည်မှ ကယ်ဆယ်စောင့်ရှောက်ရာရောက်သဖြင့် ဇီဝိတဒါန အသက်ကယ်သည့်အလှူဟု ဆိုရပါမည်။

**တစ်ယောက်အားဖြင့် အများအတွက်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတော်နှင့် ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များကို ပြည်သူအားလုံး တိတိကျကျလိုက်နာကြရန် အထူးလိုအပ်သည်။ ရောဂါပိုးရှိသူတစ်ဦးမှ တစ်ဆင့် ထိတွေ့သူအသီးသီး၊ ၎င်းတို့မှတစ်ဆင့် ထပ်မံထိတွေ့သူအဆင့်ဆင့်သို့ ကူးစက်ပြန့်ပွားနိုင်သည်ကို အသိရှိကြရပါမည်။ မဖြစ်မနေ အပြင်ထွက်ကြရသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်ကြရသူများအနေဖြင့် နှာခေါင်းစည်းများ အသုံးပြုခြင်း၊ လက်ဆေးခြင်းစသည့် တစ်ကိုယ်ရေကာကွယ်မှုများ လုံခြုံစိတ်ချရအောင် ပြုလုပ်ကြရပါမည်။ အပြင်ထွက်ရန် မလိုအပ်သူများ မိမိအိမ်တွင် ညွှန်ကြားချက်များနှင့်အညီ နေထိုင်ကြရပါမည်။ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် အများအတွက် ကာကွယ်စောင့်ရှောက်ကြရပါမည်။ ယင်းသို့ တစ်ဦးချင်းစီက မိမိကိုယ်နှင့်စိတ်ကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းသည်ပင်လျှင် မိမိအတွက်ရော အများအတွက်ပါ ကုသိုလ်ကောင်းမှုပြုနေခြင်းဖြစ်သည်။

ကမ္ဘာမြေပြင်တွင် မကြုံစဖူးကြုံတွေ့ကြရသည့် ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို မြန်မာပြည်သူပြည်သားများအပါအဝင် ကမ္ဘာသူ ကမ္ဘာသားအားလုံးက ကိုယ်စီ တွန်းလှန်တိုက်ထုတ်နေကြသည်။ ဤကပ်ရောဂါတိုက်ပွဲကြီးကို မေတ္တာ၊ ကရုဏာအရင်းခံသည့် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတည်းဟူသော ယုံကြည်မှု၊ ကိုယ်ကျင့်သိက္ခာ၊ ပညာဉာဏ်နှင့် စာနာထောက်ထား စွန့်ကြဲပေးကမ်းခြင်းဖြင့် သူတော်ကောင်းတရား လက်ကိုင်ထားပြီး ရင်ဆိုင်ကျော်လွှားနိုင်ကြရပါမည်။ ဤကပ်ရောဂါဆိုးကြီး လျင်မြန်စွာ ကင်းစင်ပပျောက်ရေးနှင့်အတူ ကမ္ဘာသူကမ္ဘာသား၊ မြန်မာပြည်သူပြည်သားများ၏ အသက်ရှင်နေထိုင်ရေး၊ စားဝတ်နေရေး၊ ဘဝလုံခြုံရေးမှသည် အေးချမ်းသာယာသော လူ့ဘောင်လောက ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရပါဦးမည်။

၁၃၈၂ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ မိန့်ကြားသော နှစ်ဦးဩဝါဒမှ ထပ်ဆင့်ကောက်နုတ် ဖော်ညွှန်းလိုက်ပါရစေ-

"ကမ္ဘာ့ကပ်ဆိုးလွှမ်းမိုးနေချိန်တွင် မြန်မာလူမျိုးတို့၏ ရင်တွင်းဖြစ်ပေါ်လာသည့် ပရဟိတ မေတ္တာ၊ ပရဟိတစေတနာများသည်မီးပုံကြီးထဲကပွင့်လာသည့် ပဒုမ္မာကြာပန်းကြီးသဖွယ် ကမ္ဘာ့အလယ်မှာ မြတ်နိုးဖွယ် ကောင်းလှပါသည်။ မြန်မာနိုင်ငံ ရဟန်းရှင်လူပြည်သူအားလုံး၏ မေတ္တာစွမ်းအား၊ ကုသိုလ်စေတနာစွမ်းအား၊ စည်းလုံးညီညွတ်သော ကာယသာမဂ္ဂီ (လူကိုယ်တိုင် ပါဝင်ပေါင်းစည်းမှု)၊ စိတ္တသာမဂ္ဂီ (စိတ်ချင်းပေါင်းစည်းမှု) စွမ်းအားတို့ဖြင့် အခက်အခဲဟူသမျှ အနိုင်ယူကျော်လွှားနိုင်အောင် ကြိုးစားကြပါ။"

"၁၃၈၂ ခုနှစ် မြန်မာနှစ်သစ်ကူးကာလမှစ၍ ဘေးဆိုးရန်ဆိုး ကပ်အမျိုးမျိုးမှကင်းလွတ်ကြပါစေ၊ သက်ရှည်ကျန်းမာစိတ်ချမ်းသာ လိုအင်ဆန္ဒပြည့်ကြပါစေ"။ ။

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၀၂၅ | ၁၆၁ |
| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
| ၄၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၃၃၆၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၂၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| စုစုပေါင်း | | ၁၆၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၄-၅-၂၀၂၀ ရက်၊ ည(၈)နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၁၉၁၈၄၉ | ၁၇၈၆၇၁ | ၆၀၇၀၂ |
| စပိန် | ၂၄၈၃၀၁ | ၁၅၁၆၃၃ | ၂၅၄၂၈ |
| အီတလီ | ၂၁၀၇၁၇ | ၈၁၆၅၄ | ၂၈၈၈၄ |
| ဗြိတိန် | ၁၈၆၅၉၉ | စိစစ်ဆဲ | ၂၈၄၄၆ |
| ပြင်သစ် | ၁၆၈၆၉၃ | ၅၀၇၈၄ | ၂၄၈၉၅ |
| ဂျာမနီ | ၁၆၅၇၄၅ | ၁၃၂၇၀၀ | ၆၈၆၆ |
| ရုရှား | ၁၄၅၂၆၈ | ၁၈၀၉၅ | ၁၃၅၆ |
| တူရကီ | ၁၂၆၀၄၅ | ၆၃၁၅၁ | ၃၃၉၇ |
| ဘရာဇီး | ၁၀၁၈၂၆ | ၄၂၉၁၁ | ၇၀၅၁ |
| အီရန် | ၉၈၆၄၇ | ၉၇၃၇၉ | ၆၂၇၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၁၈၇၇၈ | ၁၄၀၈ | ၁၈ |
| အင်ဒိုနီးရှား | ၁၁၅၈၇ | ၁၉၅၄ | ၈၆၄ |
| ဖိလစ်ပိုင် | ၉၄၈၅ | ၁၃၁၅ | ၆၂၃ |
| မလေးရှား | ၆၃၅၃ | ၄၄၈၄ | ၁၀၅ |
| ထိုင်း | ၂၉၈၇ | ၂၇၄၀ | ၅၄ |
| ဗီယက်နမ် | ၂၇၁ | ၂၁၉ | ၀ |
| မြန်မာ | ၁၆၁ | ၄၉ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၃၀ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

# ကမ္ဘာ့ရွှေဈေးမြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေး ကျပ် ၁၁ သိန်းကျော် ဝန်းကျင်သာရှိ

**ရန်ကုန် မေ ၄**

ကမ္ဘာ့ရွှေဈေးမြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေး ကျပ် ၁၁၈၀၀၀၀ ဝန်းကျင်သာရှိကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က မေ ၄ ရက်တွင် ပြောကြားသည်။

"ပြီးခဲ့တဲ့ ဧပြီလမှာဆိုရင် မြန်မာ့ရွှေဈေးက ကမ္ဘာ့ရွှေဈေးနဲ့ တွက်ရင် ၁၃ သိန်းဝန်းကျင်မှာ ရှိနေတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ၁၁၆၀၀၀၀ နဲ့ ၁၁၇၀၀၀၀ ပဲရှိတယ်" ဟု ဦးအုန်းမြိုင်က ပြောသည်။

ပြည်တွင်းရွှေဈေး အတက်အကျသည် ကမ္ဘာ့ရွှေဈေးအတက်အကျပေါ်တွင် မူတည်သော်လည်း လက်ရှိ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ ကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၈၀၀၀၀ သာရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင်မူ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၀၀၀၀၀ ကျော်အထိ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ချိန်တွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ကျော်အထိသာ ရှိခဲ့သည်။

လက်ရှိ အရောင်းအဝယ်မှာလည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရန်ကုန်၊ မန္တလေးရွှေဈေးကွက်ကို ပိတ်ထားပြီး ရွှေဆိုင်အချို့က အကျပ်အတည်းဖြစ်နေသည့် ရွှေရောင်းမည့်သူများ၏ အခက်အခဲကို ကူညီရန် အဝယ်လက်ခံနေသည်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"တရားဝင်တော့ မဖွင့်သေးဘူး။ သို့သော်လည်း လိုသူရောင်း လိုသူဝယ်ပေါ့။ အဲလိုမျိုးတွေတော့ ဖုန်းဆက်ပြီးတော့ ငွေပိုတဲ့လူနဲ့၊ ငွေလိုတဲ့လူနဲ့ နည်းနည်းရောင်းတာဝယ်တာလေးတော့ ဖြစ်တယ်။ ဒါပေမယ့် တရားဝင်တော့ မဖွင့်သေးဘူး" ဟု ဦးအုန်းမြိုင်က ပြောသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်တင်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်ခဲ့ရာ၂၀၁၉ ခုနှစ်စ ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အတွင်း ကျပ် ၁၀၀၀၀၀၀ ကျော်၊ ဇွန် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အတွင်း ၁၁၀၀၀၀၀ ကျော်၊ ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ၁၂၀၀၀၀၀ ကျော်အထိ စံချိန်သစ်များ အသီးသီးဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက်ကျော်လွန်၍ ကျပ် ၁၃၀၀၀၀၀ ကျော်အထိ ဖြစ်ပေါ်ခဲ့သဖြင့် သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန် ဖြစ်ခဲ့သည်။

ပြီးခဲ့သည့် သုံးလက ရွှေဈေးကို ပြန်ကြည့်မည်ဆိုလျှင် ဖေဖော်ဝါရီလတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၂၁၄၁၀၀ (ဖေဖော်ဝါရီ ၅ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၂၃၄၂၀၀ (ဖေဖော်ဝါရီ ၂၈ ရက်)၊ မတ်လတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၁၄၈၀၀၀ (မတ် ၃၁ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၂၁၈၆၀၀ (မတ် ၄ ရက်)၊ ဧပြီလတွင်မူ ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်းရွှေဈေးကွက်ပိတ်ထားကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

**ငြိမ်းငြိမ်း**

# သထုံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသတိပြုကာကွယ်နိုင်ရန် လှည့်လည်သရုပ်ပြဖျော်ဖြေခြင်း ပညာပေးလှုပ်ရှားမှုကို နှစ်ပတ်ကြာ နေ့စဉ်ပူးပေါင်းပြုလုပ်သွားမည်

**သထုံ မေ ၄**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကြက်ခြေနီ မောင်မယ်များက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ပညာပေး တေးသီချင်းများဖြင့် သရုပ်ပြဖျော်ဖြေခြင်း ပညာပေးလှုပ်ရှားမှုကို လူစည်ကားရာနေရာများ၌ ယနေ့မှစတင်ကာ နှစ်ပတ်ကြာ နေ့စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်းခွဲမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု သတိပြုကာကွယ်နိုင်ရန် လှုံ့ဆော်ရေးအစီအစဉ်အဖြစ် သရုပ်ပြလိုက်လံဖျော်ဖြေခြင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးမိုးကျော်သူက ပြောသည်။

"အရင်ကတော့ ကြောက်ကြတယ်။ လက်ရှိအချိန်မှာတော့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်လို့ ပေါ့ပေါ့ဆဆ ဖြစ်လာတာတွေကို တွေ့နေရတယ်။ ဒါကြောင့် တစ်ကျော့ပြန် ပညာပေးလှုပ်ရှားမှုကို အရှိန်မြှင့်တင်လုပ်ဆောင်တာပါ" ဟု ဦးမိုးကျော်သူက ပြောသည်။

သထုံမြို့နယ်အတွင်းရှိ ဈေးများ၊ ခရိုင်ပြည်သူ့ဆေးရုံနှင့် ရပ်ကွက်/ကျေးရွာတို့ရှိ လူများအသုံးပြုရာ လမ်းများ၊ သွားလာလှုပ်ရှားမှုရှိရာနေရာများအပြင် သတ်မှတ်ထားသည့် ကန့်သတ်စောင့်ကြည့်ရေးစခန်း သုံးခု၌ နေရပ်ပြန်ပြည်သူများ ရောက်ရှိလာပါက သွားရောက်ပညာပေးဖျော်ဖြေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



သထုံမြို့နယ် ကြက်ခြေနီအသင်းခွဲ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ရေးကာလ၌ မြို့တွင်းနေရာအနှံ့ ပိုးသတ်ဆေးဖျန်းခြင်း၊ နှာခေါင်းစည်းများ၊ လက်ကမ်းစာစောင်များ အခမဲ့ဝေငှခြင်း၊ ကန့်သတ်စောင့်ကြည့်ရေး စခန်းများ၌ စေတနာ့ဝန်ထမ်းအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာပေးဆွေးနွေးခြင်းတို့ကို ဒေသတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပရဟိတ လူမှုကူညီရေးအဖွဲ့အစည်းများနှင့်အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၇ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၂၄)တွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၂၄)၊ အောင်မင်္ဂလာလမ်းပေါ်၌ စီတာပူ-ကောင်ရာရပ်ကွက်နေ ဆိုင်းအောင်(၂၅)နှစ်၊ (ဘ)ဦးလဆမ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား)မယ(ပ) ၆၂/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ရပ်ကွက်နေ နေဝင်း(၅၉)နှစ်၊ (ဘ)ဦးချစ်ဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား)မယ (ပ) ၆၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင် ကျေးရွာသွား လမ်းပေါ်၌ မူးယစ်ဆေးဝါးသုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁-၅-၂၀၂၀ ရက်နေ့တွင် မုဒုံမြို့နယ်၊ အဘစ် ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွားကားလမ်းပေါ်၌ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်နေ ဟန်နိုင်ထွန်း (၂၉)နှစ်၊(ဘ)ဦးအောင်ဇော်သန်းနှင့် တစ်ရပ်ကွက်တည်းနေ သိန်းဇော်(၂၄)နှစ်၊ (ဘ)ဦးကုလား၊ အောင်သူ (၂၉)နှစ်၊ (ဘ)ဦးအောင်ငယ်တို့(၃)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် လည်းကောင်း၊ အလားတူ ၎င်းနေရာ၌ပင် မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်နေ ဘိုရဲ(ခ) ရဲထက်စိုး (၂၄)နှစ်၊ (ဘ) ဦးဉာဏ်လွင်နှင့် တစ်ရပ်ကွက်တည်းနေ အောင်အောင် (၃၂)နှစ်၊ (ဘ)ဦးသိန်းအောင်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၂၂/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ နဝဒေးလမ်းပေါ်၌ သန်လျင်မြို့နယ်၊ လက်ယက်စမ်း ကျေးရွာနေ နေလင်းထွန်း(ခ) နေကြီး (၃၄)နှစ်၊ (ဘ) ဦးအုန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ(ပ)၁၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ အာမွေး သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ အာမွေး(၂၈)နှစ်၊(ဘ)ဦးဘလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်)မယ(ပ) ၂၉/ ၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆ (ဂ)/၂၀ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သတင်းပတ်များ၌ အမှု(၁၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၈)ဦး ၊ မ(၁)ဦး၊ ပေါင်း(၂၉)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများတို့နှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁-၅-၂၀၂၀ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ ငွေအောင်(ခ)လူအန်(၄၁)နှစ်၊ (ဘ) ဦးလီကြည်စန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာWY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး)မယ(ပ)၂၈/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၈၃) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၃၉၅)ဦး၊ မ(၂၇၁)ဦး၊ ပေါင်း (၁၆၆၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၈၉၄၆.၈၅၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၁၅၄၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၅၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၅၃၅၆၆၇)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm






# မွန်မြတ်စိတ်ထား စွန့်စားဝံ့သူများ

**ပွိုင့်ကမ်းခြေနှင့် တစ်မိုင်ကျော်ခန့် ဝေးသော်လည်း ကျောက်ဆောင်များ ပေါများပြီး ကုလားတန်မြစ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ဆုံရာ ပင်လယ်ဝဖြစ်၍ ရေစီးအလွန်ကြမ်းလျက်ရှိသည်။ စစ်တွေမြို့ ပွိုင့်ကမ်းခြေအနီးတွင် ကျောက်ဖြူဘက်မှ မောင်းနှင်လာသော ကျောက်စရစ်တင်ဆောင်သည့် စက်လှေတစ်စင်းသည် ကျောက်ဆောင်နှင့်တိုက်မိ၍ တဖြည်းဖြည်း နစ်မြုပ်စပြုနေပြီဖြစ်သည်။**

**တာရာ**



ယာဉ်မတော်တဆမှုဖြစ်စဉ်များအတွက် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မည့်အစီအစဉ်များ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

နစ်မြုပ်စက်လှေပေါ်တွင် လေးဦး ပါဝင်ပြီး ကျောက်ဆောင်အားမှီလျက် နစ်မြုပ်စက်လှေ၏ အမိုးပေါ်တွင် ရှိနေကြသည်။ ဒီရေတက်သဖြင့် ကျောက်ဆောင်မှာလည်း ရေလွှမ်းတော့မည်ဖြစ်ကြောင်း အကြောင်းကြားချက်အရ စစ်တွေမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် ရွှေပြည်တန်ဆိပ်ကမ်းမှ ညနေ ၅ နာရီ မိနစ် ၂၀ တွင် ထွက်ခွာခဲ့ကြသည်။

ပင်လယ်လှိုင်းထန်ခြင်း၊ လေတိုက်နှုန်း ပြင်းထန်ခြင်းများကြောင့် တစ်ခါတစ်ရံ စက်လှေသည် ရေပေါ်တွင် ခုနစ်ပေ၊ ရှစ်ပေခန့်အထိ မြင့်တက်သွားတတ်ပြီး လေထန်ရေဆန်တွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း အသက်ကို ငဲ့ကွက်မှုမရှိဘဲ မဆုတ်မနစ် ခရီးနှင်ခဲ့သည်။

မည်မျှပင်အခက်အခဲရှိရှိ အချိန်မီ ရောက်အောင်သွားမည်ဖြစ်ကြောင်း ခိုင်မာသည့် ဆုံးဖြတ်ချက်အတိုင်း ခရီးဆက်ခဲ့ပြီး နောက်ဆုံးတွင် နစ်မြုပ်စက်လှေရှိရာနေရာသို့ရောက်ရှိခဲ့သည်။ နစ်မြုပ်စက်လှေသို့ ကပ်မရသဖြင့် အသက်ကယ်ဖောကွင်း ချည်ထားသော ကြိုးအား ပစ်ပေးပြီး တစ်ဦးချင်း ကြိုးအတိုင်း ကူးလာစေကာ လှေပေါ်သို့ ဆွဲတင်၍ ရှေးဦးသူနာပြုနည်းများဖြင့် စနစ်တကျဆောင်ရွက်ခဲ့သည့်အတွက် လေးဦးလုံး အသက်ရှင်လျက် လှေပေါ်သို့ ကယ်တင်နိုင်ခဲ့ချိန်တွင် နစ်မြုပ်နေသည့်စက်လှေမှာလည်း ရေအောက်သို့ လုံးဝရောက်ရှိသွားပြီဖြစ်သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် ပရဟိတအခြေခံစိတ်ဓာတ်၊ ကူညီကယ်ဆယ်လိုသည့် စိတ်ဓာတ်၊ ခိုင်မာပြတ်သား ရဲဝံ့စွန့်စားလိုသည့် စိတ်ဓာတ်များကို အရင်းခံကာ ဘေးဒုက္ခကျရောက်နေသူ ပြည်သူ လေးဦးကို သက်စွန့်ကြိုးပမ်း ကူညီကယ်ဆယ်လိုက်ခြင်းဖြစ်သည်။

ထိုသို့ မိမိတို့အသက်ကို ပဓာနမထားဘဲ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် စစ်တွေမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဟန်စိုးအပါအဝင် မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးကို နိုင်ငံတော်က ၂၀၂၀ ပြည့်နှစ် စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် ရဲကျော်စွာတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု**

မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် မိမိတို့အသက်ကို ပဓာနမထားဘဲ ပြည်သူလူထုအတွက် စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို နိုင်ငံတော်က စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့တံဆိပ်များအနေဖြင့် ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်နှင့် ရဲဗလတံဆိပ်၊ စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်အနေဖြင့် ရဲသူရိန်တံဆိပ်၊ ရဲကျော်စွာတံဆိပ်နှင့် ရဲကျော်သူတံဆိပ်များ ပေးအပ်ချီးမြှင့်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် ရဲဗလတံဆိပ်နှင့် ရဲကျော်စွာတံဆိပ်ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးက ရရှိခဲ့သည်။

အသက်ကယ်ဆယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၄ နာရီ အသင့်ဖြစ်နေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာပစ္စည်းများကို အချိန်အခါမရွေး ကာကွယ်စောင့်ရှောက်ခြင်း၊ လေ့ကျင့်သားပြည့်ဝခြင်း၊ မည်သို့ပင် ခက်ခဲကြမ်းတမ်းနေပါစေ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်း၊ လျင်မြန်ဖျတ်လတ်မှုရှိခြင်း၊ ကျွမ်းကျင်မှုရှိခြင်း၊ ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို ကျေပွန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာ၌ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်သွယ်မှုရှိပြီး တစည်းတရုံးတည်း ညီညွတ်စွာဖြင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်း၊ မီးသတ်ဦးစီးဌာန၏ စွမ်းရည်(၄)ရပ်ဖြစ်သော မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များကို တိကျစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းများကြောင့် ဂုဏ်ထူးဆောင်တံဆိပ်များကို ပေးအပ်ချီးမြှင့်လျက်ရှိသည်ဟု မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**မီးသတ်ဦးစီးဌာန**

ထိုသို့ စွမ်းဆောင်ရည်ပြည့်ဝသော မီးသတ်တပ်ဖွဲ့ဝင်များကို ပျိုးထောင်ပေးရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ စတင်ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းကို ကြည့်မည်ဆိုပါက မြန်မာသက္ကရာဇ် ၄၁၆ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၀၄၄ ခုနှစ်တွင် နန်းတက်ခဲ့သော ပုဂံဘုရင် အနော်ရထာမင်းလက်ထက်တွင် နိုင်ငံတော် မီးဘေးကာကွယ်ရေးအတွက် "**သောသောညံ ပုဂံမီးဆော်မောင်း**" ဟူသော ဆောင်ပုဒ်အတိုင်း ပုဂံခေတ်အခေါ် မီးကပ်သား (မီးသတ်တပ်သား) ၆၆၃ ဦးခန့်ထားပြီး မီးဘေးကာကွယ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

အလားတူ ကုန်းဘောင်ခေတ် (၁၇၅၂-၁၇၆၀) အလောင်းမင်းတရားလက်ထက်တွင် ရန်ကုန်မြို့ စဉ့်အိုးတန်းရပ်ကွက်၌ မီးကြီးလောင်သဖြင့် မီးသတ်တပ်သား ၁၀၀၀ ခန့် စေလွှတ်ငြိမ်းသတ်ခဲ့ရကြောင်း၊ ထို့အတူ မင်းတုန်းမင်းလက်ထက်တွင် မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းကာ ပြည်သူလူထု၏ မီးဘေးလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်းနှင့် နန်းတွင်းအမိန့်တော်ပြန်တမ်းများအရ အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် စသည့် သမိုင်းခေတ်အဆက်ဆက် ရှေးမြန်မာမင်းများ လက်ထက်တွင် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းပြီး ပြည်သူလူထု၏မီးဘေးလုံခြုံရေးကို ဆောင်ရွက်ခဲ့သည်။

**ဗြိတိသျှအစိုးရလက်ထက် မီးသတ်တပ်ဖွဲ့**

ဗြိတိသျှကိုလိုနီခေတ်တွင် မီးလောင်မှုများ မကြာခဏဖြစ်ပွားခဲ့ရာ နယ်ချဲ့တို့က ၎င်းတို့ ၏ စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့ပိုင် စည်းစိမ်ဥစ္စာပစ္စည်းများ ကာကွယ်ရန်အတွက် နိုင်ငံခြားသားများသာပါဝင်သော မီးသတ်အဖွဲ့ကို ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများတည်ရှိရာ ဒေသများတွင်သာ မီးသတ်အဖွဲ့ကို မြူနီစီပါယ်အက်ဥပဒေအရ မြူနီစီပါယ်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

**စစ်ပြီးခေတ် မီးသတ်တပ်ဖွဲ့**

စစ်ပြီးခေတ်တွင် မြန်မာမျိုးချစ်လူငယ်များသည် မိမိတို့၏ ရပ်ရွာများကို ကာကွယ်ရန်အတွက် နိုင်ငံအနှံ့အပြား၌ အပျော်တမ်းမီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် မီးသတ်အစည်းအရုံးများအဖြစ် ဖွဲ့စည်းကာ မီးဘေးကာကွယ်ရေး လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လာကြသည်။

**မီးသတ်တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံ**

တစ်နိုင်ငံလုံးရှိ မီးသတ်အစည်းအရုံးများကို စုစည်းညီညွတ်စေရန်အတွက် ၁၉၄၆ ခုနှစ် မေ ၅ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကလေးရှိ မိန်းကလေးကျောင်းခန်းမ၌ ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးကြီး ညီလာခံကို ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်၍ မီးသတ်ဆိုင်ရာ မိန့်ခွန်း ပြောကြားခဲ့သည်။

အဆိုပါညီလာခံတွင် "**မီးသတ်လုပ်ငန်းက မြန်မြန်ထက်ထက်နဲ့ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် သူရဲကောင်းတွေရဲ့ လုပ်ငန်းတစ်ရပ်လို့ ယူဆတယ်။ သူများကောင်းကျိုးအတွက် ကူညီဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေမှာ ဒီလို သူရဲကောင်းစိတ်တွေမွေးပြီး ကူညီဝိုင်းဝန်းဖို့ လုပ်ဆောင်ရမယ်။ မီးသတ်သမားတွေကို မီးမလောင်ခင်က ကိရိယာတန်ဆာပလာ အပြည့်အစုံရှိဖို့နဲ့ မီးလောင်လျှင် အမြန်ဆုံးသွားရောက် ငြိမ်းသတ်နိုင်ဖို့ ပညာတွေ သင်ကြားပေးရမယ်**" ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။

ညီလာခံကျင်းပသည့် မေ ၅ ရက်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ကျင်းပလာခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ်တွင် (၇၄) နှစ်တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မိုးကြိုမုန်တိုင်းနှင့် မုန်တိုင်းများ၊ မြစ်ချောင်းများမှ ဖြစ်ပေါ်လာနိုင်သည့် ရေကြီးမှုနှင့် ငလျင်ဘေးများ စသည့် သဘာဝဘေးအန္တရာယ်များအပြင် ခေတ်မီအသုံးအဆောင်များ၊ လျှပ်စစ်ပစ္စည်းများ တိုးတက်လာမှုနှင့်အတူ မီးလောင်မှုများသည် အသွင်အမျိုးမျိုးဖြင့် ဖြစ်ပေါ်လျက်ရှိသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေး လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသော ဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန် စသည့် အဓိကတာဝန် (၄) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**တိုးချဲ့ဖွဲ့စည်း**

၂၀၁၆ ခုနှစ်မတိုင်မီက အရာထမ်း ၆၆၂ ဦးနှင့် အမှုထမ်း ၂၃၇၁၄ ဦး စုစုပေါင်း၂၄၃၇၆ ဦးရှိရာမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ မီးသတ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ပြောင်းလဲခဲ့သဖြင့် အရာထမ်း ၇၃၅ ဦးနှင့် အမှုထမ်း ၂၃၈၆၄ ဦး စုစုပေါင်း ၂၄၅၉၉ ဦးအထိ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့သည်။

**စာမျက်နှာ ၁၀ သို့** ✪



ပိုလန်နိုင်ငံ ODA အစီအစဉ်ဖြင့် ရရှိသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်များ လက်တွေ့ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းများ ဖွင့်လှစ်ပို့ချမှုကို တွေ့ရစဉ်။

✪ စာမျက်နှာ ၉ မှ

မီးဘေးလုံခြုံရေးလုပ်ငန်းများ၊ မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ်နှင့် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ မီးဘေးလုံခြုံရေး အသိပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် လှုံ့ဆော်ပညာပေးခြင်းတို့အပြင် မီးသတ်ဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းများ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၄၃၉၂ ဦးကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။

**မီးသတ်စခန်းများ တိုးချဲ့ဖွဲ့စည်း**

ဖွဲ့စည်းပုံ တိုးချဲ့လာခြင်းနှင့်အတူ ၂၀၁၆ ခုနှစ် ဧပြီလမတိုင်မီ မီးသတ်ဦးစီးမှူးရုံးနှင့် မီးသတ်စခန်းများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးမှူးရုံး ၁၅ ရုံး၊ ခရိုင်မီးသတ် ဦးစီးမှူးရုံး ၇၃ ရုံး၊ ခရိုင်မီးသတ်စခန်း ၇၃ ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၃၃၀၊ မြို့နယ်မီးသတ်စခန်း ၃၃၀ နှင့် နယ်မြေမီးသတ်စခန်း ၇၀၃ ခုအထိ တိုးချဲ့ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ လူနေအိမ်ခြေအဆောက်အအုံများဖွံ့ဖြိုးမှု၊ အထပ်မြင့်အဆောက်အအုံများတိုးတက်မှု၊ ဆေးရုံ၊ ကျောင်း၊ ဘာသာရေးအဆောက်အအုံများ၊ ခေတ်မီလူသုံးကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် လောင်စာဆီများ ပိုမိုအသုံးပြုမှုနှင့် စက်မှုဇုန်များတိုးချဲ့လာသည့်အတွက် မီးသတ်စခန်းအသစ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို လိုအပ်ချက်အရ တိုးချဲ့ခဲ့ပြီး လိုအပ်သော မီးသတ်ယာဉ်စက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အထိ ခေတ်မီမီးငြိမ်းသတ်ယာဉ် ၃၄၆၄ စီးကို မီးသတ်စခန်းများအလိုက် ဖြည့်တင်းခဲ့သည်။

ထို့ပြင် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက်ဖြစ်ပွားသော မတော်တဆ ဘေးအန္တရာယ်များဖြစ်ပွားလာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်တစ်ခုလျှင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် အင်အား ၃၅ ဦးစီ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် အင်အား ၁၁၆ ဦး ပါရှိသည့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲတစ်ခွဲစီဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန်ထားရှိသည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို နိုင်ငံတကာနည်းတူ ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ – INSARAG ၏ သတ်မှတ်ချက်နှင့်အညီ Insarag Light Team ကို အင်အား ၂၈ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ကယ်ဆယ်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ ဖြည့်ဆည်း**

နိုင်ငံ၏ ပထဝီအနေအထားအရ ရေဘေး၊ လေဘေး၊ ငလျင်ဘေးနှင့် မီးဘေး စသည့် ဘေးအန္တရာယ်များ ဖြစ်ပွားမှုများပြားသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၏ နည်းပညာရပ်ဆိုင်ရာ အတွေ့အကြုံနှင့် အရည်အသွေးကောင်းသည့် ယာဉ်/စက်ပစ္စည်းကိရိယာများ လိုအပ်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကဏ္ဍ ခွဲခြား၍ မြေပြင်သုံးပစ္စည်းကိရိယာများနှင့် ရေပြင်သုံးပစ္စည်းကိရိယာများ စသည်ဖြင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ဖြည့်တင်းပေး နိုင်ခဲ့သည်။

**လုပ်ငန်းစွမ်းရည်တိုးတက်**

အလားတူ မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်ပြည့်ဝစေရေးအတွက် ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ပိုလန်၊ စပိန်၊ တရုတ်၊ နော်ဝေ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် အိန္ဒိယ စသည့်နိုင်ငံများသို့ သင်တန်းသားများစေလွှတ်ခြင်းနှင့် သင်တန်းနည်းပြများခေါ်ယူခြင်းဖြင့် မီးငြိမ်းသတ်ရေးနည်းစနစ်များ၊ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များနှင့် အိုင်တီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်စေရန် သင်တန်းများ ပေးလျက်ရှိသည်။

**ဌာနတွင်းလေ့ကျင့်**

ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)နှင့် လေ့ကျင့်ရေးဌာနစု(ရန်ကုန်) တို့တွင် တပ်ဖွဲ့ဝင်များ၏ ရာထူးအဆင့်အတန်းအလိုက် (အရာရှိ/ အခြားအဆင့်) မီးဘေးလုံခြုံရေးဆိုင်ရာ နည်းပညာများ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာများ၊ စီမံခန့်ခွဲရေးဆိုင်ရာ နည်းပညာများနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ပညာရပ်များအတွက် သင်တန်းအမျိုးအစားပေါင်း ၁၈ ခုကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ လေ့ကျင့်ရေးဌာနစု(ရန်ကုန်)၌ သင်တန်း ၅၁ ကြိမ်တွင် သင်တန်းသား ၂၀၆၅ ဦးနှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)၌ သင်တန်း ၄၄ ကြိမ်တွင် သင်တန်းသား ၇၄၆၃ ဦးကို သင်ကြားပေးနိုင်ခဲ့သည်။

မီးဘေးလုံခြုံရေးအသိပညာများ ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနကို ၂၀၁၃ ခုနှစ် မေလ ၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်လမ်း၌ ဖွင့်လှစ်ခဲ့သည်။ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနတွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများ၏ မီးဘေးလုံခြုံရေးလုပ်ငန်းများကို မီးသတ်ဦးစီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်နိုင်ရန်၊ မီးဘေးလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများအတွင်း မီးသတ်ပညာရပ်များ စိမ့်ဝင်ပျံ့နှံ့စေရန် မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းကို ၂၀၁၃ ခုနှစ်မှစတင်၍ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသားဦးရေ ၅၀ ဖြင့် ဖွင့်လှစ်ခဲ့ရာ လက်ရှိသင်တန်းအမှတ်စဉ် ၆၄ အထိ သင်တန်းသား ၃၁၄၄ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဧပြီလအထိ နိုင်ငံတော်တစ်ဝန်းလုံး၌ မီးလောင်မှု ၁၀၆၃ ကြိမ်ဖြစ်ပွားခဲ့ရာ လေ့ကျင့်သားပြည့်ဝနေသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ လူအင်အားနှင့် ခေတ်မီပစ္စည်းကိရိယာ အင်အားများ စနစ်တကျ စုဖွဲ့ဆောင်ရွက်နိုင်မှုကြောင့် မီးငြိမ်းသတ်ကူညီကယ်ဆယ်ဆောင်ရွက်ခဲ့သည့်အပြင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများသည် ပြည်သူလူထုအတွက် များစွာအကျိုးရှိ ထိရောက်အောင်မြင်ခဲ့သည်ကို တွေ့မြင်ရသည်။

**မီးလောင်ပြင်စောင့်ကြည့်ကွပ်ကဲမှုစနစ်**

မီးသတ်တပ်ဖွဲ့ဝင်များ၏ ရည်မှန်းချက်တာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် Command & Control Center ကို တည်ထောင်ထားရှိပြီး ရန်ကုန်မြို့၏ မီးဘေးလုံခြုံရေးကို စောင့်ကြည့်ကွပ်ကဲနိုင်ရန် Fire Services Operation Management System (FSOMS)၊ မီးသတ်ယာဉ်များ ထွက်ခွာမှုစနစ် (Vehicle Tracking System)၊ စောင့်ကြည့်မျှော်စင်စနစ် e-watching Tower System နှင့် 3G Camera System များ တပ်ဆင်ထားသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ် အပါအဝင် အခြားမတော်တဆမှုများ ဖြစ်ပွားပေါ်ပေါက်လာပါက တုံ့ပြန်ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် 3G Camera System များ တပ်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ မီးငြိမ်းသတ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်ခဲ့သည်။

**ပိုလန်နိုင်ငံချေးငွေဖြင့် မီးသတ်ယာဉ်/ စက်များ ဖြည့်တင်း**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အထပ်မြင့်အဆောက်အအုံများ၊ ဆေးရုံ၊ ကျောင်း၊ ဘာသာရေးအဆောက်အအုံများ၊ ခေတ်မီလူသုံးကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် လောင်စာဆီများ ပိုမိုအသုံးပြုလာ၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်စခန်းအသစ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များတိုးချဲ့ခဲ့ရာ စက်ပစ္စည်းကိရိယာ လိုအပ်ချက်များလည်း ရှိလာခဲ့သည်။

အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပိုလန်နိုင်ငံ အစိုးရ၏ ထောက်ပံ့ချေးငွေ (Organization For Economic Co-operation and Development-OECD)အစီအစဉ်ဖြင့် ယူရိုငွေသန်း ၅၀ တန်ဖိုးရှိ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးသုံး ဆက်စပ်ပစ္စည်းများကို အကူအညီရရှိခဲ့သည်။

ယင်းမီးသတ်ယာဉ်များ ကိုင်တွယ်ထိန်းသိမ်းနည်းစနစ်များကို ပိုလန်နိုင်ငံသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို သွားရောက်သင်ကြားစေခဲ့သည့်အတွက် မီးသတ်ဦးစီးဌာန၏ မြို့ပြမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာ အထောက်အကူများရရှိခဲ့ပြီး လက်ရှိနှင့် အနာဂတ်ကာလတွင် ဖြစ်ပွားကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုအခက်အခဲများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

**နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ဆောင်ရွက်**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအလိုက် မီးဘေးကာကွယ်တားဆီးရေးအတွက် တစ်အိမ်တက်ဆင်း အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်း၊ ရပ်ကွက်၊ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး၊ လူထုအသိပညာပေးဆောင်ရွက်ခြင်း၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်နှင့် ဈေးများ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အတူ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အသိပညာများ ကျောင်းသားလူငယ်ထုအကြားတွင် စိမ့်ဝင်ပျံ့နှံ့စေရန် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ အသိပညာပေး အစီအစဉ် Kaeru Caravan Programme ကို တိုင်းဒေသကြီး/ ပြည်နယ်များ၏ မြို့နယ်များရှိ စာသင်ကျောင်းများတွင် သရုပ်ပြသင်ကြားလျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုဖြစ်စဉ်များသည်လည်း ပုံစံမျိုးစုံဖြင့် ဖြစ်ပွားလျက်ရှိရာ မီးလောင်မှုအကြိမ်ရေနှင့် ဆုံးရှုံးမှုတန်ဖိုး လျှော့နည်းကျဆင်းစေရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေကို ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။

နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနည်းတူ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးလျက် ၂၀၁၃ ခုနှစ်မှစတင်ပြီး အထပ်မြင့်အဆောက်အအုံ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်းအတွက် အထပ်မြင့်အဆောက်အအုံ ၆၈၃၁ လုံးကို စစ်ဆေးအကြံပြုနိုင်ခဲ့ပြီး ဆောင်ရွက်ခရငွေ ငွေကျပ် သန်း ၁၃၁၄၄ ကျော်ကို နိုင်ငံတော်ဝင်ငွေအဖြစ် ပေးသွင်းနိုင်ခဲ့ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ အကူအညီတောင်းခံနိုင်ရန်၊ တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူတို့၏ အားကိုးယုံကြည်မှုရရှိနိုင်စေရန်အတွက် အိုင်တီနည်းပညာဖြင့် 191 Report Application ကို ၂၀၁၉ ခုနှစ် မတ်လတွင် စတင်ရေးဆွဲပြီး အသုံးပြုလျက်ရှိရာ 191 Report သို့ သတင်းပေးပို့မှု ၃၆၆ ခု ရှိခဲ့သည်။

အလားတူ မီးလောင်မှုနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေမှု နောက်ဆုံးရအခြေအနေများကို မီးသတ်ဦးစီးဌာန Website နှင့် Facebook Page တို့မှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့သည့်အတွက် ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကို လျော့ပါးစေသည့်အပြင် ယုံကြည်ကိုးစားမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်နိုင်မှုကို ပြသနိုင်ခဲ့သည်။

ထို့အတူ မီးလောင်မှုများတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ကြသည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မိမိတို့သင်ကြားတတ်ကျွမ်းသည့် နည်းပညာနှင့် နည်းစနစ်များကို ကောင်းစွာအသုံးချဆောင်ရွက်သည့်အပြင် လုံခြုံရေးပိုင်းတွင် အဖိုးတန်ပစ္စည်း၊ ရတနာများကို မပျောက်မရှစေဘဲ ထိန်းသိမ်းဆောင်ရွက်မှုသည် တပ်ဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်သာမက ဂုဏ်သိက္ခာနှင့် အကျင့်စာရိတ္တ၊ စိတ်ဓာတ်ပိုင်းတွင် ပြည်သူများ၏ အားကိုးယုံကြည်မှု ရှိစေခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးရေး လုပ်ငန်းများကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်သဖြင့် မီးလောင်မှုအကြိမ်ရေနှင့် ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းကျဆင်းလာခဲ့သည့်အပြင် တပ်ဖွဲ့ဝင်အင်အားနှင့် မီးသတ်ယာဉ်စက်ကိရိယာများ တိုးမြှင့်ဖြည့်ဆည်းပေးမှုကြောင့် ပြည်သူများအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ပိုမိုထိရောက်လျင်မြန်စွာ ကူညီကယ်ဆယ် ဆောင်ရွက်လာနိုင်ခဲ့သည်။

တိုးတက်ပြောင်းလဲနေသည့် မီးငြိမ်းသတ်ရေးနည်းပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေးနည်းပညာရပ်များကို မြန်မာနိုင်ငံမီးတပ်ဖွဲ့ဝင်များက ဖြည့်ကျင့်ဆည်းပူးလျက်ရှိကြသည့်အပြင် မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လေ့ကျင့်သားပြည့်ဝပြီး ကူညီကယ်ဆယ်လိုသည့် မွန်မြတ်စိတ်ထားဖြင့် ရဲရဲဝံ့ဝံ့စွမ်းဆောင် ကြိုးပမ်းလျက်ရှိရာ မွန်မြတ်စိတ်ထားဖြင့် စွန့်စားဝံ့သူများအဖြစ် (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။



ယာဉ်မတော်တဆဖြစ်စဉ်များအတွက် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မည့်အစီအစဉ်များ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

# အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် လူ တစ်သိန်းခန့် သေဆုံးနိုင်ဟု သမ္မတ ဒေါ်နယ်ထရမ့် သတိပေး

**ဝါရှင်တန် မေ ၄**

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် လူ တစ်သိန်းခန့် သေဆုံးနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတိပေးလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကို နှေးကွေးစွာ ကိုင်တွယ်ဆောင်ရွက်ခဲ့သည်ဆိုသော စွပ်စွဲချက်ကို သမ္မတ ထရမ့်က ငြင်းဆန်ခဲ့သည်။

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုအချိန်တွင် လူပေါင်း ၆၇၀၀၀ ကျော် သေဆုံးခဲ့ပြီး ဖြစ်သည်။ ဒေါ်နယ်ထရမ့်က ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်မှုနှင့် ပတ်သက်၍ အကောင်းမြင်ဝါဒရှိကြောင်း ဖော်ပြခဲ့သည်။ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ကာကွယ်ဆေးထုတ်လုပ်မှုမှာ တစ်နှစ်မှ တစ်နှစ်ခွဲအထိ ကြာမြင့်မည်ဟု ယုံကြည်သော်လည်း ယခုနှစ်အကုန်တွင် ကာကွယ်ဆေး တစ်မျိုး အဆင်သင့် ဖြစ်မည်ဟု ပြောကြားလိုက်သည်။ "ကျွန်တော်တို့ အနေနဲ့အမြန် ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်နိုင်မယ်လို့ထင်ပါတယ်" ဟု ၎င်းက ပြောသည်။

ကာကွယ်ဆေးထုတ်ရန် တစ်နှစ်ခွဲကြာမြင့်မည်ဟု အမေရိကန်ကူးစက်ရောဂါပညာရှင် ဒေါက်တာ အန်ထော်နီဖော်စီက ပြောကြားခဲ့သလို လာမည့်နှစ်အတွင်း ထိရောက်သော ကာကွယ်ဆေး သို့မဟုတ် ကုသဆေးထုတ်လုပ်မည့် အခွင့်အရေးများ အလွန်နည်းပါးကြောင်း ဗြိတိန် ဆေးမှူးချုပ် ခရစ်ဝှက်တီက ပြောသည်။ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာတွင် အစိုးရက မြန်ဆန်စွာ မကိုင်တွယ်ခဲ့ဟူသော စွပ်စွဲချက်များကို ၎င်းက ပယ်ချခဲ့ပြီး မှန်ကန်စွာ လုပ်ဆောင်ခဲ့ကြောင်း ပြောကြားလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုရပ်တန့်ရန် တရုတ်နိုင်ငံက ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း ၎င်းက စွပ်စွဲခဲ့သည်။

ဒေါ်နယ်ထရမ့်က အမေရိကန်ထောက်လှမ်းရေးမှ တာဝန်ရှိသူများကို ပြစ်တင်ဝေဖန်ခဲ့ပြီး ဇန်နဝါရီ ၂၃ ရက်အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ သတိပေးမှုများ ပြုလုပ်ခဲ့ခြင်းမရှိဟု စွပ်စွဲခဲ့သည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**






# အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ခရီးသွားလာမှုကန့်သတ်ချက်များ စတင်ဖြေလျှော့

**နယူးဒေလီ မေ ၄**

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စည်းမျဉ်းဖြစ်သောပြည်သူများအား မိမိတို့နေအိမ်ထဲတွင်သာ နေထိုင်စေခြင်းကန့်သတ်ချက်ကို ပြေလျှော့ပေးရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏စီးပွားရေးဆိုင်ရာ အခက်အခဲများကို ပြေလျှော့စေရန်အတွက် စီးပွားရေးလုပ်ငန်းအချို့မှာ ယမန်နေ့တွင် ပြန်လည်လုပ်ကိုင်ခဲ့သည်။ အစိုးရအနေဖြင့် ပြည်သူများအား မိမိတို့နေအိမ်များတွင်သာ နေထိုင်စေခြင်း ကန့်သတ်ချက်ကို မေ ၁၇ ရက် အထိ တိုးမြှင့်ထားရာမှ ယခုကဲ့သို့ ဖြေလျှော့ရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

ဒေသအသီးသီးအလိုက် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေအပေါ်မူတည်ပြီး အဆင့်သုံးဆင့် သတ်မှတ်ထားကာ ကန့်သတ်ချက်များ ဖြေလျှော့ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ခရီးသွားလာမှုများပိတ်ပင်ထားသောကာလအတွင်း နေ့စဉ်ဘဝအတွက် အခြေခံကုန်ပစ္စည်းများ ဝယ်ယူခြင်းမှအပ ပြည်သူများအား ခရီးသွားလာမှုပိတ်ပင်ခဲ့သည်။

ယမန်နေ့မှ စတင်ပြီး ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားခြင်းမရှိသော ဒေသများတွင် ခရီးအသွားအလာပိတ်ပင်မှုများကို ပြန်လည် ဖြေလျှော့ပေးခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများပြားသောဒေသများတွင်ပင် ဈေးဆိုင်ငယ်များနှင့် ရုံးများကို သတ်မှတ်စည်းကမ်းများအတိုင်း ဆောင်ရွက်စေ၍ ပြန်လည်ဖွင့်လှစ်စေခဲ့သည်။ ယမန်နေ့မှစတင်ပြီး ရုံးများနှင့် လုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ကုန်ပစ္စည်းများရောင်းချသော ဆိုင်များတွင် အရောင်းဝန်ထမ်းများမှာ နှာခေါင်းစည်းများနှင့် လက်အိတ်များဝတ်ဆင်ထားကြပြီး ဈေးဝယ်လာသူများအား ဆိုင်၏အဝတွင်သာ စောင့်ဆိုင်းစေပြီး ရောင်းချမှုကို ဆောင်ရွက်ခဲ့သည်။ ဈေးဆိုင်မှ အရောင်းဝန်ထမ်းတစ်ဦးက ပြည်သူများ၏ ကျန်းမာရေးသည် အဓိကကျကြောင်း ပြောကြားခဲ့သည်။ လွန်ခဲ့သောရက်များအတွင်း အိန္ဒိယနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှာ နေ့စဉ် ၂၀၀၀ အထိမြင့်တက်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု လျော့နည်းလာသဖြင့် စာသင်ကျောင်းများ ပြန်ဖွင့်မည်

**ဆိုးလ် မေ ၄**

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်ရက်များအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့်လူနာသစ်အရေအတွက် သိသိသာသာ လျော့ကျခဲ့ပြီးနောက် ပုံမှန်အခြေအနေသို့ပြန်ရောက်ရန် ကြိုးစားလျက်ရှိရာ ကျောင်းသားများသည် လာမည့်သီတင်းပတ်မှစ၍ ကျောင်းပြန်တက်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားသည့်အချိန်က ဗိုင်းရပ်စ်ကူးစက်မှု ဆိုးရွားစွာခံခဲ့ရသဖြင့် စာသင်ကျောင်းများကို မတ်လအစောပိုင်းက ပိတ်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံပြီးလျှင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ဒုတိယအဆိုးရွားဆုံးခံခဲ့ရသည့် နိုင်ငံဖြစ်သည်။

သို့သော်လည်း ဗိုင်းရပ်စ်ကူးစက်ခံရသူများကို ရှာဖွေခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ ကုသမှုပေးခြင်း အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သည့် အကျိုးကျေးဇူးကြောင့် တောင်ကိုရီးယားနိုင်ငံသည် ယခုအခါ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ပြီဟု ယူဆရသည်။

ကျောင်းသားများသည် ဧပြီလမှစ၍ သင်ခန်းစာများကို အွန်လိုင်းမှ သင်ယူနေကြပြီဖြစ်သည်။ သို့သော်လည်း စာသင်ကျောင်းများကို လာမည့် ဗုဒ္ဓဟူးနေ့မှစ၍ ဇွန်လ ၁ ရက်နေ့အထိ ဖြည်းဖြည်းချင်း ဖွင့်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စာသင်ကျောင်းများ ပြန်ဖွင့်ခြင်းသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ပြီးဆုံးသွားပြီဟု ဆိုလိုခြင်း မဟုတ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါမဖြစ်မီအချိန်က ရှိခဲ့သည့် လွတ်လပ်ပြီး တက်ကြွသည့်စာသင်ခန်းများသို့ ပြန်ရောက်ရှိနိုင်အောင် ကြိုတင်ကာကွယ်ရေး အစီအမံများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီး ယူး အွန်ဟဲက ပြောကြားသည်။

ကျောင်းသားများသည် နေ့လယ်စာစားနေချိန်မှအပ နှာခေါင်းစည်းများကို တပ်ထားရမည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။ နံနက်တိုင်း ပထမဆုံးလုပ်ရမည့်အရာအဖြစ် ကျောင်းသားများသည် ၎င်းတို့၏စားပွဲခုံများကို သုတ်ရမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေရမည့် စည်းမျဉ်းစည်းကမ်းများကို ဗုဒ္ဓဟူးနေ့တွင် ဖြေလျှော့ပေးလိမ့်မည်ဟု မျှော်လင့်နေကြစဉ် စာသင်ကျောင်းများ ပြန်ဖွင့်မည့်ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ယနေ့ ဗိုင်းရပ်စ်ကူးစက်ခံရသူလူနာသစ် ရှစ်ဦးရှိကြောင်း၊ ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၁၀၈၀၁ ဦးဖြစ်ကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးဗဟိုဌာနက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံက နိုင်ငံတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ ၂၅၀ ဝန်းကျင်ရှိကြောင်း ထုတ်ပြန်ထားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၅၈၁ ဦးရှိ၊ ၇၆ ဦး ထပ်မံသေဆုံး

**မော်စကို မေ ၄**

ရုရှားနိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၅၈၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၄၅၀၀၀ ရှိလာပြီဖြစ်ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အတူ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း ၇၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၅၆ ဦး ရှိလာကြောင်း၊ ၁၄၅၆ ဦး ပြန်လည်ကျန်းမာလာခဲ့ရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၈၀၉၅ ဦး ရှိလာကြောင်း သိရသည်။

ထို့အပြင်ကိုဗစ်-၁၉ရောဂါအဆိုးရွားဆုံးထိခိုက်သွားရာ မော်စကိုမြို့တွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၉၅ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၇၄၄၀၁ ဦးရှိလာခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရုရှားပြည်သူများအား မတ် ၃၀ မှ ဧပြီ ၃၀ အထိ လစာအပြည့်ဖြင့် ခွင့်ယူရန် ပြဋ္ဌာန်းထားသည့် စီမံချက်နှင့် အသွားအလာကန့်သတ်မှုများကို မေ ၁၁ ရက်အထိ သက်တမ်းတိုးလိုက်ပြီး မေ ၁၂ ရက်မှစ၍ နိုင်ငံအတွင်း အသွားအလာကန့်သတ်မှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် အစိုးရအား ညွှန်ကြားထားကြောင်း သိရသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်းရှိ ဒေသအများစုတွင် သီးသန့်ခွဲ၍နေခြင်း သို့မဟုတ် အသွားအလာကန့်သတ်မှုများကို ချမှတ်ထားပြီး ဆေးဝါးကုသမှု၊ လုပ်ငန်းခွင်သို့ သွားခြင်း၊ အနီးအနားရှိ စတိုးဆိုင် သို့မဟုတ် ဆေးဆိုင်များသို့ ဈေးဝယ်ခြင်းကိုသာ ခွင့်ပြုထားကြောင်း သိရသည်။



မေ ၃ ရက်အထိရရှိသော ကိန်းဂဏန်းများအရ ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၇၆၀၇ ဦးသည် ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ရုရှား နိုင်ငံ၏ စားသုံးသူအခွင့်အရေးနှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ယနေ့ ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**



# ဂျပန်နိုင်ငံ၌ နိုင်ငံတစ်ဝန်းအရေးပေါ်အခြေအနေကို မေလကုန်အထိ တိုးမြှင့်သတ်မှတ်

**တိုကျို မေ ၄**

ဂျပန်နိုင်ငံအစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုင်ရာထုတ်ပြန်ထားသည့် နိုင်ငံတစ်ဝန်း အရေးပေါ် အခြေအနေကို မေ ၃၁ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း ယနေ့တွင် တရားဝင်ကြေညာခဲ့သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် နိုင်ငံစီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် ကန့်သတ်ထိန်းချုပ်မှုအချို့ကို ဖြေလျှော့ပေးရန်လည်း ပြင်ဆင်လျက်ရှိသည်။

ကူးစက်ရောဂါကျွမ်းကျင်သူများ၏ မေ ၁၄ ရက်ဝန်းကျင်အခြေအနေနှင့် စပ်လျဉ်းသည့် ချင့်တွက်မှုပေါ်မူတည်၍ အစိုးရအနေဖြင့် အရေးပေါ်အခြေအနေကို စောစီးစွာအဆုံးသတ်ရဖွယ်ရှိကြောင်းလည်း ဂျပန်နိုင်ငံဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ ကျန်းမာရေးအဖွဲ့အစည်းသည် ရုန်းကန်နေရသည့်အခြေအနေအောက်တွင်သာ ရှိနေခြင်းကြောင့် လက်ရှိသတ်မှတ်ထားသည့် လူမှုရေးဆိုင်ရာကန့်သတ်ချက်များကို ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်နေကြောင်း ကျွမ်းကျင်သူများက အလေးထားပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၇၈၉ ဦးနှင့် သေဆုံးသူ ၅၄၉ ဦး ရှိသွားပြီဖြစ်သည်။ ဂျပန်နိုင်ငံ၏ စမ်းသပ်မှုဆိုင်ရာကန့်သတ်ချက်များကြောင့် အမှန်တကယ် ကူးစက်ခံရသူအရေအတွက်သည် မြင့်တက်လာဖွယ်ရှိကြောင်းလည်း ခန့်မှန်းထားသည်။

ဂျပန်ဝန်ကြီးချုပ်သည် ဧပြီ ၇ ရက်က စီရင်စုခုနစ်ခုတွင် အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဧပြီ ၁၆ ရက်တွင် နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ မေလကုန်အထိ တိုးမြှင့်သတ်မှတ်သည့်ဆုံးဖြတ်ချက်ကိုမူ အစိုးရလုပ်ငန်းအဖွဲ့က ချမှတ်ခဲ့ခြင်းဖြစ်သည်။ နေ့စဉ်ကူးစက်သူ အရေအတွက်သည် ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် မျှော်လင့်ထားသည့်အဆင့်သို့ မရောက်ရှိသေးကြောင်း ကိုဗစ်-၁၉ ကပ်ရောဂါတုံ့ပြန်ရေးတာဝန်ယူဆောင်ရွက်နေသည့် စီးပွားရေးပြန်လည်ရှင်သန်ရေးဝန်ကြီး ယာဆူတိုရှီနီရှီမူရာက ပြောကြားခဲ့သည်။

မေ ၃၁ ရက်မတိုင်မီ အရေးပေါ်အခြေအနေ ရုပ်သိမ်းနိုင်မည့်အစီအစဉ်များကိုလည်း ကျွမ်းကျင်သူများအဖွဲ့အနေဖြင့် တတ်နိုင်သလောက် ပြန်လည်စဉ်းစားသင့်ကြောင်း ရှင်ဇိုအာဘေးက ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံအစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် ရည်ရွယ်သည့် အခြေခံလမ်းညွှန်ချက်များကိုလည်း ပြင်ဆင်သတ်မှတ်ရန် စီစဉ်ထားကြောင်းသိရသည်။

**ကိုးကား – ဂျပန်တိုင်းမ်၊ အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

# ဘရာဇီးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ တစ်သိန်းကျော်ရှိ၊ ၇၀၀၀ ကျော် သေဆုံး

**ရီယိုဒီဂျနေးရိုး မေ ၄**

ဘရာဇီးနိုင်ငံ၌ ယမန်နေ့အထိ အတည်ပြုစာရင်းများအရ နိုင်ငံတစ်ဝန်း၌ ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေမှာ တစ်သိန်းကျော်ရှိပြီး ယင်းရောဂါပိုး ကူးစက်မှုကြောင့် သေဆုံးသူပေါင်းမှာ ၇၀၂၅ ဦးရှိကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်သတင်း၌ ဖော်ပြသည်။

နောက်ဆုံးရရှိသည့် ကိန်းဂဏန်းများအရ နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသူဦးရေမှာ ၁၀၁၁၄၇ ဦးဖြစ်သည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ထပ်မံ ကူးစက်ခံရသူ ၄၅၈၈ ဦးရှိပြီး သေဆုံးသူ ၂၇၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် သေဆုံးသူဦးရေမှာ ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက်၏ ၆ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိသည်။

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့သည် ရောဂါပိုးကူးစက်ခံရသူ ဦးရေ ၃၁၇၇၂ ဦးနှင့် ယင်းရောဂါပိုးကူးစက်မှုကြောင့် သေဆုံးသူ ၂၆၂၇ ဦးရှိကြောင်း အတည်ပြုနိုင်ခဲ့ပြီး နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်သူနှင့် သေဆုံးသူအရေအတွက် အများဆုံးဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဇော်ဝင်း**

# ဗီယက်နမ်နိုင်ငံရှိ မြို့ကြီးအချို့တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ဟနွိုင်း မေ ၄**

ဗီယက်နမ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ ကျဆင်းခဲ့ပြီးနောက် မြို့ကြီးအချို့တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ကျောင်းများကို ဖေဖော်ဝါရီလအတွင်းက ပိတ်ထားခဲ့ရာမှ ယမန်နေ့က ဟနွိုင်းနှင့် ဟိုချီမင်းမြို့များရှိ ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ဟနွိုင်းရှိ ကျောင်းများတွင် နှာခေါင်းစည်းများဝတ်ဆင်ပြီး ကျောင်းတက်သော ကျောင်းသားများအား တွေ့ရှိရသည်။ ကျောင်းအဝင်ဂိတ်တွင် ကိုယ်အပူချိန် တိုင်းတာပြီးနောက် ကျောင်းဝင်းအတွင်းဝင်ရောက်ခွင့်ပြုခဲ့သည်။ စာသင်ခန်းများ၏ ပြတင်းပေါက်များအား ဖွင့်ထားပြီး ကျောင်းသားတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် ညွှန်ကြားထားသည်။ ကျောင်းသားများအနေဖြင့် ဖျားနာပါက ဆရာများအား အကြောင်းကြားရန် ပြောကြားထားသည်။

ကျောင်းသားများအား ရောဂါကူးစက်ခြင်းမှ ကင်းဝေးစေရန် ဆောင်ရွက်ပြီးမှသာ ကျောင်း၏လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်မည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံတွင် လူပေါင်း၂၇၁ ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသောကျေးရွာများတွင် ခရီးအသွားအလာပိတ်ပင်ထားပြီး ရောဂါပိုးရှိသူများနှင့် အတူတကွနေထိုင်ခဲ့သူများအား သီးခြားစောင့်ကြည့်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




# ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်းအတွက် ကြိုတင်ပြင်ဆင်ထားဟု နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ပြောကြား

**နယူးယောက် မေ ၄**

နယူးယောက်ပြည်နယ်နှင့် အခြားပြည်နယ်ခြောက်ခုတို့သည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကူးစက်ပြန့်ပွားမှု ဒုတိယလှိုင်းရိုက်ခတ်လာနိုင်သည့်အတွက် ပြင်ဆင်သည့်အနေဖြင့် အသက်ရှူစက်များနှင့် အကာအကွယ်ဝတ်စုံများဒေသတွင်းဖြန့်ချိသည့် လမ်းကြောင်းအား တိုးမြှင့်ရန် သဘောတူခဲ့ပြီးဖြစ်ကြောင်း နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒရူးကူမိုက ယမန်နေ့က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းဒေသရှိ ပြည်နယ်များသည် အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ခန့်တန်ဖိုးရှိသည့် ဆေးပစ္စည်းကိရိယာများအား ပူးပေါင်းဝယ်ယူရေးအတွက် အဖွဲ့တစ်ခုတည်ထောင်သွားမည်ဟု ယမန်နေ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူးက ကြေညာခဲ့သည်။

ယင်းအဖွဲ့တွင် ပါဝင်သည့်ပြည်နယ်များမှာ နယူးဂျာဆီ၊ ကွန်နက်တီကပ်၊ ပင်ဆဲလ်ဗေးနီးယား၊ ဒီလာဝဲလား၊ ရှဒ်အိုင်းလန်းနှင့် မက်ဆာချူးဆက်ပြည်နယ်များဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် ဆေးရုံတက်လူနာအရေအတွက် ကျဆင်းလာနေခြင်းမှာ သတင်းကောင်းဖြစ်ကြောင်း နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သော်လည်း ရောဂါပိုးကူးစက်ပြန့်ပွားမှု ဒုတိယလှိုင်းအတွက် ပြင်ဆင်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သမိုင်းတွင် ဖြစ်ပျက်ခဲ့သည်များကို သင်ခန်းစာယူကြရန် ၁၉၁၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် တုပ်ကွေးကပ်ရောဂါဖြစ်ပွားမှုကို ရည်ညွှန်း၍ ပြည်နယ်အုပ်ချုပ်ရေးမှူး ကူမိုက ပြောကြားခဲ့ပြီး ယင်းအချိန်က ကပ်ရောဂါ ဒုတိယလှိုင်းဖြစ်ပွားမှုသည် ကနဦးကူးစက်ဖြစ်ပွားမှုထက် ပိုမိုဆိုးရွားသည်ဟု ၎င်းက ပြောကြားသည်။

နယူးယောက်ပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ အတည်ပြုဦးရေမှာ ၃၁၆၄၁၅ ဦးရှိပြီး ယင်းပမာဏသည် အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးရှိ ရောဂါပိုးကူးစက်ခံရသူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသည်။ နယူးယောက်ပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သူပေါင်းမှာ ၁၉၁၈၉ ဦးဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ဇော်ဝင်း**

# ကိုဗစ်-၁၉ ကပ်ရောဂါအရေး ပါကစ္စတန်နှင့် ကနေဒါဝန်ကြီးချုပ်တို့ ဆွေးနွေး

**အစ္စလာမ္မာဘတ် မေ ၄**

ပါကစ္စတန်နိုင်ငံက ပြည်သူများကို ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကယ်တင်ရန်နှင့် နိုင်ငံ၏ စီးပွားရေး ရှေ့ဆက်လည်ပတ်နိုင်စေရန်ဟူသော စိန်ခေါ်မှုနှစ်ခုကို တစ်ပြိုင်နက်တည်း တိုက်ပွဲဝင်နေရကြောင်း ဝန်ကြီးချုပ် အမ်မရန်ခန်းက ယမန်နေ့က ပြောကြားခဲ့သည်။

အခြား ဖွံ့ဖြိုးဆဲတိုင်းပြည်များနှင့်အတူ ပါကစ္စတန်နိုင်ငံက အဆိုပါစိန်ခေါ်မှုနှစ်မျိုးကို တစ်ချိန်တည်း ကြုံတွေ့နေရကြောင်း ကနေဒါဝန်ကြီးချုပ် ဂျပ်စတင် ထရူးဒိုးနှင့် ဖုန်းပြောဆိုမှုတစ်ခုအတွင်း အမ်မရန်ခန်းက ပြောကြားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးက ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကနေဒါနိုင်ငံ၌ တန်ဖိုးရှိသော လူ့အသက်များ ဆုံးရှုံးခဲ့ရမှုအတွက် အမ်မရန်ခန်းက ဝမ်းနည်းစကား ပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါသည် ပိုမိုနီးကပ်သော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်လာစေသည့် မကြုံစဖူး ကပ်ဘေးတစ်ခုဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဂျီ-၂၀ ကြွေးမြီသက်သာရေးအစီအစဉ်တွင် ပါကစ္စတန်နိုင်ငံ ပါဝင်စေရန် ထောက်ခံမှုအတွက် ၎င်းက ကနေဒါနိုင်ငံကို ကျေးဇူးတင်ရှိခဲ့သည်။

ခေါင်းဆောင်နှစ်ဦးက သက်ဆိုင်ရာတိုင်းပြည်များရှိ နိုင်ငံသားများ နေရပ်ပြန်ပို့ရေးကိစ္စ ဆွေးနွေးခဲ့သလို နှစ်နိုင်ငံ အကျိုးဖြစ်စေမည့် ကိစ္စအားလုံးတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

**ကိုးကား – Dawn၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိသည့် ဥရောပနိုင်ငံများ

အောင်ကျော်ကျော်(ကြေးမုံ)



ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလာခွင့် ကန့်သတ်ချက်များကို ရက်ပေါင်းများစွာ ချမှတ်ခဲ့ပြီးနောက် လက်ရှိအချိန်တွင် အဆိုပါကန့်သတ်ချက်များကို ကမ္ဘာ့နိုင်ငံအစိုးရများက ပြန်လည်ဖြေလျှော့ပေးလျက်ရှိသည်။ ယင်းသို့ ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးသည့်နိုင်ငံများတွင် ဥရောပနိုင်ငံများလည်း ပါဝင်သည်။

ထို့ကြောင့် ဥရောပနိုင်ငံတစ်ဝန်း၌ ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ချမှတ်ထားသော ကန့်သတ်ချက်များကို သက်ဆိုင်ရာအစိုးရများက မည်သို့ပြန်လည်ဖြေလျှော့ပေးလျက်ရှိသည်ကို လေ့လာကြည့်ပါမည်။

**အီတလီနိုင်ငံ**

အမေရိကန်နိုင်ငံပြီးနောက် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း ဒုတိယအများဆုံး နိုင်ငံဖြစ်သည့် အီတလီနိုင်ငံသည် ခရီးသွားလာခွင့် ပိတ်ပင်ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီးနောက် ဆောက်လုပ်ရေးလုပ်သားများနှင့် မော်တော်ကားထုတ်လုပ်ရေးစက်ရုံနှင့် ဗိမ်ခံပစ္စည်းစက်ရုံများ အပါအဝင် စက်ရုံ၊ အလုပ်ရုံလုပ်သားများက ဧပြီ ၂၇ ရက်မှစပြီး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ပြီဖြစ်သည်။

မေ ၆ ရက်မှစပြီး အပန်းဖြေပန်းခြံများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သော်လည်း ပြည်သူများအနေဖြင့် ခပ်ခွာခွာစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည်။ ထို့ပြင် မိဘဆွေမျိုးသားချင်းများဆီသို့ အလည်အပတ်သွားရောက်မှုကိုလည်း ပြည်သူများအား ပြန်လည်ခွင့်ပြုပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် စားသောက်ဆိုင်များ၌ ပါဆယ်ထုပ်ပိုးမှုဖြင့်သာ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဇွန် ၁ ရက်မှသာ ဆိုင်များအတွင်း စားသောက်ခွင့်ကို ခွင့်ပြုပေးမည်ဖြစ်သည်။ ဇွန် ၁ ရက်တွင် အလှပြင်ဆိုင်များနှင့် ဆံသဆိုင်များကို ပြန်လည်ဖွင့်ခွင့်ပေးမည်ဖြစ်သည်။ လက်လီဆိုင်များ၊ ပြတိုက်များနှင့် စာကြည့်တိုက်များကို မေ ၁၈ ရက်တွင် ပြန်လည်ဖွင့်ခွင့်ပေးမည်ဖြစ်ပြီး စာသင်ကျောင်းများကို စက်တင်ဘာလအထိတိုင် ပိတ်ထားမည်ဖြစ်သည်။

လက်ရှိအချိန်အထိ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၀၇၁၇ ဦးရှိပြီး သေဆုံးသူ ၂၈၈၈၄ ဦးရှိသည်။ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၈၁၆၅၄ ဦးရှိသည်။

**စပိန်နိုင်ငံ**

စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ထားသော ခရီးသွားလာခွင့် ကန့်သတ်ချက်ကို ဧပြီ ၂၆ ရက်က စတင်ဖြေလျှော့ခဲ့ပြီး ကလေးငယ်များအား မိဘတစ်ဦးလိုက်ပါလျက် နေအိမ်ပြင်ပသို့ ထွက်ခွင့်ပြုခဲ့သည်။

မေ ၄ ရက်တွင် စပိန်ပြည်သူများအား ကိုယ်ကာယလေ့ကျင့်ခန်းများ လုပ်ဆောင်ရန် နေအိမ်ပြင်ပသို့ စတင်ထွက်ခွင့်ပြုခဲ့သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်းကိုတော့ ပြည်သူများအနေဖြင့် လိုက်နာရမည်ဖြစ်သည်။

မေ ၅ ရက်မှစပြီး အလှပြင်ဆိုင်ကဲ့သို့သော ဈေးဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့ပြီး ဝယ်ယူသူဖောက်သည်များအနေဖြင့် လူဦးရေကန့်သတ်ချက်ဖြင့်သာ ဝယ်ယူနိုင်မည်ဖြစ်သည်။ သို့သော် ဘားဆိုင်များနှင့် စားသောက်ဆိုင်များသည် ပါဆယ်ထုပ်ပိုးမှုဖြင့်သာ ရောင်းချနိုင်ခွင့်ရှိမည်ဖြစ်သည်။ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၊ ဘတ်စ်ကားများနှင့် မြေအောက်ရထားများပေါ်တွင် ပြည်သူများအနေဖြင့် နှာခေါင်းစည်းများဝတ်ဆင်ပြီး လိုက်ပါစီးနင်းရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ ဈေးဆိုင်များ၊ ပြတိုက်များ၊ ယမကာဆိုင်များနှင့် စားသောက်ဆိုင်များကို မေ ၁၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သည်။ ရုပ်ရှင်ရုံများနှင့် ပြပွဲရုံများကို မေ ၂၅ ရက်တွင် ပြန်လည်ဖွင့်ခွင့်ပြုမည်ဖြစ်သည်။ စာသင်ကျောင်းများကို စက်တင်ဘာလအထိတိုင် ပိတ်ပင်ထားမည်ဖြစ်သည်။

စပိန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများအပေါ် မူတည်ပြီး ခရီးသွားလာခွင့် ကန့်သတ်ချက်များကို ထပ်မံဖြေလျှော့ပေးမည်ဖြစ်သည်။ လက်ရှိအချိန်အထိ စပိန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၄၈၃၀၁ ရှိပြီး သေဆုံးသူ ၂၅၄၂၈ ဦးရှိသည်။ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၁၅၁၆၃၃ ဦးရှိကြောင်း သိရသည်။

**ဂျာမနီနိုင်ငံ**

ဂျာမနီနိုင်ငံတွင် ဈေးဆိုင်ငယ်များကို ဧပြီ ၂၀ ရက်မှ စတင်ကာ ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့ပြီး စာသင်ကျောင်းများကို မေ ၄ ရက်မှစပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့ပြီဖြစ်သည်။

ဆံသဆိုင်များ၊ ဘာသာရေးအဆောက်အအုံများ၊ ပြတိုက်များ၊ အထိမ်းအမှတ်ပြခန်းများ၊ တိရစ္ဆာန်ရုံများ၊ ကလေးကစားကွင်းများကို ပြန်လည်ဖွင့်လှစ်ခွင့် ပေးမည်ဖြစ်သည်။ ယဉ်ကျေးမှုစင်တာများ၊ ဘားဆိုင်များ၊ စားသောက်ဆိုင်များ၊ အားကစားရုံများကိုတော့ ပိတ်ပင်ထားဆဲဖြစ်ပြီး လူစုလူဝေးများ ပြုလုပ်ခြင်းကိုလည်း ဩဂုတ် ၃၁ ရက်အထိတိုင် ပိတ်ပင်ထားမည်ဖြစ်သည်။

ဂျာမနီပြည်သူများအနေဖြင့် ဘတ်စ်ကားပေါ် မြေအောက်ရထားပေါ် စသည့် အများပြည်သူဆိုင်ရာ နေရာများတွင် နှာခေါင်းစည်းများ မဖြစ်မနေ ဝတ်ဆင်ရမည်ဖြစ်သည်။

လက်ရှိအချိန်အထိ ဂျာမနီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၅၇၄၅ ဦးရှိပြီး သေဆုံးသူ ၆၈၆၆ ရှိသည်။ ပြန်လည်ကျန်းမာလာသူ ၁၃၂၇၀၀ ဦး ရှိကြောင်း သိရသည်။

**ဩစတြီးယားနိုင်ငံ**

ဩစတြီးယားနိုင်ငံတွင် ဈေးဝယ်စင်တာများ၊ ဆံသဆိုင်များ၊ တင်းနစ်၊ ဂေါက်ကစားကွင်းများကို မေ ၃ ရက်မှစပြီး ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် ခရီးသွားလာခွင့်ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးခဲ့သည်။ လူ ၁၀ ဦးထက်မပိုသော လူစုလူဝေးပြုလုပ်ခြင်းကို ခွင့်ပြုပေးခဲ့သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်းများကို ပြည်သူများအနေဖြင့် လိုက်နာရမည်ဖြစ်သည်။ စားသောက်ဆိုင်များကို မေ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ဖွယ်ရှိသည်။ ပြည်သူများအနေဖြင့် နှာခေါင်းစည်းများဝတ်ဆင်ထားမှသာ အများပြည်သူနှင့် သက်ဆိုင်သောနေရာများသို့ သွားလာခွင့်ရှိမည်ဖြစ်သည်။ ဩစတြီးယားနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၅၆၂၀ ဦးရှိပြီး သေဆုံးသူ ၆၀၀ ရှိသည်။ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူ ၁၃၃၁၆ ဦးရှိသည်။

**ဘယ်လ်ဂျီယံနိုင်ငံ**

ဘယ်လ်ဂျီယံနိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးအတွက် ပိတ်ပင်ထားသော စီးပွားရေးလုပ်ငန်းများကို မေ ၁၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။ သို့သော် လုပ်ငန်းရှင်များအနေဖြင့် ဝယ်ယူသူများအား အကန့်အသတ်ဖြင့်သာ လက်ခံရမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်းကို လိုက်နာရမည်ဖြစ်သည်။ မေ ၁၈ ရက်တွင် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သော်လည်း စာသင်ခန်းတစ်ခန်းတွင် ကျောင်းသား၊ ကျောင်းသူ အများဆုံး ၁၀ ဦးခန့်သာ စာသင်ယူခွင့်ရှိမည်ဖြစ်သည်။ စားသောက်ဆိုင်များကို ဇွန် ၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၀၂၆၇ ဦးရှိပြီး သေဆုံးသူ ၇၉၂၄ ဦးရှိသည်။ ပြန်လည်ကျန်းမာလာသူ ၁၂၃၇၈ ဦးရှိကြောင်း သိရသည်။

**ပေါ်တူဂီနိုင်ငံ**

ပေါ်တူဂီနိုင်ငံတွင် ဆံသဆိုင်များ၊ မော်တော်ကားအရောင်းဆိုင်များကဲ့သို့သော ဆိုင်များကို မေ ၄ ရက်တွင် စတင်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

အထက်တန်းကျောင်းများ၊ ပြတိုက်များ၊ ဘားဆိုင်များ၊ စားသောက်ဆိုင်များနှင့် အနုပညာပြခန်းများကို မေ ၁၈ ရက်တွင် ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သည်။ ရုပ်ရှင်ရုံများကို ဇွန် ၁ ရက်မှစပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည်။

မူလတန်းနှင့် အလယ်တန်းကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဝေးရောက်သင်ယူခြင်းဖြင့်သာ ယခုနှစ်ကုန်ပိုင်းအထိ သင်ယူရမည်ဖြစ်သည်။

ပေါ်တူဂီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၅၅၂၄ ဦးရှိပြီး သေဆုံးသူ ၁၀၆၃ ဦးရှိသည်။ ပြန်လည်ကျန်းမာလာသူ ၁၇၁၂ ဦးရှိသည်။

**ပိုလန်နိုင်ငံ**

ပိုလန်နိုင်ငံတွင် စာကြည့်တိုက်များ၊ ပြတိုက်များအပါအဝင် ဈေးဝယ်စင်တာများနှင့် ယဉ်ကျေးမှုစင်တာများကို မေ ၄ ရက်တွင် စတင်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

မေ ၇ ရက်တွင် အပန်းဖြေပန်းခြံများနှင့် ကလေးကစားကွင်းများကိုပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။

လက်ရှိအချိန်အထိ ပိုလန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၃၉၃၇ ဦးရှိသည်။ သေဆုံးသူ ၆၈၃ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၄၀၉၅ ဦးရှိကြောင်း သိရသည်။

**ဆလိုဗေးနီးယားနိုင်ငံ**

ဆလိုဗေးနီးယားနိုင်ငံတွင် ဆံသဆိုင်များ၊ ပြတိုက်များ၊ စာကြည့်တိုက်များနှင့် အားကစားရုံများအပါအဝင် ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များကို မေ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သည်။ သို့သော် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ပြည်သူများအနေဖြင့် နှာခေါင်းစည်းများကို မဖြစ်မနေ ဝတ်ဆင်ရမည်ဖြစ်သည်။ ဆလိုဗေးနီးယားနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၃၉ ဦးရှိပြီး သေဆုံးသူ ၉၇ ဦးရှိကာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၂၄၁ ဦးရှိသည်။

**ဟန်ဂေရီနိုင်ငံ**

ဟန်ဂေရီနိုင်ငံ၏မြို့တော် ဘူဒါပက်စ်အတွင်းရှိ ဈေးဆိုင်များမှအပ အခြားမြို့များရှိ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ကမ်းခြေများ၊ ရေကူးကန်များကို မေ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သည်။ သို့သော် အများပြည်သူနှင့်သက်ဆိုင်သော နေရာများသို့ သွားလာရာတွင် ပြည်သူများအနေဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်ထားရမည်ဖြစ်သည်။

ဟန်ဂေရီနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၀၃၅ ဦးရှိပြီး သေဆုံးသူ ၃၅၁ ဦးရှိသည်။ ပြန်လည်ကျန်းမာလာသူ ၆၃၀ ရှိကြောင်း သိရသည်။

**ခရိုအေးရှားနိုင်ငံ**

ခရိုအေးရှားနိုင်ငံတွင် ဈေးဆိုင်များ၊ ပြတိုက်များ၊ စာကြည့်တိုက်များနှင့် ဘတ်စ်ကားများ၊ ရထားလိုင်းများကို ပြီးခဲ့သည့်ရက်သတ္တပတ်က ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ မေ ၂ ရက်မှစပြီး ဘာသာရေးဆိုင်ရာ အဆောက်အအုံများသို့ သွားလာခွင့်များကို ပြန်လည်ခွင့်ပြုပေးခဲ့သည်။ မေ ၄ ရက်တွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ထိတွေ့ဆက်ဆံရသည့် ဆံပင်ညှပ်ဆိုင်ကဲ့သို့သော စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ဘားဆိုင်များ၊ စားသောက်ဆိုင်များကို မေ ၁၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။ ထို့ပြင် ၁၀ ဦးထက်ပိုသော လူစုလူဝေးခြင်းကိုလည်း ခွင့်ပြုပေးမည်ဖြစ်သည်။ ကစားကွင်းများနှင့် မူကြိုကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ခွင့် ပေးမည်ဖြစ်သည်။ လက်ရှိအချိန်အထိ ခရိုအေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၁၀၀ ဦးရှိပြီး သေဆုံးသူ ၈၀ ရှိသည်။ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၁၅၂၂ ဦးရှိသည်။

**ဆားဘီးယားနိုင်ငံ**

ဆားဘီးယားနိုင်ငံတွင် ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များကို မေ ၄ ရက်တွင်ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ အလားတူမြို့ပတ်ရထား၊ ခရီးဝေးပြေးဆွဲရသောမီးရထားလိုင်းများ၊ ဘတ်စ်ကားလိုင်းများကို မေ ၄ ရက်တွင် စတင်ပြေးဆွဲခွင့်ပြုခဲ့သည်။ သို့သော် ခရီးသည်များအနေဖြင့် နှာခေါင်းစည်းများ မဖြစ်မနေ ဝတ်ဆင်ထားရမည်ဖြစ်သည်။

ဈေးဝယ်စင်တာများကို မေ ၈ ရက်နှင့် ကလေးကစားကွင်းများကို မေ ၁၁ ရက်များတွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။ သို့သော် ညမထွက်ရအမိန့်မှာ ဆက်လက်အသက်ဝင်နေဆဲဖြစ်သည်။ လက်ရှိအချိန်အထိ ဆားဘီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၅၅၇ ဦးရှိပြီး သေဆုံးသူ ၁၉၇ ဦးရှိသည်။ ပြန်လည်ကျန်းမာလာသူ ၁၅၇၄ ဦးရှိကြောင်း သိရသည်။

**ဂရိနိုင်ငံ**

ဂရိနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်တားဆီးရေးအတွက် ရပ်နားထားသော စီးပွားရေးလုပ်ငန်းများအနက် ၁၀ ရာခိုင်နှုန်းနီးပါးကို မေ ၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သည်။ အဆိုပါစီးပွားရေးလုပ်ငန်းများတွင် ဆံပင်ညှပ်ဆိုင်များ၊ အလှပြင်ဆိုင်များ၊ စာကြည့်တိုက်များ၊ အီလက်ထရွန်နစ်ပစ္စည်းဆိုင်များ၊ အားကစားဆိုင်များနှင့် စိုက်ပျိုးရေးအရောင်းဆိုင်များပါဝင်သည်။

ဈေးဆိုင်များကို မေ ၁၁ ရက်တွင် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဈေးဝယ်စင်တာများကို ဇွန် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

လက်ရှိအချိန်အထိ ဂရိနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၆၂၆ ဦးရှိပြီး သေဆုံးသူ ၁၄၄ ဦးရှိသည်။ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၁၃၇၄ ဦးရှိသည်။

**ကိုးကား- အေအက်ဖ်ပီ၊ အာတီအီး**

## ပြည်တွင်းသတင်း

# ပေါက်မြို့နယ်၌ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

ပေါက် မေ ၄

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် သရက္ကန်ကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ ယမန်နေ့ ည ၈ နာရီ မိနစ် ၅၀ က မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ လက်ပံတိုရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ယာမြေအတွင်း ရေနံတူးဖော်လုပ်ကိုင်သူ မြို့ခင်သာကျေးရွာနေ ဝင်းကို(ခ)အောင်ဆွေဦးသည် ရေနံတွင်းမှ ရေနံခပ်နေစဉ် ရေနံခပ်ခွက်နှင့် အထိုင်သံပိုက်တို့ ပွတ်တိုက်မိရာမှ အပူလွန်ကဲပြီး ဓာတ်ငွေ့နှင့်ထိတွေ့ကာ မီးလောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ရေနံကျင်း၏ ၁၀ ပေခန့်အကွာရှိ မြေကျင်းတူး၍ မိုးကာခင်းထားသည့် ရေနံစိမ်းလှောင်ကန်ထဲရှိ ရေနံစိမ်း ဂါလန် ၂၅၀၀ နှင့် ရေနံတူးရာတွင် အသုံးပြုသည့်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရာ ဝင်းကို(ခ) အောင်ဆွေဦးအား ရေပြာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကော့သောင်းနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီက ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် တပင်ရွှေထီးလမ်း (၃)ခန်းတွဲ တန်းလျား အခန်း(၁)နေ ဖြိုးမင်းဦး(ခ) ဖိုးခွား၏အခန်းအား ရှာဖွေရာ စိတ်ကြွဆေးပြား ၁၄၆၀ ၊ ဘိန်းစာမှုန့် သုည ဒသမ ၀၆ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် တပ်ကုန်းလမ်း အမှတ်(၃၇၅)ရှိ စိုးမင်းထွန်း(ခ)သားကြီး(ခ)ကလင်၏နေအိမ်အား ရှာဖွေရာ စိတ်ကြွဆေးပြား ၂၁၅၀၊ ငွေကျပ် ၆၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။




အလားတူ ယင်းနေ့ ညပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နမ့်တွန်းကျေးရွာအုပ်စု နမ့်ဟူးကျေးရွာနေ မလူရှောက်ဆီ၏နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၂၀၀ ၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# ရပ်ထားသည့် သုံးဘီးဆိုင်ကယ်အား ဆိုင်ကယ် ဝင်တိုက်၍ တစ်ဦးသေဆုံး

ညောင်ဦး မေ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်ဦး-ချောက်သွား ကားလမ်းမိုင်တိုင် (၅/၇-၈)ကြား၌ ယမန်နေ့ ည ၇ နာရီ မိနစ် ၂၀ က ကျော်လွင် မောင်းနှင်ပြီး ဒေါ်စိမ်းစိမ်း၊ မခင်မီမီကျော်၊ မပပြည့်ပြည့်ဝင်းတို့ လိုက်ပါလာသော သုံးဘီးဆိုင်ကယ်သည် ကားလမ်းယာဘက်ခြမ်းပေါ်တွင် ရပ်တန့်၍ ဖုန်းပြောနေစဉ် လားရာတူအတိုင်း အောင်ကျော်လင်း မောင်းနှင်လာသော ဆိုင်ကယ်က ဝင်တိုက်မိရာ အောင်ကျော်လင်းတွင် ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ကျော်လွင်တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ကျော်လွင်နှင့် အောင်ကျော်လင်းအား ပုဂံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြို့နယ်အချို့တွင် ဒေသန္တရအမိန့်ကို လိုက်နာမှုမရှိသူများအား အရေးယူ

**ဒီပဲယင်း**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် စိုင်ပြင်မြို့တွင် ညမထွက်ရ အမိန့်လိုက်နာခြင်း ရှိ၊ မရှိ ကင်းလှည့်ဆောင်ရွက်နေစဉ် အင်ပင်ကြီးကျေးရွာ၊ ဆပ်ပြာကျင်းကျေးရွာနှင့် ဘုတ်ရွာကျေးရွာတို့မှ အောင်ဖြိုးဟိန်းပါ ၁၀ ဦးသည် ဆိုင်ကယ်ငါးစီးဖြင့် စိုင်ပြင်မြို့အတွင်းသို့ ဝင်ရောက်လာခဲ့ရာ အကြောင်းတစ်စုံတစ်ရာ ခိုင်မာခြင်းမရှိဘဲ မိမိတို့နေထိုင်ရာ နေအိမ်ဥပစာ ပြင်ပသို့ နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း ညမထွက်ရအမိန့်ကို ဖောက်ဖျက်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က တရားစွဲဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုကို မေ ၄ ရက်တွင် ဒီပဲယင်းမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာ အောင်ဖြိုးဟိန်းပါ ကိုးဦးအား အလုပ်နှင့်ထောင်ဒဏ် သုံးလစီကျခံစေရန်နှင့် ဟိန်းထက်စိုး (ကလေးသူငယ်)အား ငွေဒဏ်ကျပ် တစ်သိန်း ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **မွေးကြူဇင်**

---

**ရွှေကူ**

ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဆန်းလွင်ဦးနှင့်အဖွဲ့သည် မေ ၄ ရက် နံနက် ၃ နာရီခန့်တွင် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းတာဝန်များဆောင်ရွက်နေစဉ် ဗိုလ်ချုပ်လမ်းမပေါ်တွင် ရွှေကူမြို့ အမှတ်(၂) ရပ်ကွက်နေ ဇင်ကိုနှင့် လှိုင်မျိုးအောင်တို့ နှစ်ဦးအား တွေ့ရှိရသဖြင့် စစ်မေးရာ ပြင်ပသို့ ရောက်ရှိသည့်အကြောင်းရင်းအား ခိုင်လုံသည့်အထောက်အထားတစ်စုံတစ်ရာ ပြောနိုင်ခြင်းမရှိသဖြင့် ၎င်းတို့နှစ်ဦးအား ရွှေကူမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် တစ်လ ချမှတ်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**

---

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့အတွင်း ည ၁၀ နာရီမှ နံနက် ၄ နာရီထိ ညမထွက်ရ ဒေသန္တရအမိန့်ကို လိုက်နာခြင်း ရှိ၊ မရှိ မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မေ ၂ ရက် ည ၁၁ နာရီ ၅၀ မိနစ်တွင် (၄)ရပ်ကွက်၌ လှည့်လည်စစ်ဆေးနေစဉ် ရဲမင်းပါ ၁၅ ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

**တာချီလိတ်**

ရှမ်းပြည်နယ် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မေ ၃ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က ညမထွက်ရ ဒေသန္တရအမိန့်ကို လိုက်နာခြင်း ရှိ၊ မရှိ မကာဟိုခမ်းရပ်ကွက်၌ လှည့်လည်စစ်ဆေးဆောင်ရွက်နေစဉ် အောင်ထွေးပါ နှစ်ဦးအား ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

**ပျဉ်းမနား**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် ည ၁၀ နာရီ မိနစ် ၄၀ က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မင်္ဂလာရပ်ကွက် စက်ရုံဘုန်းကြီးကျောင်းရှေ့လမ်းမပေါ်တွင် နေလင်းအောင်အား တွေ့ရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဝေါမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် တာဝါတိုင်များ တိမ်းစောင်းမှုဖြစ်

ဝေါ မေ ၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျိုက်လှတွင် ယမန်နေ့ ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဝေါမြို့နယ်နှင့် ကျိုက်လှကျေးရွာအနီးရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း (ကျိုက်လှကျေးရွာ၊ ကေရာဇ်ကျေးရွာ) ပို့လွှတ်ထားသော လျှပ်စစ်ဓာတ်အား တာဝါတိုင် တိမ်းစောင်းမှု ဖြစ်ပွားခဲ့သည်။

ဓာတ်အား အမြန်ပြန်လည် ရရှိရေးအတွက် ဝေါမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးမိုး၊ လျှပ်စစ်လိုင်းတာဝန်ခံ ဦးဝင်းသိန်းနှင့် ဝန်ထမ်းများက တာဝါတိုင် လေးတိုင် အသစ်လဲခြင်းနှင့် တိမ်းစောင်းသွားသည့် တာဝါတိုင် ၁၁ တိုင်အား ကျေးရွာသို့ ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့်လူ၊ တိရစ္ဆာန်တို့ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။ **အောင်မြတ်လင်း (ပြန်/ဆက်)**



# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၄

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၄၂ စီး၊ သွင်းကုန် ၈၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၂၀ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ ဒသမ ၁၉၅ သန်း) စုစုပေါင်း တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈ ဒသမ ၂၁၅ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၈၉/၆) စစ်တောင်းကျေးရွာအနီး၌ ရပ်တန့်ထားသော တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်သည့် Nissan X-Trail ယာဉ်တစ်စီး၊ Mazda Bango Light Truck ယာဉ်တစ်စီး စုစုပေါင်း လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် အဆောက်အအုံအချို့ အမိုးလန်ပျက်စီး

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် မေ ၃ ရက် ညနေ ၆ နာရီ ၅၅ မိနစ်ခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကသာမြို့နယ်အတွင်းရှိ ရေနီကျေးရွာတွင် နေအိမ် လေးလုံး၊ ဒုံးအော့ကျေးရွာတွင် နေအိမ် တစ်လုံးနှင့် စာသင်ကျောင်း တစ်ကျောင်း၊ ရွှေပြည်သာကျေးရွာတွင် ကျေးရွာခွဲအုပ်ချုပ်ရေးမှူးရုံး တစ်ရုံး စုစုပေါင်း အဆောက်အအုံ ခုနစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ရဲအောင်(ကသာ)**



**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကြံခတ်အိုင်ကျေးရွာပါ သုံးရွာ၌ မေ ၂ ရက် မွန်းလွဲ ၃ နာရီတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၆၄ လုံး အမိုးလန်၍ ၃၂ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**တောင်သာ**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဇီးပင်ကန်သာကျေးရွာ၌ မေ ၂ ရက် ည ၁၁ နာရီ မိနစ် ၅၀ က လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ကြောင်း၊ အလားတူ ကြီးပင်တဲကျေးရွာ၌ မေ ၃ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**တိုက်ကြီးနှင့် ခရမ်းမြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရေလဲကြီးကျေးရွာပါ နှစ်ရွာ၌ မေ ၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ခြောက်လုံးနှင့် ခရမ်းမြို့နယ် ဒေါပုံစုကျေးရွာ၌ နေအိမ် နှစ်လုံးတို့မှာ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ မေလ (၃)ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၃–၅–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ရောဝတီ ဖောင်ဒေးရှင်း | ၅,၀၀၀.၀၀ |
| ၂။ | ဖူလီလိုက် ကုမ္ပဏီအုပ်စုဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးလီကျိန်းချန်(ခ)ဦးလျှိုအားပေါက်၊ ဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင် | ၁,၁၅၀.၀၀ |
| ၃။ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ညီနောင်အသင်း (၁၁)နှင့် FID ဟိုတယ်များ | ၁,၀၀၀.၀၀ |
| ၄။ | ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်း | ၁,၀၀၀.၀၀ |
| ၅။ | ဒေါ်အေးတင့်၊ ဒဂုံ(အရှေ့) | ၅၀၀.၀၀ |
| ၆။ | မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဝင် ပုဂ္ဂလိကဆေးရုံများ | ၄၂၀.၀၀ |
| ၇။ | ပြည်သူ့ဂုဏ်ရည်အသင်းနှင့် အဝေးရောက် မြန်မာတိုင်းရင်းသားမိသားစု အလှူရှင်များ | ၄၀၃.၀၀ |
| ၈။ | IEM Co.ltd | ၃၀၀.၀၀ |
| ၉။ | မျိုးချစ် ကုမ္ပဏီ၊ တောင်ကြီးမြို့ | ၃၀၀.၀၀ |
| ၁၀။ | BF Science & Technology Co.,ltd. | ၂၀၀.၀၀ |
| ၁၁။ | စိုးအောင်ဘရားသား လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး | ၂၀၀.၀၀ |
| ၁၂။ | SUN Pharma | ၂၀၀.၀၀ |
| ၁၃။ | မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် | ၁၉၁.၅၀ |
| ၁၄။ | DANONE DUMEX (executed by DKSH Myanmar) | ၁၅၀.၀၀ |
| ၁၅။ | စင်ကာပူနိုင်ငံ မင်္ဂလာဝိဟာရကျောင်းဆရာတော် ဦးစိတ္တရ (ဇင်ဝေသော်) ဦးဆောင်သော လူတစ်ရာသိန်းတစ်ရာစီမံကိန်း အလှူရှင်များ | ၁၅၀.၀၀ |
| ၁၆။ | ဆေးတက္ကသိုလ်(၁)ရန်ကုန် ၁၁/၉၅ ကျောင်းသား/သူဟောင်းများ | ၁၄၈.၀၀ |
| ၁၇။ | EY UTW Advisory ltd (EY Myanmar) | ၁၄၀.၀၀ |
| ၁၈။ | Zawgyi Premier Co.,ltd. | ၁၀၀.၀၀ |
| ၁၉။ | The Real Trading Co.,ltd. | ၁၀၀.၀၀ |
| ၂၀။ | ဦးကျော်သူရ+ ဒေါ်ဝါဝါအောင် MBP Counstructions Co.,ltd. | ၁၀၀.၀၀ |
| ၂၁။ | မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးရေးအသင်း | ၁၀၀.၀၀ |
| ၂၂။ | ဩစတြေးလျရောက် မြန်မာမိသားစု | ၇၆.၀၀ |
| ၂၃။ | RIT 1984–93 Friends Foundation | ၆၁.၀၀ |
| ၂၄။ | SATHAPANA ltd | ၆၀.၀၀ |
| ၂၅။ | Burmese Medical Association Australia | ၅၅.၅၀ |
| ၂၆။ | No1 Foundation Unilever Distributors | ၅၄.၀၀ |
| ၂၇။ | U Thuyein Myint Shwe & Daw Sandar Tin Tun Family | ၅၁.၀၀ |
| ၂၈။ | U Thein Aung + Daw Khin Than Win | ၅၀.၀၀ |
| ၂၉။ | ATG Systems Co.,ltd. | ၅၀.၀၀ |
| ၃၀။ | Unilever EAC Co.,ltd. (CD Team) | ၅၀.၀၀ |
| ၃၁။ | ၁၉၆၈ ဆေးတက္ကသိုလ်ဝင် ဆရာဝန်များနှင့် သူငယ်ချင်းများ | ၄၄.၁၂၈ |
| ၃၂။ | Mitaus Co.,ltd. | ၃၆.၃၅ |
| ၃၃။ | နီလာ၊ လေးနွယ်၊ သူဇာ၊ စန္ဒာ၊ နွယ်နီ၊ သက်စန္ဒာ၊ အိ၊ ကလျာ | ၃၀.၀၀ |
| ၃၄။ | Zifam Pyrex Myanmar Co., Ltd. နှင့် အထက်မြန်မာပြည် အရောင်းကိုယ်စားလှယ်ကြီးများ အလှူငွေ | ၃၀.၀၀ |
| ၃၅။ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဝန်ထမ်းများ | ၂၅.၀၀ |
| ၃၆။ | ရန်ကုန်ပညာရေးတက္ကသိုလ် မိသားစု ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ | ၂၅.၀၀ |
| ၃၇။ | Zawgyi Agri trade ltd | ၂၀.၀၀ |
| ၃၈။ | မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း (ILAM) | ၂၀.၀၀ |
| ၃၉။ | U Kyi Lin And Kai Lin Family (Singapore) | ၂၀.၀၀ |
| ၄၀။ | အေးကမ္ဘာစိုပြေ Co.,ltd. | ၂၀.၀၀ |
| ၄၁။ | အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့မှ ကိုစိုးပြည့်ထူး+ ဒေါ်မေဖြိုးဦး မိသားစု | ၁၆.၈၇ |
| ၄၂။ | The Salvation Army ကယ်တင်ခြင်းတပ်အသင်းတော် | ၁၅.၂၀ |
| ၄၃။ | Zawgyi Supply Chain ltd | ၁၅.၀၀ |
| ၄၄။ | ဒိန်းမတ်ရောက်မြန်မာနိုင်ငံသားများ | ၁၅.၀၀ |
| ၄၅။ | Zawgyi Group Staffs | ၁၂.၃၅ |
| ၄၆။ | (1984–94) သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသူ/သားဟောင်းများမှ စုပေါင်းလှူဒါန်းငွေ | ၁၂.၀၀ |
| ၄၇။ | တစ်နိုင်ငံလုံးဆိုင်ရာ အခြေခံခာတ်ခွဲကျွမ်းကျင် (၃) များအဖွဲ့ | ၁၁.၆၀ |
| ၄၈။ | Tatee Design School | ၁၀.၂၄ |
| ၄၉။ | Emerald Water Co.,ltd. | ၁၀.၀၀ |
| ၅၀။ | ဒေါ်မေသင်နှင့် သူငယ်ချင်းများ | ၁၀.၀၀ |
| ၅၁။ | ဒေါ်ခင်ထားနွယ်(တွဲဖက်ပါမောက္ခ)၊ ဒေါက်တာလင်းဖေသန်း (သွားဆေးတက္ကသိုလ်ရန်ကုန်)+ ဒေါ်ဝင်းမင်းပ မိသားစု | ၁၀.၀၀ |
| ၅၂။ | Ever Sunny Industrial Co.,ltd. | ၁၀.၀၀ |
| ၅၃။ | ဂျပန်နိုင်ငံမှ မမေမျိုးလွင် | ၁၀.၀၀ |
| ၅၄။ | ဦးအောင်ကိုနိုင်+ ဒေါ်နှင်းဖြူဖြူအောင် မိသားစု၊ ရန်ကုန်မြို့ | ၁၀.၀၀ |
| ၅၅။ | မြန်မာဘောလီဘောလူမှုရေးအသင်း | ၁၀.၀၀ |
| ၅၆။ | အလ်ဟာဂျ်စိုင်ယဒ်မိုဟမ္မဒ်ဆွာလေဟ် ကိုတဝါလ် (နေပြည်တော်– ပျဉ်းမနား) | ၁၀.၀၀ |
| ၅၇။ | အကြင်နာစွမ်းအား ပရဟိတအသင်း | ၁၀.၀၀ |
| ၅၈။ | Adorable Myanmar Travels & Tours | ၁၀.၀၀ |
| ၅၉။ | ၁၉၈၅ ခုနှစ် စိုက်ပျိုးရေးဘွဲ့ရများ | ၁၀.၀၀ |
| ၆၀။ | ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန) + ဒေါ်ရွှယ်ဂျာ မိသားစု | ၁၀.၀၀ |
| ၆၁။ | Jaiganesh Murugesan | ၁၀.၀၀ |
| ၆၂။ | SUHYUP Microfinance Co.,ltd. | ၁၀.၀၀ |
| ၆၃။ | အဆင့်မြင့် ပညာဦးစီးဌာနဝန်ထမ်းမိသားစု | ၇.၇၀ |
| ၆၄။ | စီးပွားရေးတက္ကသိုလ် သရဖီဆောင် ညီအမများမှ နှစ်သစ်ဦးအလှူဒါန | ၆.၈၀ |
| ၆၅။ | Prof U Myo Thwe + Dr San San Wai | ၆.၀၀ |
| ၆၆။ | ရသုံးမှန်းခြေငွေစာရင်းဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ | ၅.၅၀ |
| ၆၇။ | အခရာအဖွဲ့ | ၅.၀၀ |
| ၆၈။ | ဒေါက်တာထွန်းလွင်နှင့် ဆွေမျိုးများ မိသားစု ရန်ကုန် | ၅.၀၀ |
| ၆၉။ | ဦးဇာနည်ကိုကို + ဒေါ်အေးမူမူသိန်း | ၅.၀၀ |
| ၇၀။ | ဒေါ်ညွှန့်ကြည်နှင့် သားသမီးမြေး တစ်စု၊ လှသောက်ရေသန့် | ၅.၀၀ |
| ၇၁။ | ဒေါ်သင်းသင်းကြည်၊ ဒေါ်လှလှကြည် နွေဦးမိသားစု (ရန်ကုန်) | ၅.၀၀ |
| ၇၂။ | ဦးဇော်ဝင်း + ဒေါ်မြင့်မြင့်ရီ | ၅.၀၀ |
| ၇၃။ | ဒေါ်ညွှန့်ကြည်နှင့် သားသမီးမြေး တစ်စု၊ လှသောက်ရေသန့် | ၅.၀၀ |
| ၇၄။ | HMWE SEINT (Singapore) Premium Danpauk Co.ltd | ၅.၀၀ |
| ၇၅။ | ငွေရေးကြေးရေးစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်နှင့် ဝန်ထမ်းများ | ၄.၇၀ |
| ၇၆။ | ဒေါက်တာစန်းလှိုင် + ဒေါ်ခင်အုံးကြင် မိသားစု | ၃.၀၀ |
| ၇၇။ | ဦးကျော်လွင်မွေးနေ့အလှူ ဦးကျော်လွင်+ဒေါက်တာနီလာလွင် သမီး ခိုင်ထက်ဦး၊ ဖူးဖူးကျော်လွင်၊ သား လင်းသန့်အောင် (ရွှေအိုး)အလှူ | ၃.၀၀ |
| ၇၈။ | ဦးမောင်ဝင်း + ဒေါ်ဝေဝေဦး (အကျဉ်းဦးစီးဌာန၊ အငြိမ်းစား) | ၃.၀၀ |
| ၇၉။ | ဒေါ်မြဒါလီထွဋ်ဗဟန်း | ၂.၀၀ |
| ၈၀။ | ဒေါက်တာမိုးမြတ်မင်း၊ ဒေါက်တာ ဖုန်းထက် | ၂.၀၀ |
| ၈၁။ | ကိုကောင်းမြတ်ထွဋ် + မအိခိုင်ဇင်အောင် | ၁.၀၀ |
| ၈၂။ | ဦးကျော့မှူး + ဒေါ်စိန်တင့် မိသားစု ရန်ကုန် | ၁.၀၀ |
| ၈၃။ | ဒေါ်အေးသိန်း မိသားစု ရန်ကုန်မြို့ | ၀.၅၀ |
| | **စုစုပေါင်း** | **၁၂,၉၆၄.၉၃** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက် အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

# ရင်ကျပ်ပန်းနာ (Asthma) နှင့် ကိုဗစ်ကပ်ရောဂါ (Covid-19)

## ပါမောက္ခ ဒေါက်တာဝင်းနိုင်(အဆုတ်နှင့် ရင်ခေါင်း အထူးကုဆရာဝန်ကြီး)

ယနေ့ မေလ ၅ ရက်နေ့မှာ ကျရောက်တဲ့ "ကမ္ဘာ့ရင်ကျပ်ပန်းနာရောဂါအထိမ်းအမှတ်နေ့ (World Asthma Day)" မှာ ရင်ကျပ်ပန်းနာလို့ခေါ်တဲ့ Asthma ရောဂါနဲ့ ပတ်သက်ပြီး ဗဟုသုတအချို့ မျှဝေပေးချင်ပါတယ်။

ယခုအချိန်ဟာ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် - ၁၉ ဖြစ်ပေါ်နေတဲ့အတွက် အများပြည်သူအပေါင်းဟာ စိုးတထိတ်ထိတ်နဲ့ နေနေရတဲ့အချိန်လည်း ဖြစ်ပါတယ်။ ရင်ကျပ်ပန်းနာရောဂါရှိသူများအနေနဲ့တော့ ပိုပြီးစိုးရိမ်ကြောင့်ကြရှိနေနိုင်ပါတယ်။ ကိုဗစ် – ၁၉ ဟာ ရင်ကျပ်ပန်းနာ (Asthma) ရှိသူတွေမှာ ပိုဖြစ်နိုင်၊ ပိုဆိုးနိုင်တယ်လို့ သိထားကြပါလိမ့်မယ်။ ဒါကြောင့် ခါတိုင်းနဲ့မတူဘဲ ပိုပြီးဂရုစိုက်နေထိုင်ကြရမှာပါ။ ရင်ကျပ်ပန်းနာရှိသူတွေအနေနဲ့ ကိုယ့်ရဲ့ ရောဂါအခြေအနေအပေါ်မူတည်ပြီး သင့်တင့်အောင် နေထိုင်ခြင်းဖြင့် ယခုကျရောက်နေတဲ့ ကမ္ဘာ့ကပ်ရောဂါအချိန်ကာလကို ကောင်းမွန်စွာ ကျော်ဖြတ်နိုင်အောင် ဆန္ဒပြုရင်း သင့်တင့်တဲ့ အကြံပြုချက်တချို့ကို ပြောကြားဖြန့်ဝေချင်ပါတယ်။

**ပထမအမျိုးအစား**

ပထမတစ်မျိုးက ရင်ကျပ်ပန်းနာရောဂါရှိ/မရှိ မသေချာသေးတဲ့ ရင်ကျပ်၊ ချောင်းဆိုး ဖြစ်လေ့ဖြစ်ထရှိသူတွေပါ။ ရင်ကျပ်ပန်းနာရောဂါ ရှိ/မရှိကို မသေချာသေးသူတွေမို့ သေချာအောင် မိသားစုဆရာဝန်၊ အထူးကုဆရာဝန်တွေထံ ပြကို ပြသရမယ့်သူတွေ ဖြစ်ပါတယ်။ အခွင့်သင့်တာနဲ့ အမြန်ဆုံး ပြသကြပါ။ ဆေးရုံ၊ ဆေးခန်းတွေမှာ ရင်ကျပ်လို့၊ ချောင်းဆိုးလို့ပြသရင် အရင့်အရင်တုန်းက ပြဿနာမရှိတတ်ပေမယ့် ဒီနေ့ဒီအချိန်မှာတော့ ကိုဗစ်–၁၉ ကြောင့် ဆရာဝန်၊ ဆရာမတွေက သံသယထားပြီး လူနာကို မေးမြန်းတာ၊ စစ်ဆေးတာတွေရှိမှာပါ။ ကိုဗစ်–၁၉ မှာလည်း ချောင်းဆိုးတာ၊ မောတာ၊ ရင်ကျပ်တာစတဲ့ လက္ခဏာတွေ ရှိနေတာကိုး။

ရင်ကျပ်လူနာတွေမှာတော့ ချောင်းဆိုး၊ မော၊ ကျပ်တာတွေဟာ ဒီ ကိုဗစ်ရောဂါကြီး မရှိခင်ကတည်းက ဖြစ်နေတတ်မယ်။ မိဘမျိုးရိုးမှာပဲဖြစ်ဖြစ်၊ ဆွေမျိုးတွေထဲမှာပဲဖြစ်ဖြစ် ရှိနေတတ်မယ်။ ဒီအချက်တွေကို လူနာကိုယ်တိုင်က ကျကျနန ပြောပြတတ်ရင်တော့ စစ်ဆေးစမ်းသပ်မယ့် ဆရာဝန်၊ ဆရာမတွေအတွက် ရင်ကျပ်ပန်းနာရောဂါကိုပိုပြီး အလေးထားစဉ်းစားမိမှာပေါ့။ ဒါပေမဲ့လည်း ခြွင်းချက်တွေက ရှိနေသေးပါတယ်။ ကိုဗစ်– ၁၉ ရောဂါကို တစ်ထိုင်တည်း "One stop service" နဲ့ ဟုတ်၊ မဟုတ် ပြောဖို့မလွယ်သေးသလို ရင်ကျပ်ပန်းနာရောဂါကိုလည်း တစ်ခါတည်း စမ်းသပ်ရုံနဲ့ တပ်အပ်ပြောဖို့ ခက်ပါတယ်။ အထူးသဖြင့် စမ်းသပ်နေတဲ့အချိန်တွေမှာ ဘာရောဂါလက္ခဏာမှ မပြခဲ့ရင်ပေါ့။ ဒါကြောင့် ကိုဗစ်–၁၉ ရောဂါရှိနေချိန်မှာရော ရောဂါကပ်ကြီး ပြီးသွားချိန်ကျရင်ပါ ရင်ကျပ်ပန်းနာ ရောဂါအခံ ရှိ/ မရှိ သိထားရအောင်ပါ။ ရှိရင်လည်း ကုထားလို့ရအောင်ပါ။

**ဒုတိယအမျိုးအစား**

ဒုတိယအမျိုးအစားကတော့ ရင်ကျပ်ပန်းနာရောဂါရှိတာ သေချာပြီးသား လူနာတွေပါ။ ဆေးမမှန်၍သော်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ရင်ကျပ်ရောဂါထကြွနေသူတွေပါ။ ဒီလူနာတွေလည်း ဆေးရုံ၊ ဆေးခန်းကို အခွင့်သာတာနဲ့ အမြန်ဆုံးပြသသင့်ပါတယ်။ လက်ရှိသောက်နေ ရှူနေတဲ့ နေ့စဉ်မှီဝဲဖို့ ညွှန်ကြားထားတဲ့ဆေးတွေကို နေ့စဉ်မှန်မှန် ဆက်လက်သောက်ပါ။ ရှူပါ။ အကယ်၍များ ရောဂါ ပိုဆိုးလာလို့ အသက်ရှူပိုကျပ်လာတယ်၊ တရွှီးရွှီးမြည်လာမယ်၊ ချောင်းဆိုးမယ်၊ မောလာမယ်၊ စကားပြောရခက်လာမယ်၊ အသားအရေ ပြာနှမ်းလာပြီဆိုရင်တော့ "Acute Severe Asthma" လို့ခေါ်တဲ့ အသက်အန္တရာယ်ရှိတဲ့အထိ ဖြစ်လာပါမယ်။ အရေးပေါ်ဌာနကို အမြန်ဆုံးသွားရပါမယ်။

**အရေးပေါ် သုံးမယ်ဆိုတဲ့ အကြံအစည်**

ဆေးရုံ၊ ဆေးခန်းနဲ့ အရေးပေါ်ဌာနကိုရောက်တဲ့အခါ ရင်ကျပ်နေတာကို ချက်ချင်းသက်သာရာရဖို့အတွက် Nebulizer လို့ခေါ်တဲ့ အငွေ့ရှူစက်နဲ့ ရင်ချောင်စေတဲ့ဆေးတွေ ပေးလေ့ရှိပါတယ်။ အဲဒီဆေးငွေ့တွေ ရှူရှိုက်လိုက်ရပြီဆိုရင် ရင်ကျပ်တာတွေ အတော်အသင့် သက်သာသွားတတ်ပါတယ်။ ချောင်းနည်းနည်းဆိုးပြီး ကျပ်နေတဲ့ ချွဲတွေ ထွက်လာတတ်ပါတယ်။ အသက်ရှူချောင်သွားတတ်ပါတယ်။ အဲဒီတော့ ရင်ကျပ်ပန်းနာ လူနာတချို့က စက်နဲ့ဆေးကိုမေးမြန်းပြီး ဝယ်ဆောင်ထားတတ်ပါတယ်။ နောင်ဖြစ်ရင် အရေးပေါ် သုံးမယ်ဆိုတဲ့ အကြံအစည်ပေါ့။

ဒီနေရာမှာ အချက် သုံးခုကို တင်ပြပါမယ်–

တစ်အချက်က မိမိရဲ့ရောဂါအတွက် မိမိရဲ့ဆုံးဖြတ်ချက်နဲ့ ဒီစက်နဲ့ ဆေးကိုသုံးမှာပါ။ စဉ်းစားကြည့်ရအောင်ပါ။ ရင်ကျပ်ပန်းနာသည်ဟာ နောက်တစ်ချိန် ရင်ကျပ်တာ၊ မောတာဖြစ်ရင် ရင်ကျပ်ပန်းနာကြောင့် ပြန်ကျပ်တာဖြစ်ဖို့ သေချာပါသလား။ အခြားရောဂါတွေ (ဥပမာ နှလုံး၊ အဆုတ်လေအိတ်ပေါက်၊ နမိုးနီးယား စသည်ဖြင့်) ကြောင့်ရော မဖြစ်နိုင်တော့ဘူးလား။ အဲဒီလို အခြားရောဂါတွေကြောင့်ဆိုရင် အနာနဲ့ဆေးလွဲပြီပေါ့။ ရင်ကျပ်ရောဂါထကြွလို့ပဲဆိုရင်လည်း ဆေးချိန်ပမာဏ၊ ဆေးရှူရမယ့်အကြိမ်အရေအတွက်စသည်တို့က အရေးကြီးနေပြန်ပြီလေ။ "တန်ဆေး လွန်ဘေး" မဟုတ်ပါလား။ နောက်တစ်ခုက ရင်ကျပ်ရောဂါဆိုးလာရင် ဘာကြောင့်ဆိုးရသလဲဆိုတာကို ရှာကြည့်ရပါသေးတယ်။ ဆေးရုံ၊ ဆေးခန်းတွေမှာ မေးရ၊ စမ်းရ၊ စစ်ရ လုပ်ရတဲ့အကြောင်းပေါ့။ ရောဂါထကြွစေတဲ့ အကြောင်းသိမှ၊ အဲဒီအကြောင်းရင်းကိုပါ အချိန်မီကုနိုင်ပါမှ ရင်ကျပ်ရောဂါက သက်သာမှာလေ။ ကိုယ့်သဘောနဲ့ကိုယ် ကြိတ်ကုနေရင် ဆေးရုံ၊ ဆေးခန်းအရောက်နောက်ကျပြီး အသက်အန္တရာယ်ရှိတတ်ပါတယ်။

**လမ်းညွှန်ချက်တွေ လိုက်နာရ**

နှစ်အချက်က Nebulizer စက်နဲ့ ပတ်သက်ပါတယ်။ ဒီစက်က ဆေးအရည်ကို အငွေ့အမှုန်လေးတွေဖြစ်အောင် လုပ်ပေးတာပါ။ လူနာက ရှူလိုက်တာနဲ့ လူနာရဲ့ အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းထဲကို တိုက်ရိုက်ရောက်သွားပြီး မိနစ်ပိုင်းအတွင်းမှာ ဆေးအာနိသင်ပြပါတယ်။ အကယ်၍များ ဒီစက်ရဲ့ဆေးရည်ထည့်တဲ့ခွက်ထဲမှာ မသန့်ရှင်းလို့၊ အမှုန်အမွှားတွေ၊ ပိုးတွေရှိနေခဲ့ရင် အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းထဲ တိုက်ရိုက်ရောက်သွားပြီး ရောဂါဖြစ်စေပါလိမ့်မယ်။ ဒါကြောင့် ဒီစက်ပစ္စည်းတွေ ကိုင်တွယ်အသုံးပြုရာမှာ စနစ်တကျရှိဖို့ လမ်းညွှန်ချက်တွေ လိုက်နာရမှာပါ။

**ရင်ကျပ်ပန်းနာမထကြွအောင် မှန်မှန်ဆေးမှီဝဲ**

သုံးအချက်က ယခု ကိုဗစ်–၁၉ ကပ်ရောဂါနဲ့ သက်ဆိုင်ပါတယ်။ ကိုဗစ်–၁၉ ရောဂါရှိနေတဲ့လူနာကို ပေးရှူထားတဲ့စက်နဲ့ တခြားရင်ကျပ်ပန်းနာလူတွေ ရောနှောအသုံးပြုခဲ့ရင် ကိုဗစ်–၁၉ ရောဂါတွေ ကူးစက်ပျံ့နှံ့သွားမှာပါ။ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်၊ ဆရာမတွေအနေနဲ့ ဒီအချက်ကို ကောင်းစွာသဘောပေါက်ပြီး ဖြစ်ပါတယ်။

**ကိုဗစ်-၁၉ ရောဂါရှိနေတဲ့လူနာကို ပေးရှူထားတဲ့စက်နဲ့ တခြားရင်ကျပ်ပန်းနာ လူတွေ ရောနှောအသုံးပြုခဲ့ရင် ကိုဗစ်-၁၉ ရောဂါတွေ ကူးစက်ပျံ့နှံ့သွားမှာပါ။ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်၊ ဆရာမတွေအနေနဲ့ ဒီအချက်ကို ကောင်းစွာ သဘောပေါက်ပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် ကိုဗစ်-၁၉ ရောဂါရှိ လူနာကို Nebulizer စက်နဲ့ ဆေးငွေ့ပေးရှူတာကို အလွယ်တကူ ညွှန်ကြားပေးလေ့မရှိပါဘူး။ အကြောင်းကတော့ ဆေးရှူချိန်နှင့် ရှူပြီးချိန်မှာ ကိုဗစ်-၁၉ လူနာက ချောင်းဆိုးရင် လေထဲမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်စေတဲ့ ပိုးတွေအများကြီး ပါလာပြီး ပတ်ဝန်းကျင်မှာရှိနေတဲ့ လူနာတွေနဲ့ ဆရာဝန်၊ ဆရာမတွေပါ ကူးစက်ကုန်မှာပါ။ လိုအပ်လို့ ပေးရှူရတော့မယ်ဆိုရင် "Aerosol Precaution" လို့ခေါ်တဲ့ "လေမှ ကူးစက်မှုကို ကာကွယ်ခြင်း"ကို အရင်ပြင်ဆင်ပြီးမှ စက်ပေးရှူစေရပါတယ်။**

ဒ့ါအပြင် ကိုဗစ် – ၁၉ ရောဂါရှိ လူနာကို Nebulizer စက်နဲ့ ဆေးငွေ့ ပေးရှူတာကို အလွယ်တကူ ညွှန်ကြားပေးလေ့မရှိပါဘူး။ အကြောင်းကတော့ ဆေးရှူချိန်နှင့် ရှူပြီးချိန်မှာ ကိုဗစ်–၁၉ လူနာက ချောင်းဆိုးရင် လေထဲမှာ ကိုဗစ်–၁၉ ရောဂါ ဖြစ်စေတဲ့ ပိုးတွေအများကြီးပါလာပြီး ပတ်ဝန်းကျင်မှာရှိနေတဲ့ လူနာတွေနဲ့ဆရာဝန်၊ ဆရာမတွေပါ ကူးစက်ကုန်မှာပါ။ လိုအပ်လို့ ပေးရှူရတော့မယ်ဆို ရင် "Aerosol Precaution" လို့ခေါ်တဲ့ "လေမှ ကူးစက်မှုကို ကာကွယ်ခြင်း"ကို အရင်ပြင်ဆင်ပြီးမှ စက်ပေးရှူစေရပါတယ်။ ဒီမျှလောက်ဆိုရင် Nebulizer စက်ရဲ့ကောင်းချက်နဲ့ ဆိုးချက်တွေကို သုံးသပ်နိုင်ပြီလို့ ထင်ပါတယ်။ ဒါကြောင့် အကောင်းဆုံးကတော့ ရပ်ကျပ်ပန်းနာမထကြွအောင် မှန်မှန်ဆေးမှီဝဲပြီး ဘေးကင်းအောင်နေကြဖို့ပါပဲ။

တတိယအမျိုးအစားက ရင်ကျပ်ပန်းနာရောဂါရှိပြီး ဆေးမှန်မှန်မှီဝဲနေလို့ ရောဂါငြိမ်နေတယ်။ ဒါပေမဲ့ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်၊ ဆရာမတွေဆီမှာ ပြန်ပြဖို့ ရက်ချိန်း စေ့နေတဲ့သူတွေပေါ့။ ကမ္ဘာ့ကပ်ရောဂါကြောင့် အသွားအလာ ကန့်သတ်ထားတာတွေ၊ သွားရေးလာရေး ခက်နေတာ တွေ၊ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်တွေနဲ့တွေ့ဖို့ အဆင်မပြေတာတွေ ရှိနေတဲ့သူတွေပေါ့။ အဲဒီလူနာတွေကို အကြံပြုချင်တာက လက်ရှိညွှန်ကြားထားတဲ့ ဆေးတွေမှာ နေ့စဉ်ရှူရန်၊ နေ့စဉ်သောက်ရန်ဆိုတဲ့ ဆေးတွေကို နေ့စဉ် မှန်မှန်ရှူပါ။ သောက်ပါ။ ဆေးမပြတ်ပါစေနဲ့။ ဆေးဆိုင်၊ ဆေးခန်းတွေမှာ ဆေးညွှန်းပြဝယ်ပြီး ဆေးမပြတ်ဖို့ ဆောင်ရွက်ကြပါ။ ကမ္ဘာ့ကပ်ရောဂါဟာ အမြဲရှိနေမှာ မဟုတ်တဲ့အတွက် သွားလာရေးအဆင်ပြေရင် ဆေးရုံ၊ ဆေးခန်းတွေဆီ ပြန်ပြကြပါ။

**ရင်ကျပ်ပန်းနာလို ရောဂါရှိသူတွေမှာ ပိုပြင်းထန်**

စတုတ္ထအမျိုးအစားကတော့ ရင်ကျပ်ပန်းနာရောဂါရှိသော်လည်း ရောဂါငြိမ်နေတဲ့သူတွေ၊ မှီဝဲနေတဲ့ရှူဆေး၊ သောက်ဆေးတွေနဲ့ ရောဂါသက်သာပြီး ဆေးရုံ၊ ဆေးခန်း ရက်ချိန်းဝေးနေသေးတဲ့ သူတွေအတွက်ပါ။ သာမန်လူကောင်းတွေလို နေထိုင်နိုင်တဲ့ကံကောင်းတဲ့ ရင်ကျပ်ပန်းနာလူတွေပေါ့။ ဒါပေမဲ့ သာမန်လူကောင်းတွေထက် ပိုဂရုစိုက်ပြီး နေထိုင်ကြရပါမယ်။ အထူးသဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကိုပေါ့။ ဒီကပ်ရောဂါဟာ ရင်ကျပ်ပန်းနာလို ရောဂါရှိသူတွေမှာ ပိုပြင်းထန်ပါတယ်။ အသက်အန္တရာယ်လည်း ပိုရှိပါတယ်။ ဒါကြောင့် ပိုဂရုစိုက်ရပါမယ်။ အိမ်ထဲမှာပဲ ကြိုးစားနေထိုင်ပါ။ လူလူချင်းခပ်ခွာခွာနေပါ။ နှာခေါင်းစည်းကို လိုအပ်တိုင်းသုံးပါ။ အထူးသဖြင့် အပြင် ထွက်ရင်ပေါ့။ လက်ခဏခဏ ဆေးပါ။ တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုစိုက်ပါ။ စားချိန်၊ အိပ်ချိန်မှန်ပါစေ။ ရင်ကျပ်ပန်းနာနဲ့ပတ်သက်တဲ့ဆေးတွေလည်း နေ့စဉ်မှန်မှန် သုံးစွဲပေးပါလို့ ပြောချင်ပါတယ်။

ကျန်းမာရေးအသိရှိရှိနဲ့ နေ့စဉ်နေထိုင်မှုကို သတိထားပြီး ဤကမ္ဘာ့ကပ်ရောဂါကြီးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ။

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူ အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးရှာဖွေရာတွင် တပ်မတော်ရှိ COBAS 6800 စက်နှစ်လုံးကိုပါ အသုံးပြုသွားမည်

**နေပြည်တော် မေ ၄**

ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးရှာဖွေရာတွင် တပ်မတော်ရှိ COBAS 6800 စက် နှစ်လုံးကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း ယနေ့တွင် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။

**စစ်ဆေးရန် သတ်မှတ်**

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)ရှိ COBAS 6800 စက်ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးရန်အတွက် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ၊ နေပြည်တော် ကောင်စီနယ်မြေ၊ နေပြည်တော်ကောင်စီနှင့် ထိစပ်နေသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ Community Based Facility Quarantine မှာ ထားရှိသူများကိုလည်းကောင်း၊ ရန်ကုန်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) ရှိ COBAS 6800 စက်ဖြင့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ Community Based Facility Quarantine ဝင်ရောက်နေသည့် ရွှေ့ပြောင်းအလုပ်သမားများကိုလည်းကောင်း လိုအပ်ပါက စမ်းသပ်စစ်ဆေးရန် သတ်မှတ်ထားကြောင်း ရေးသားထားသည်။

COBAS 6800 စက်သည် Fully Automatic System ဖြစ်သည့်အတွက် တစ်ရက်လျှင် လူဦးရေ ၁၄၀၀ ခန့်ကို စမ်းသပ်စစ်ဆေးပေးနိုင်မည်ဖြစ်ပြီး စက်ကိုင်တွယ်သူများကို ရောဂါပိုးကူးစက်နိုင်မှု ရာခိုင်နှုန်းနည်းပါးပြီး အမြန်ဆုံး၊ အများဆုံးနှင့် အမှန်ကန်ဆုံး စစ်ဆေးပေးနိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ဧပြီ ၂၄ ရက် ထုတ်ပြန်ချက်အရ သိရသည်။ **ထက်လျှံ**



တပ်မတော်ရှိ COBAS 6800 စက်ကို တွေ့ရစဉ်။

# အင်းစိန်မြို့နယ် ကွယ်ကဘောပုဂ္ဂလိကဆေးရုံ၌ ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးကော်မတီက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီက ကွယ်ကဘော ပုဂ္ဂလိကဆေးရုံအား မြို့နယ်ကြက်ခြေနီအသင်း ကြက်ခြေနီတပ်ခွဲနှင့် Super Sunday လူမှုရေးပရဟိတအဖွဲ့တို့ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါပိုးတွေ့ရှိသူစာရင်းတွင် ယခင်ရက်ပိုင်းက အင်းစိန်မြို့နယ်တွင် ပိုးတွေ့ရှိထားသူ Case 151 ၏ အဆက်ဖြစ်သော အင်းစိန်မြို့နယ် ရွာမ အရှေ့မင်းကြီးလမ်း(ဗဟို)ရှိ ကွယ်ကဘော ပုဂ္ဂလိကဆေးရုံတွင် သူနာပြုတာဝန် ထမ်းဆောင်ခဲ့ကြသော Case 152, 153, 154 အတည်ပြုလူနာသုံးဦး ရောဂါပိုးထပ်မံတွေ့ရှိခဲ့သဖြင့် အဆိုပါ ဆေးရုံအား ယမန်နေ့ညနေတွင် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တာဝန်ရှိသူများက အသွားအလာကန့်သတ်ခြင်း အစီအမံများ ပြုလုပ်ထားရှိပြီး ရောဂါပိုးတွေ့ရှိလူနာများနေထိုင်သည့် ကြို့ကုန်းအနောက် ရပ်ကွက် ခဝဲခြံ (၁) လမ်း၊ (၂) လမ်းများကိုလည်း လူမှုရေးအဖွဲ့များ၊ အင်းစိန်မီးသတ်ဦးစီးဌာနတို့က ယမန် နေ့ နံနက်ပိုင်းတွင် ပိုးသတ်ဆေး ဖျန်းပေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းများလုပ်ဆောင်ရာသို့ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် အတွင်းရေးမှူး ဦးဝင်းနိုင်တို့က မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ခွဲနှင့် လူမှုရေးပရဟိတအဖွဲ့တို့၏ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုများကို ကြီးကြပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ဘားအံ မေ ၄**

ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ယနေ့ နံနက် ၁၀ နာရီက ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)၊ အိန္ဒုတိုက်နယ်ဆေးရုံနှင့် ဖာပွန်ပြည်သူ့ဆေးရုံတို့အတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၅၀၊ Exam Glove ခြောက်ဖာနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၃၁၆၂၀၀ ကို အလှူရှင် ဗိုလ်မှူးတင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်ဝင်း (ရွှေမြစ်သောင်ရင်းကုမ္ပဏီနှင့် City ဆီဆိုင်)မိသားစု ကိုယ်စား ဒေါ်နန်းခင်လှိုင်က ပေးအပ်လှူဒါန်းရာ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

အလားတူ ရွှေမြစ်သောင်ရင်းကုမ္ပဏီနှင့် City ဆီဆိုင် မိသားစုသည် မြဝတီခရိုင် ပြည်သူ့ဆေးရုံနှင့် ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံတို့တွင်လည်း တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၀ စီနှင့် ဆေးပဒေသာပင် ငွေကျပ်သိန်း ၅၀ စီကိုလည်းကောင်း၊ ဧပြီ ၂၄ ရက်က မြဝတီမြို့ အမှတ်(၂)ချစ်ကြည်ရေးတံတားနေရပ်ပြန်များအား ပြန်လည်ကြိုဆိုလက်ခံရေးစခန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ငွေကျပ် သိန်း ၁၅၀ တို့ကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မန္တလေးမြို့ပေါ်ရှိ ပန်းချီဆရာများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

**မန္တလေး မေ ၄**

မန္တလေးမြို့ မန္တလေးတောင်ခြေ ပန်းပြခန်း၌ ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့ပေါ်ရှိ ပန်းချီဆရာများအား ကိုမိုးမြင့်ထွန်း (ပန်းချီမိုးဦး)က အခြေခံစားသောက်ကုန်များ ကူညီပံ့ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ပစ္စည်းများလှူဒါန်းရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ရက်ကန့်သတ်ချက်မထားဘဲ လူဦးရေကုန်သည်အထိ လှူဒါန်းပေးမည်ဖြစ်ကြောင်းနှင့် တစ်ဦးလျှင် ဆန် (၆) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကုလားပဲ (၁) ပိဿာ၊ ကော်ဖီမစ် (၅) ထုပ်၊ အချိုရည် (၂) ပုလင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ အခုလိုလှူဒါန်းတာဟာ Stay Home ကာလမှာ ဘဝတူပန်းချီဆရာတွေ စားသောက်ရေးအဆင်ပြေစေဖို့အတွက် တတ်နိုင်သလောက် လှူဒါန်းတာဖြစ်ပါတယ်" ဟု ပန်းချီမိုးဦးက ပြောသည်။

မန္တလေးမြို့တွင် ပန်းချီဆရာ ၂၀၀ ကျော်ရှိကြောင်း သိရသည်။

**သိန်းဇော် (ကျည်ပွေ့)**

# အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်နေသူများ ဖတ်ရှုလေ့လာနိုင်စေရန် သုတ၊ ရသ စာပေများ လှူဒါန်း

**ကျောက်ပန်းတောင်း မေ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ပုပ္ပားဆောင်တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်နေသူများ စိတ်အပန်းပြေဖတ်ရှုနိုင်စေရန်အတွက် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် BOOK CLUB အဖွဲ့တို့က သုတ၊ ရသနှင့် ဂျာနယ်၊ မဂ္ဂဇင်း မျိုးစုံတို့ကို ယမန်နေ့ နံနက် ၁၀ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့နယ် BOOK CLUB အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း)ရှိ ပုပ္ပားဆောင်တွင် ဖွင့်လှစ်ထားသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်နေသူများနှင့် အလှည့်ကျစောင့်ကြပ်ကြည့်ရှုနေသူများ ဖတ်ရှုနိုင်စေရန် မြို့နယ်ပြန်/ဆက်မှ သုတ၊ ရသစာအုပ် ၅၀၊ မဂ္ဂဇင်း ၃၀ နှင့် ဂျာနယ် ၃၀၊ BOOK CLUB အဖွဲ့မှ သုတ၊ ရသစာအုပ် ၁၅ အုပ်နှင့် ဂျာနယ် ၁၀ စောင်ကို သွားရောက်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်နှင့် ကျန်းမာရေးဌာနမှ တာဝန်ကျဆရာမတို့က လက်ခံရယူခဲ့ကြကြောင်းသိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အလှူငွေနှင့် နှာခေါင်းစည်း လှူဒါန်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မြစ်ကြီးနား မေ ၄**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြစ်ကြီးနားမြို့ မြန်မာ-တရုတ် အမျိုးသားလူမှုကူညီရေးအဖွဲ့မှ အလှူငွေနှင့် နှာခေါင်းစည်းများ လှူဒါန်းသူများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**အထောက်အကူပြု**

အဆိုပါ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင်များ ကိုယ်စား ဦးအောင်မြင့်က ကိုဗစ်-၁၉ ရောဂါကာလအတွင်း စားနပ်ရိက္ခာအခက်အခဲကို အရေးပေါ်ဖြေရှင်းရာတွင် အထောက်အကူပြုစေရန် လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ကပ်ရောဂါကာလအတွင်း ယခုကဲ့သို့ ကိုယ်ကျိုးမဖက် တတ်နိုင်သည့်ဘက်မှ ပြည်နယ်အတွက် လာရောက် လှူဒါန်းသူများအား မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာ-တရုတ်အမျိုးသားလူမှုကူညီရေး အဖွဲ့ကိုယ်စား ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များက အလှူငွေ ကျပ် ၂၀၇၉၀၀၀၀ နှင့် နှာခေါင်းစည်း အခု ၄၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၂၃၉၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**




## ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တေဇကြီး သင်တန်းသား သင်တန်းသူများက အခြေခံစားသောက်ကုန်များ လှူဒါန်း

**ပဲခူး မေ ၄**

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနခွဲစာရေးကြီးဦးသက်ထွန်းနောင် ဦးဆောင်ကာ ယမန်နေ့ ညနေပိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အမှတ်စဉ်(၈၆)တေဇကြီး သင်တန်းသား သင်တန်းသူများစုပေါင်း၍ ကိုဗစ်-၁၉ရောဂါကာလအတွင်း အသက်အရွယ်ကြီး အခြေခံလက်လုပ်လက်စား မိသားစုများအား အခြေခံစားသောက်ကုန်ပစ္စည်း (၅)မျိုး လှူဒါန်းပေးခဲ့သည်။

အခြေခံစားသောက်ကုန်ပစ္စည်း (၅)မျိုးလှူဒါန်းပေးရာတွင် ပဲခူးမြို့ နန်းတော်ရာ ရပ်ကွက်၊ ဥဿာ(၇)လမ်းနှင့် (၈)လမ်း၊ ဥဿာမြို့သစ် (၈)ရပ်ကွက်တို့တွင် နေထိုင်ကြသည့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိကြသော အသက်အရွယ်ကြီးသူ လက်လုပ် လက်စားမိသားစု အိမ်ထောင်စု (၆၀)အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ခေါက်ဆွဲခြောက် များအပြင် လျှော်ဖွပ်အသုံးပြုနိုင်ရန်အတွက် ဆပ်ပြာတောင့်များကိုပါ အိမ်တိုင်ရာရောက် လိုက်လံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ပင်းတယမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြို့အဝင်အထွက်များတွင် ကျန်းမာရေးစစ်ဆေး



**ပင်းတယ မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့အဝင်ပေါက်တွင် မဖြစ်မနေခရီးသွားလာနေရသည့် ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ကိုယ်ပူချိန်တိုင်းတာပေးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပင်းတယမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များက မြို့အဝင်အထွက်ဂိတ်များ၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို ရပ်တန့်စေ၍ လက်ဆေးခြင်း၊ ကိုယ်ပူချိန်တိုင်းတာပေးခြင်းနှင့် နှာခေါင်းစည်းများမပါခဲ့ပါက အခမဲ့တပ်ဆင်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကိုဖြန့်ဝေပေးခြင်းစသည့် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်သည်။ **ခင်မျိုးနွယ်(ပင်းတယ)**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း



**နေပြည်တော်**

(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သွေးလှူဘဏ်နှင့် ဆေးရုံများသို့ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုရား၊ စေတီပုထိုးများကို ရေသပ္ပါယ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘိုးဘွားရိပ်သာများတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ယနေ့တွင် တစ်နိုင်ငံလုံး၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂ ရက်မှစတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ် ၁၅၄ မြို့နယ်ရှိ သွေးလှူဘဏ်နှင့် ဆေးရုံများ၌ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀၉၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅၁ ဦးတို့က သွေးပုလင်းပေါင်း ၁၄၄၁ ပုလင်းလှူဒါန်းခဲ့ကြကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် မန္တလေးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၅ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးများလှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင် သန္ဓေ/အရန်များက သွေးပုလင်းပေါင်း ၅၀ လှူဒါန်းခဲ့ကြပြီး မေ ၅ ရက်တွင် ထပ်မံ၍ သွေးပုလင်း ၅၀ ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

ထို့အပြင် မန္တလေးခရိုင်ရှိ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်ကြီးတံခွန်မြို့နယ်ရှိ YGW မိဘမဲ့ကလေးသူငယ်စောင့်ရှောက်ရေးကျောင်းသို့ အလှူငွေကျပ် ၅၅၀၀၀၀ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**

**ပြင်ဦးလွင်**

ပြင်ဦးလွင်ခရိုင် ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမင်း၊ မြို့နယ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၅ ရက်တွင်ကျရောက်မည့် (၇၄) နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၃ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ သွေးများလှူဒါန်းရာတွင် ပြင်ဦးလွင်မြို့ပေါ်ရှိ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးအနက် ဆေးစစ်အတည်ပြုချက် လှူဒါန်းခွင့်ရရှိသူ ၂၇ ဦး လှူဒါန်းနိုင်ခဲ့သည်။

"ကျွန်တော်တို့ယခုသွေးလှူဒါန်းတာဟာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတာဖြစ်သလို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်မှာ ပြည်သူ့ဆေးရုံကြီးမှာ လိုအပ်နေတာကို ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ ပြည်သူလူထုအပေါ်လည်း တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးတာဖြစ်ပါတယ်" ဟု ခရိုင်ဦးစီးမှူး ဦးလှမင်းက ပြောသည်။ သွေးလှူဒါန်းရာသို့ ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**သိန်းဇော်(ကျည်ပွေ့)**



(၇၄ )နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

**ပွင့်သစ္စာ**

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း



**သထုံ**

(၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်းကာ မေ ၄ ရက်က သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင် ငါးဦး၊ ဘီးလင်းမြို့နယ်မှ တပ်ဖွဲ့ဝင် နှစ်ဦး၊ ကျိုက်ထိုမြို့နယ်မှ ခုနစ်ဦး စုစုပေါင်း တပ်ဖွဲ့ဝင် ၁၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။ **သက်ဦး(သထုံ)**

**တောင်ကြီး**

(၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် မီးသတ်တပ်ဖွဲ့၏ကြီးကြပ်မှုဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ သန္နေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ဆေးရုံကြီး၌ မေ ၄ ရက် နံနက် ၉ နာရီက စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။

(၇၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်နယ်အတွင်း မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးညွန့်ရွှေ (ပြန်/ဆက်)**

**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၄ ရက် နံနက် ၉ နာရီက မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်ခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် ကျောက်ဆည်မြို့နယ် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က သွေးလှူဒါန်းခဲ့ကြရာ ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်ထွန်း၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးကျော်မျိုးထွန်းနှင့် ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြပြီး သွေးတာဝန်ခံ ဆရာဝန်ဒေါက်တာအောင်အောင်ဦးနှင့် ဝန်ထမ်းများက လက်ခံရယူခဲ့ကြပြီးနောက် သွေးလှူဒါန်းသူများအား ကျန်းမာရေးကောင်းမွန်စေရန်အတွက် ကြက်ဥ၊ အားဖြည့်အချိုရည်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(ပြန်/ဆက်)**

**ဟသ်ာတ**

(၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟသ်ာတမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် မေ ၄ ရက် နံနက် ၈ နာရီက ဟသ်ာတခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါသွေးလှူဒါန်းမှုတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးနောင် ဦးဆောင်လမ်းညွှန်မှုဖြင့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများ ၅၈ ဦးတို့က ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်တွင် လှူဒါန်းခဲ့ကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**

**သီပေါ**

(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၅ ဦးတို့သည် မေ ၄ ရက် နံနက် ၉ နာရီက မြို့နယ် ပြည်သူ့ဆေးရုံ သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ပတ္တာကျေးရွာရှိ GAP စနစ်ဖြင့်စိုက်ပျိုးသည့် နှမ်းကေ ၁၀၀ စံပြစိုက်ကွင်း စစ်ဆေး

**စဥ့်ကိုင် မေ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် တောမကျေးရွာအုပ်စု ပတ္တာကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နှမ်း စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (Good Agricultural Practice-GAP) စနစ်ဖြင့် ဧက ၁၀၀ စံပြစိုက်ကွင်းအား ယနေ့ နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်**

အဆိုပါနှမ်းကို GAP စနစ်ဖြင့် ဧက ၁၀၀ စံပြစိုက်ကွင်းတွင်တောင်သူ ၄၄ ဦးဖြင့်စိုက်ပျိုးထားရှိပြီးဆောင်ရွက်ထားမှုအခြေအနေ၊ အပင်များပိုးကျမှုရှိ/မရှိ၊ တစ်လခွဲအတွင်းဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

"အခုလိုနှမ်းကို GAP စနစ်နဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေရရှိအောင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပြီး တောင်သူများအနေဖြင့် ပိုးသတ်ဆေးများကို လိုအပ်မှသာ စနစ်တကျသုံးစွဲစေပြီး အနည်းဆုံး လျှော့ချသုံးစွဲနိုင်အောင် စိုက်ပျိုးထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ထွက်ရှိလာတဲ့ သီးနှံများကိုလည်း ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်စစ်ဆေးပြီး ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဈေးကွက်မှာလည်း စိုက်ပျိုးရေးဦးစီးဌာနကနေ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးက ပြောသည်။

**ဝင်းဝင်းသန်း(စဥ့်ကိုင်)**



## မိုးရာသီကာလရေတိုက်စားမှုဒဏ်ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်မှုလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**မင်းလှ မေ ၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဌာနခွင့်ပြုငွေလုံးငွေရင်းဖြင့် မြို့တွင်း၌ မိုးရာသီကာလ ရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုများမဖြစ်ပွားစေရေးအတွက် မင်းလှမြို့ ခံတပ်ကြီးလမ်း(ဒု)ပိုင်းလမ်းချဲ့ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

မင်းလှမြို့ ခံတပ်ကြီးလမ်းသည် ယခင်ကမိုးရာသီကာလများတွင် မိုးရေတိုက်စားမှုကြောင့် လမ်းများပျက်စီးခြင်းနှင့် လမ်းမပေါ်သို့ ရေများစီးဆင်းမှုကြောင့် ရပ်ကွက်နေပြည်သူများမြို့တွင်းသွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်းသိရကာ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဌာနခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၁၁ ဒသမ ၃ သိန်းဖြင့် မင်းလှမြို့ ခံတပ်ကြီးလမ်း (ဒု)ပိုင်း အရှည်ပေ ၅၉၀ အား အကျယ် ခြောက်ပေ ၊ အမြင့် ငါးပေကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မင်းလှမြို့ ခံတပ်ကြီးလမ်း(ဒု)ပိုင်းအား ရေတိုက်စားမှုအန္တရာယ်ကင်းဝေးစေရေးကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်ဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်အေးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးညီညီထွန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် အချိန်မီပြီးစီးရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်**

## ပိုင်ကျုံနယ်မြေမီးသတ်ဦးစီးဌာနမှ ရေလိုအပ်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာများသို့ ရေလှူဒါန်းလျက်ရှိ

**ပိုင်ကျုံ မေ ၄**

ကရင်ပြည်နယ် ပိုင်ကျုံမြို့တွင် အပူချိန်မြင့်မားမှုကြောင့် ယခုနှစ် နွေရာသီတွင် နောင်ခလုံးကျေးရွာ၌ ရေရှားပါးလျက်ရှိရာ ပိုင်ကျုံနယ်မြေမီးသတ်ဦးစီးဌာနမှ သောက်သုံးရေများရရှိရန်အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နောင်ခလုံးကျေးရွာ၌ ယခင်နှစ်များက ရေတွင်းများ ခန်းခြောက်မှုမရှိဘဲ သောက်သုံးရေများ ဖူလုံစွာသုံးစွဲခဲ့ကြပြီး ယခုနှစ်နွေရာသီတွင် ကျေးရွာအတွင်းရှိ ရေတွင်းများ ခန်းခြောက်ခြင်းကြောင့် သောက်သုံးရေများလိုအပ်လျက်ရှိရာ ပိုင်ကျုံမြို့ နယ်မြေမီးသတ်စခန်းမှ ယခုကဲ့သို့ ကူညီဆောင်ရွက်ပေးနေမှုအား အထူးကျေးဇူးတင်လျက်ရှိကြောင်းကို နောင်ခလုံးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်အုန်းထံမှ သိရသည်။



ပိုင်ကျုံမြို့တွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ပိုင်ကျုံနယ်မြေ မီးသတ်ဦးစီးဌာနမှ ရေများလှူဒါန်းလျက်ရှိရာ သောက်သုံးရေများ လိုအပ်ပါက ပိုင်ကျုံနယ်မြေမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးစောထီးမူးဂျူး ဖုန်း ၀၉-၄၄၂၆၉၃၇၁၂ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **စောပီဖိုး(ပြန်/ဆက်)**

## ငမိုးရိပ်ချောင်းနံဘေး ထူးကဲဒီရေ တက်ရောက်မှုဒဏ်မှ ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ချောင်းနံဘေးရပ်ကွက်များတွင် နှစ်စဉ် ထူးကဲဒီရေတက်သည့်အခါတိုင်း ရေကြီးရေလျှံခြင်းများဖြစ်ပေါ်လျက်ရှိရာ မိုးဦးကာလတွင်ဖြစ်ပေါ်နိုင်သော ထူးကဲဒီရေတက်ခြင်းနှင့် ရေကြီးရေလျှံခြင်းများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ငမိုးရိပ်ချောင်းနံဘေးတစ်လျှောက် မြေသားတမံဖို့ကာ ရပ်ကွက်ပတ်လမ်းအဖြစ်ဖော်ဆောင်လမ်း ပြုလုပ်လျက်ရှိရာသို့ သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်း၊ မြို့နယ်စည်ပင်သာယာကော်မတီ အဖွဲ့ဝင်(၂)ဦးမင်းသိန်းဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေစီးရေလာဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်ခင်သင်းသင်းနိုင်တို့နှင့်အတူ (၃၀)ရပ်ကွက်ရှိ ရပ်ကွက်ပတ်လမ်း (ငမိုးရိပ်ချောင်းဘေး) ဖော်ဆောင်ခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုကာ လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ရဲမင်းထွန်း (ပြန်/ဆက်)**

## မိတ္ထီလာတွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၆၀၀၀၀ကျော် ထုတ်ချေးမည်

**မိတ္ထီလာ မေ ၄**


မိတ္ထီလာတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ ကျပ်သိန်းပေါင်း ၆၀၀၀၀ ကျော်ကို မေလမှ စက်တင်ဘာလအတွင်း ပြီးစီးအောင်ထုတ်ချေးမည်ဖြစ်ပြီး ကိုဗစ်-၁၉ရောဂါကွယ်ရေးအတွက် လူစုလူဝေးမဖြစ်ရန် အထက (၂)၌ ချေးငွေထုတ်ချေးပေးမည်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခရိုင်မန်နေဂျာ ဒေါ်ခင်ဆွေမျိုးတင်ထံမှ သိရသည်။

"မိတ္ထီလာမှာ ကျေးရွာအုပ်စု ၅၅ အုပ်စု၊ တောင်သူ ၁၀၃၀၀ ဦးခန့်ကို လယ် ၁၇၂၁၉ ဧက၊ ယာ ၃၉၁၅၃ ဧက အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ၂၀၂၀ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေါင်း ၆၄၉၈၁၁၁၀၅၀ သိန်း ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ စပါး(လယ်) တစ်ဧကကို ကျပ်၁၅၀၀၀၀၊ ယာသီးနှံတစ်ဧကကို ကျပ် ၁၀၀၀၀၀နှုန်းနဲ့ ထုတ်ချေးမှာ ဖြစ်ပါတယ်။ အရင်နှစ်တွေတုန်းက ယာသီးနှံထဲမှာ နှမ်း၊ မြေပဲ၊ ဝါတို့ပဲ ပါပေမယ့် ဒီနှစ်ဆီထွက်သီးနှံ နေကြာနဲ့ စားဖိုဆောင်သီးနှံ ကြက်သွန်၊ ငရုတ်နဲ့ ပဲအမျိုးမျိုးလည်း ပါဝင်ပါတယ်။ ချေးငွေထုတ်ချေးတဲ့နေရာကို အရင်နှစ်တွေက ဘဏ်မှာပဲ ထုတ်ချေးခဲ့ပေမယ့် ဒီနှစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အတွက် အထက ( ၂ )နေရာမှာ ပြောင်းရွှေ့ပြီး ငွေထုတ်ကောင်တာနှစ်ခု ဖွင့်လှစ်ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာ ဒေါ်ခင်မျိုးဆွေတင်က ပြောသည်။

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများကို မကြာမီရက်ပိုင်းအတွင်း ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တစ်ရက်လျှင် တောင်သူဦးရေ ၁၀၀ ခန့်အား ထုတ်ချေးပေးနိုင်ရန်စီစဉ်ထားပြီး လာရောက်ထုတ်ချေးယူသည့်တောင်သူ ၂၀၀ ခန့် ရှိပါက နံနက်တစ်ချိန်၊ မွန်းလွဲတစ်ချိန် နှစ်ပိုင်းခွဲ၍ ထုတ်ချေးပေးနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်း ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခဲ့သည့်ချေးငွေအားလုံးကို မတ် ၂၆ ရက်က တောင်သူများထံမှ အားလုံးပြန်လည်ကောက်ခံရရှိခဲ့ကြောင်းလည်း မိတ္ထီလာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တာဝန်ရှိသူထံမှသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**





## ဆိပ်ဖြူမြို့နယ်၌ နွေရာသီနေကြာစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ဆိပ်ဖြူ မေ ၄**

မကွေးတိုင်းဒေသကြီးဆိပ်ဖြူမြို့နယ်တွင် နွေရာသီကာလ နေကြာစိုက်ပျိုးလျက်ရှိသည့်တောင်သူများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိကာ နွေရာသီကာလတွင် ပဲတီစိမ်းနှင့် နွေနှမ်းတို့ကို ရေသွင်းစိုက်ပျိုးခဲ့ကြပြီး ယခုနှစ်နွေရာသီတွင် နေကြာကို ရေသွင်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။ ထိုသို့စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးတောင်သူများအနေဖြင့် ပဲတီစိမ်းနှင့် နွေနှမ်းစိုက်ပျိုးထုတ်လုပ်မှုတို့ထက် စိုက်ပျိုးစရိတ်၊ လုပ်သားစရိတ်ကုန်ကျမှုတို့ကို သိသိသာသာ လျှော့ချစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နေကြာမျိုးကို နေပြည်တော် တပ်ကုန်း စိုက်ပျိုးရေးသုတေသနခြံမှ နေကြာမျိုးစေ့များမှာယူ၍ ဆောင်းသီးနှံအဖြစ်သာ စိုက်ပျိုးထုတ်လုပ်ခဲ့ရာမှ ယခုနှစ် နွေရာသီမှစတင်၍ စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး လက်ရှိ တောင်သူငါးဦးခန့် စိုက်ပျိုးလျက်ရှိသည်။

နွေသီးနှံနေကြာ သီးထပ်အဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပြီး ဆောင်းသီးနှံ ကြက်သွန်နီ စိုက်ပျိုးပြီးတူးဖော်ခဲ့သည့်မြေကို ပထမဦးစွာ ရေသွင်းခြင်း၊ ထွန်စက်များဖြင့် ၁၀ နာရီခန့်ထွန်ယက်ပြီး ဒေသစိုက်နည်းစနစ် ပက်ကြဲစနစ်ဖြင့်သာ စိုက်ပျိုးခဲ့ခြင်းဖြစ်ရာ တောင်သူများအနေဖြင့် စိုက်ပျိုးရေးသုတေသနခြံ၏ ရာသီမှန် စိုက်နည်းမှန်ဖြင့် စိုက်ပျိုးခဲ့မည်ဆိုလျှင် တစ်ဧကလျှင် နေကြာ တင်း ၄၀ ခန့် ထွက်ရှိနိုင်ပြီး ယခုတောင်သူများအနေဖြင့် ဒေသစိုက်နည်းစနစ် ပက်ကြဲစနစ်ဖြင့်သာ စိုက်ပျိုးခဲ့သည့်အတွက် တစ်ဧကကို နေကြာ ၂၅ တင်းခန့် ထွက်ရှိနိုင်ရန် ခန့်မှန်းထားကြောင်း၊ စိုက်ပျိုးစရိတ်အနေဖြင့် မြေပြင်၊ ရေသွင်း၊ မျိုးစေ့၊ လုပ်သားစရိတ် ၅၅၀၀၀၀ခန့် ကုန်ကျကြောင်း၊ ယင်းစိုက်ခင်းမှထွက်ရှိသော နေကြာတစ်တင်းလျှင် နေကြာဆီ လေးပိဿာ ထွက်ရှိပြီး တစ်ဧကမှထွက်ရှိနေကြာဆီပိဿာ ၁၀၀ ရှိမည်ဖြစ်ကြောင်း၊ တောင်သူများသည် နေကြာစိုက်ပျိုးမည်ဆိုလျှင် ဆောင်းသီးနှံထက် နွေသီးထပ်ကို စိုက်ပျိုးသင့်ပြီး ကြက်တူရွေး ငှက်တို့ကြောင့်သီးနှံပျက်စီးမှုကို ကာကွယ်နိုင်မှာဖြစ်ပြီး အထွက်နှုန်းမြင့်မား၍ မိသားစုအတွက် ကျန်းမာရေးနှင့်ညီညွတ်သောနေကြာဆီများရရှိကာ စားသုံးဆီဖူလုံမှု၍ စိုက်ပျိုးစရိတ်သက်သာခြင်းရှိသည့်အတွက် နွေသီးထပ်နေကြာများကို စိုက်ပျိုးသင့်ကြောင်း နေကြာစိုက်ပျိုးသည့် တောင်သူဦးစောထွန်းက ပြောသည်။

**ကိုဇွဲ(အညာမြေ)**

## ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန် အိမ်တွင်းမှိုစိုက်ပျိုးထုတ်လုပ်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိ

**ကြို့ပင်ကောက် မေ ၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန် အိမ်တွင်းမှိုစိုက်ပျိုးထုတ်လုပ်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ငွေနှင်းမှိုစိုက်ပျိုးသည့် ကိုအောင်အောင်ထံမှ သိရသည်။

အဆိုပါ ငွေနှင်းမှိုစိုက်ပျိုးသောလုပ်ငန်းသည် အိမ်ထဲမှာသာ ပြုလုပ်ရသောကြောင့် လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် Stay Home နေထိုင်လုပ်ကိုင်ခြင်းအားဖြင့် မိသားစုစီးပွားရေးကို အထောက်အကူပြုကြောင်းသိရသည်။

ငွေနှင်းမှိုကိုစတင်စိုက်ပျိုးချိန်မှ ငါးရက်အတွင်း မှိုစတင်ထွက်ရှိပြီး သုံးလခန့်ကြာသည်အထိ ပျိုးထုပ် ၅၀၀ ကို တစ်နေ့လျှင် သုံးပိဿာမှ ငါးပိဿာအကြားထွက်ရှိကြောင်း၊ ဖောက်သည်ဈေးအဖြစ် တစ်ပိဿာလျှင်ကျပ်၂၅၀၀ မှ ၃၀၀၀ သွင်းရပြီး လက်လီဈေးမှာကျပ် ၄၅၀၀ မှ ၅၀၀၀ ရောင်းချရကြောင်း၊ ပျိုးထုပ်တစ်ထုပ်၏ရင်းနှီးငွေမှာ ကျပ် ၂၅၀ ခန့်သာရှိကြောင်း၊ ငွေနှင်းမှိုစိုက်ပျိုးရန် အတွက် လိုအပ်သော ကုန်ကြမ်းများမှာ လွှစာ၊ ဖွဲနု၊ ပဲဖတ်၊ ပဲဖွဲ၊ သကြား၊ ထုံး၊ ဆားခါးတို့ကို အချိုးကျရောစပ် ပျိုးထုပ်ထုပ်ပြီး စိုက်ပျိုး၍ရကြောင်း၊ ရရှိလာသော ငွေနှင်းမှိုပျိုးထုပ်များကို အလင်းရောင်အနည်းငယ်နှင့် လေဝင်လေထွက်ကောင်းပြီး အေးမြသည့် ၁၀ ပေ ပတ်လည် အခန်းတစ်ခုလျှင် ပျိုးထုပ် ၅၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**



## မော်လမြိုင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**မော်လမြိုင် မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါအသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့ နံနက်ပိုင်းက ဈေးများသို့ သွားရောက်လိုက်လံဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ ကိုဗစ်- ၁၉ မဖြစ်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ ခေါင်းစဉ်ဖြင့် အသိပညာပေး လက်ကမ်းစာစောင်များကို မော်လမြိုင်မြို့ မြိုင်ရတနာ လေးထပ်ဈေး၊ သထုံတံတားဈေး၊ လမုတန်းဈေးနှင့် အေးသာယာဈေးတို့တွင် လိုက်လံဝေငှခြင်း၊ လက်များကို လက်သန့်ဆေးရည်များဖြင့် စနစ်တကျဆေးကြောခြင်း၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ခြင်း၊ လူနေထူထပ်သည့်နေရာများသို့ အသွားအလာ ရှောင်ကြဉ်ခြင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ရေး လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်နှင့် ဝန်ထမ်းများက အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အညာ၌ စိန်တလုံးသရက်နှင့် မနော်သရက်များဈေးကွက်ကောင်း

**ရေနံချောင်း မေ ၄**

အညာဒေသချောက်နှင့် ရေနံချောင်းမြို့နယ်တို့တွင် စိန်တလုံး၊ မနော်သရက်များ ဈေးကောင်းရလျက်ရှိကြောင်း စိုက်သူများနှင့်ရောင်းဝယ်သူများထံမှ သိရသည်။

"စိန်တလုံးသရက်သီး၁၀လုံးကို ကျပ် ၆၀၀၀၊ မနော်သရက်နဲ့ ဒေသမျိုး သရက်သီး ၁၀လုံးကိုကျပ် ၃၅၀၀ ရောင်းချရတဲ့အတွက် ဈေးကောင်းရပါတယ်" ဟု သရက်သီးရောင်းဝယ်သူ ကိုသန်းစိုးက ပြောသည်။

အညာဒေသတွင် ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ မိုးရွာခဲ့၍ သရက်ခြံများ စတင်ဆွတ်ခူးလျက်ရှိကာ ယခင်ကလိုဈေးတန်း၌ ရောင်းချခြင်းထက် ဖုန်းဖြင့်မှာယူ၍ အိမ်အရောက်ပို့စနစ်ဖြင့်ရောင်းနေရကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

### သွေးလွန်တုပ်ကွေးရောဂါ
### ကာကွယ်ရေး
### ဈေးအတွင်း
### ခြင်ဆေးဖျန်း

**ကျွန်းစု မေ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ယမန်နေ့ ညနေပိုင်းက ကျွန်းစုမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့မဈေး၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခြင်ဆေးဖျန်းရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းညွန့်က ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဈေးအတွင်း/အပြင်နေရာများ၊ ဈေးရှေ့ရေမြောင်းများအတွင်း ခြင်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

## ဗဟိုစံပြငါးဈေးကြီးသို့ ကုန်းလမ်းမှ ငါးကားများစနစ်တကျ ဝင်ရောက်ရေးဆောင်ရွက်

**ရန်ကုန် မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုများပြုလုပ်နေစဉ်အတွင်း လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးသို့ ရေလမ်းမှစက်လှေများဖြင့် ငါးများသာရောင်းချခွင့်ပေးပြီး ကုန်းလမ်းမှ မွေးမြူရေးငါးကားများကို ဈေးအတွင်း ဝင်ရောက်မှု ပိတ်ပင်လိုက်၍ ကုန်စည်စီးဆင်းမှု နှေးကွေးမှုဖြစ်ပေါ်လာသောကြောင့် ကုန်းလမ်းမှ ဝင်ရောက်လာသောငါးကားများ ဈေးကြီးအတွင်း စနစ်တကျဝင်ရောက်နိုင်အောင် အမြန်ဆုံး အကောင်အထည်ဖော် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဗဟိုစံပြငါးဈေးကြီးဈေးသာယာရေးအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးခန်း၌ ပြုလုပ်ခဲ့သည်။

"ကိုဗစ်-၁၉ကာလမှာ ရောဂါထိန်းချုပ်မှုတစ်ရပ်အနေနဲ့ လူစုလူဝေးမဖြစ်စေဖို့အတွက် ဗဟိုစံပြငါးဈေးကြီးမှာရောင်းချနေမှုကို ရွှေပိတောက်ငါးကြီးဘက်ကို တစ်ဝက်ခွဲတဲ့အနေနဲ့ ရေလမ်းကလာတဲ့ငါးများသာ ဆက်လက်ရောင်းချခွင့်ပေးပြီးတော့ ကုန်းလမ်းကနေ ဝင်ရောက်လာတဲ့ ငါးကားတွေကို ဝင်ရောက်မှုကို ပိတ်ထားလိုက်တယ်။ ဒီလိုလုပ်လိုက်တဲ့အတွက် ဗဟိုစံပြငါးဈေးကြီးမှာလုပ်ကိုင်နေတဲ့ ဒိုင် ၁၄၆ ဒိုင်က လုပ်ငန်းလုပ်ကိုင်သူတွေ၊ မိသားစုတွေမှာ အခက်အခဲတွေနဲ့ရင်ဆိုင်နေကြရပါတယ်။ ငါးဈေးနှုန်းတွေမြင့်တက်သွားသလို ကုန်စည်စီးဆင်းမှုကိုလည်း ထိခိုက်သွားပါတယ်။ ဒါကြောင့်မို့ ဈေးကြီးအတွင်း ငါးကားတွေစနစ်တကျတစ်စီးချင်း ဝင်ရောက်နိုင်အောင် မြို့တော်စည်ပင်ကိုတင်ပြပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက ပြောသည်။

အဆိုပါဈေးကြီးသို့ ငါးပိသာချိန် လေးသိန်းမှ ငါးသိန်းကြား နေ့စဉ်ဝင်ရောက်ရောင်းဝယ်ဖောက်ကားလျက်ရှိရာ ၈၀ ရာခိုင်နှုန်းမှာ ကုန်းလမ်းမှအအေးခန်းကားများဖြင့် ဝင်ရောက်လာသောသောငါးများဖြစ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းခန့်သာ ရေလမ်းမှ စက်လှေများဖြင့် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ဗဟိုစံပြငါးဈေးကြီး၌ လူစုလူဝေးများလျော့နည်းရန်နှင့် ကုန်စည်ပြတ်လပ်မှုမရှိစေရေးတို့အတွက် ဈေးဝယ်ယာဉ်နှင့် အအေးခန်းယာဉ်များ ဝင်ရောက်ခြင်းကို ဧပြီ ၂၄ ရက် နံနက် ၅ နာရီမှစတင်ကာ ကန့်သတ်လိုက်ခြင်းဖြစ်သည်။ သို့သော်လည်း ကုန်စည်စီးဆင်းမှုကို မထိခိုက်စေရန် လုံးဝပိတ်သိမ်းလိုက်ခြင်းမဟုတ်ကြောင်း၊ ယင်းအတွက် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး၌ ဝင်ပေါက်/ထွက်ပေါက်များတွင် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသာယာရေးကော်မတီဝင်များ စုပေါင်းကာ ငါးကား၊ ရေခဲတင်ကားများကို ငါး၊ ပုစွန် ကုန်စည်မပါဘဲအဝင်ခံပြီး စစ်ဆေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ **မြင့်မောင်**

## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပန်းတနော်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများအား စစ်ဆေး

**ပန်းတနော် မေ ၄**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် အတွင်းရှိ လုပ်သား ၅၀၀ အောက်ရှိသည့် စက်ရုံ အလုပ်ရုံများအား မေ ၁ ရက်မှစတင်ကာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံစစ်ဆေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရိုင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ခရိုင်အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့ပူးပေါင်း၍ ပန်းတနော်မြို့နယ် ဆက်သေကျေးရွာရှိ (သဘာဝ မြေဩဇာစက်ရုံ)၊ ပသွယ်ကျေးရွာရှိ (ဟီးရိုး ကွန်ကရစ်တိုင်လုပ်ငန်း)၊ အင်းမကျေးရွာရှိ (မြစ်ဝဆန်စက်)၊ မြို့ကွက်သစ်ရပ်ကွက်ရှိ (မြင့်မြတ်အရက်ချက်စက်ရုံ)နှင့် (မြသိန်းတန်ဆန်စက်)၊ ဖူ(လ်)တန်မြန်မာတို့အား ၎င်းတို့၏ လုပ်ငန်းများတွင် လက်ဆေးဘေစင်များ စနစ်တကျတပ်ဆင်ထားခြင်း ရှိ/မရှိ၊ အလုပ်သမားများအလုပ်လုပ်ကိုင်ရာတွင် အနည်းဆုံးခြောက်ပေအကွာနေရာများ သတ်မှတ်ပေးထားခြင်း ရှိ/မရှိ၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး အလုပ်လုပ်ကိုင်ခြင်း ရှိ/မရှိ လိုက်လံစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ သတင်းထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လုပ်ငန်းရှင်များနှင့် အလုပ်သမားများအား အသိပညာပေး ပြောကြားခဲ့သည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**





## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု စစ်တွေဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**စစ်တွေ မေ ၄**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ စစ်တွေခရိုင်ဦးစီးမှူးရုံးနှင့် စစ်တွေမြို့နယ်ဦးစီးမှူးရုံးတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၈ နာရီက စစ်တွေဆေးရုံကြီး အမျိုးသားသွေးလှူဌာန၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

တပ်ဖွဲ့ဝင်များသွေးလှူဒါန်းနေမှုကို ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထိုက်နှင့် ဒုတိယပြည်နယ်ဦးစီးမှူး ဦးစံရွှေထွန်းတို့က ကြည့်ရှုအားပေးပြီး အားဖြည့်အစားအစာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ သွေးလှူဒါန်းရာတွင် မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့က သွေးအမျိုးအစား ရှစ်မျိုးတို့ကို လှူဒါန်းခဲ့ကြောင်းသိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**မြို့သစ် မေ ၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုးချဲ့ဆောင်(ဆောက်လုပ်ဆဲ)နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့သည်။

ယင်းနောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် လမ်းလုပ်ငန်း ၂၀၊ တံတားလုပ်ငန်း ခုနစ်ခုတို့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က အသီးသီးလွှဲပြောင်းပေးအပ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လက်ခံရယူခဲ့ကြောင်းသိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**ပင်းတယ**

လတ်တလောဖြစ်ပွားနေသည့် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရန်နှင့် ထိန်းချုပ်ရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းမများနှင့် ရပ်ကွက်အတွင်းရှိ လမ်းများအား စက်ကြီးများဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ပင်းတယမြို့နယ် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းမိသားစုမှလှူဒါန်းထားသည့် High Pressure Fog Cannonနှင့် Diesel Generator ပါဆေးမှုတ်စက်ကြီးအပြင် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်ကြီးများဖြင့် မြို့ပေါ်ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်း၊ မင်းလမ်းမတစ်လျှောက်နှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိလမ်းများကို ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

**ရန်ကုန်**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၃ ရက် ညနေပိုင်းက စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်)နှင့် မုန့်လုပ်ဆောင်းကုန်း(မြောက်)ရပ်ကွက်ရှိ လမ်းများ၊ လူနေအိမ်များ၊ ဈေးဆိုင်များ၊ အများပြည်သူများဝင်ထွက်သွားလာသောနေရာများတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မေတ္တာညွှန့်လူမှုကူညီကယ်ဆယ်ရေး၊ တရုတ်လေးလူမှုကူညီရေးအသင်း၊ မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်းနှင့် အားမာန် လူငယ်ပရဟိတအသင်း (ရန်ကုန်)၊ စံပြလူမှုကူညီကယ်ဆယ်ရေးအသင်း (ရန်ကုန်)တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထူးထက်(ပြန်/ဆက်)**

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် သဃ်န်းညီနောင်အခြေချစစ်ဗျူဟာမှူး၊ အမှတ် (၇) တပ်မတော်ဆေးရုံ(ခုတင် ၂၅) ဆေးတပ်မှူးတို့ပါဝင်သော အရာရှိစစ်သည်များ၊ မြဝတီခရိုင်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်ကြခြင်းဖြစ်သည်။

ဆေးဖျန်းရာတွင် မီးသတ်ယာဉ်၊ တပ်မတော်ရေသယ်ယာဉ်၊ ကျောလွယ်ဆေးဖျန်းပုံးများဖြင့် သဃ်န်းညီနောင်ကျေးရွာရှိ လမ်းဘေးဝဲ/ယာနေရာများနှင့် လူစည်ကားရာ လမ်းဆုံနေရာများတွင် လိုက်လံပက်ဖျန်းခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ပခုက္ကူမြို့နယ် ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးသည့်နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပခုက္ကူ မေ ၄**

ပခုက္ကူမြို့နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်းဖြင့်စိုက်ပျိုးသည့် နွေစပါးများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထိုလျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်မှုအပြင် ကျေးရွာအုပ်စုနှစ်စုရှိ ကျေးရွာပေါင်း ရှစ်ရွာတို့၏ သောက်သုံးရေနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေပေးဝေလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ဝန်ထမ်းများ ကွင်းဆင်း သည့်အခါ လူအများစုဝေးသွားလာခြင်းမပြုရန်၊ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေ၊ ခြောက်ပေအကွာက နေ အလုပ်လုပ်ကြရန်၊ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် နှာခေါင်း စည်းများတပ်ဆင်ပြီး အလုပ်လုပ်ကြရန် မှာကြားထားကြောင်း၊ ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စက်ပစ္စည်းများချို့ယွင်းခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်းများနှင့် ကြုံတွေ့သည့်အခါ လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် တောင်သူများ အချိန်မီရေရရှိအောင်ဆောင်ရွက်ခြင်းများ အတွက် အစပိုင်းတွင် အခက်အခဲ အနည်းငယ်ဖြစ်ပေါ်ခဲ့ရာ နောက်ပိုင်းတွင် ဌာနဝန်ထမ်းများနှင့် တောင်သူများညှိနှိုင်း ပေါင်းစပ်လုပ်ကိုင်ကြသောကြောင့် လုပ်ငန်းများအဆင်ပြေ လျက်ရှိကြောင်း ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးဝင်းခိုင်က ပြောကြား သည်။

ပခုက္ကူမြို့နယ် ရွှေတန့်တစ်စံပြကျေးရွာနေ တောင်သူ ဦးပြေအေးက ရွှေတန့်တစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးစိုက်ဧကိုးဧကရှိကြောင်း၊ မြစ်ရေတင်စီမံကိန်း လုပ်ငန်း မပေါ်ပေါက်မီအချိန်များတွင် စိုက်ပျိုးရေးလုပ် ကိုင်သည့် တောင်သူများအနေဖြင့် မိုးရေကိုသာအားကိုးပြီး လုပ်ဆောင်နေရသောကြောင့် မိုးခေါင်သည့်ကာလများတွင် အရှုံးနှင့်သာရင်ဆိုင်ခဲ့ရကြောင်း၊ စီမံကိန်းလုပ်ငန်း စတင်အကောင်အထည်ဖော် လုပ်ကိုင်သည့်အချိန်တွင် တောင်သူများအနေဖြင့် ယာစိုက်ပျိုးခြင်းမှလယ်စိုက်ပျိုး ရေးသို့ ပြောင်းလဲလုပ်ကိုင်ရသောကြောင့် ရေလုံလောက် စွာပေးဝေနိုင်မှုမရှိသည့် လယ်ပိုင် တောင်သူများအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ထွန်ယက် စိုက်ပျိုးမှုများပြားလာပြီး ရေလုံလောက်စွာရရှိလာသော ကြောင့် လယ်စိုက်ပျိုးခြင်းများ အောင်မြင်မှုရရှိလာကြောင်း၊ ယခင်နှစ်များတွင် နွေစပါးနှင့်မိုးစပါးတွင် နွေစပါးအထွက် နှုန်းများခဲ့ကြောင်း၊ ပြီးခဲ့သည့်မိုးစပါး တစ်ဧကလျှင် တင်း ၁၀၀ကျော်ထွက်ရှိခဲ့ပြီး ယခုစိုက်ပျိုးသည့် နွေစပါးများ ကိုလည်း ယခင်နှစ်များကဲ့သို့ အထွက်နှုန်းကောင်းပြီး အောင်မြင်ဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း၊ စိုက်ပျိုးရေး ဦးစီးဌာနမှညွှန်ကြားသည့် စိုက်ပျိုးရေးနည်းစနစ်များ အတိုင်း စိုက်ပျိုးနိုင်သည့် တောင်သူများကို စပါးမျိုးစေ့များ



ထုတ်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများအတွက် မိုးစပါးနှင့် နွေစပါးကိုသာ အဓိက အားထားလုပ်ကိုင်နေကြသော်လည်း ထွက်ရှိလာသည့် စပါးများ၏ ဈေးကွက်များ တည်ငြိမ်မှုမရှိကြောင်း၊ လယ်အတွက်အလုပ်သမားများ ငှားရမ်းလုပ်ကိုင်သည့် အခါတွင်လည်း လုပ်အားခမြင့်တက်လာပြီး လုပ်အားနှုန်း ကျဆင်းလာကြောင်း၊ လယ်ထွန်စက်ငှားရမ်းခြင်း၊ ဓာတ်မြေဩဇာကျွေးခြင်းများတွင် ဈေးမြင့်တက်မှုများ ရှိလာကြောင်း ပြောကြားသည်။

မိုးစပါးနှင့်နွေစပါးစိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူ များအတွက် ပခုက္ကူခရိုင်တွင် မြစ်ရေတင်စီမံကိန်း၁၄ခုနှင့် ပခုက္ကူမြို့နယ်တွင် မြစ်ရေတင်စီမံကိန်းလေးခုဖြင့် နှစ်စဉ် ရေပေးဝေလျက်ရှိပြီး ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်း ဖြင့် ကျေးရွာ ရှစ်ရွာတို့တွင် စပါးစိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူများအတွက် နှစ်စဉ်ရေလုံလောက်စွာ ပေးဝေပေး လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို ဇွန်လကုန်အပြီးဆောင်ရွက်မည်

**စစ်ကိုင်း မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများတွင် ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများကို ဇွန်လ ကုန်အပြီးဆောင်ရွက်မည်ဟု စစ်ကိုင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးက ပြောကြားသည်။



"မေလနဲ့ ဇွန်လနှစ်လပဲရှိတယ်။ ဇွန်လကုန်မှာ လုပ်ငန်းအားလုံးပြီးစီး နိုင်အောင်ကြိုးစားနေပါတယ်။ တချို့ လုပ်ငန်းတွေက ဧရာဝတီနဲ့ ချင်းတွင်း မြစ်တို့က ရေတက်လာရင်လုပ်လို့မရ တာတွေရှိတယ်။ လောလောဆယ် ဧရာဝတီအပိုင်းမှာ လုပ်ငန်းနှစ်ခုကို ရေမတက်ခင် အမြန်ပြီးနိုင်အောင် တွန်းအားပေးလုပ်နေတာပါတယ်"ဟု ဦးကျော်စိုးက ပြောကြားသည်။

ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း များဆောင်ရွက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ်သန်း ၈၈၀၀ ကျော် အသုံးပြုပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလဆန်းမှစတင် ဆောင်ရွက်ခဲ့ရာ ဇွန်လကုန်အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရ သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ် ကမ်းပြိုမှု ကာကွယ်ရေး လုပ်ငန်း ၁၆ ခုကို ငွေကျပ် သန်း ၂၄၁၀ ဖြင့် လည်းကောင်း၊ ဧရာဝတီမြစ် ကမ်းပြို ကာကွယ်ရေးလုပ်ငန်း ၁၀ ခုကို ငွေကျပ်သန်း ၁၄၁၀ ဖြင့် လည်း ကောင်း၊ မူးမြစ်ကမ်းပြိုမှုကာကွယ် ရေးလုပ်ငန်းငါးခုကို ငွေကျပ်သန်း ၁၃၅၀ ဖြင့် လည်းကောင်း၊ မြစ်သာ မြစ်ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်း တစ်ခုကို ငွေကျပ်သန်း ၅၀၀ဖြင့် လည်းကောင်း၊ ရွှေလီမြစ်ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်း တစ်ခုကို ငွေကျပ် သန်း ၂၀၀ ဖြင့် လည်းကောင်း၊ ပုထိုးလုံးချောင်း ကမ်းပြိုမှုကာကွယ် ရေးလုပ်ငန်းသုံးခုကို ငွေကျပ်သန်း ၅၀၀ ဖြင့်လည်းကောင်း၊ ဒေါင်းမြူး ချောင်း ကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းငါးခုကို ငွေကျပ် ၂၈၈ သန်းဖြင့် လည်းကောင်း၊ အခြားချောင်းများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၅ ခုကို ငွေကျပ် ၂၁၅၉ ဒသမ ၅ သန်းဖြင့် လည်းကောင်း အသီးသီး ဆောင်ရွက် နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊မူးမြစ်၊ မြစ်သာမြစ်နှင့် အခြားမြစ်ချောင်းများ တစ်လျှောက်ရှိ ကျေးရွာများ၊ စိုက်ပျိုး မြေများ၊ ကမ်းပါးပြိုကျမှု အန္တရာယ် ဖြစ်နိုင်သော နေရာများတွင် ကမ်းပြို ကာကွယ်ရေး လုပ်ငန်းများကို လုပ်ဆောင်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ကန်ကြီးထောင့်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၂၀၀၀၀ ကျော် ပျိုးထောင်ထားရှိ

**ကန်ကြီးထောင့် မေ ၄**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုဖောက်ပြန်မှုအား လျှော့ချနိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် သစ်တောပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၂၀၀၀၀ ကျော်အား ပျိုးထောင်ထားကြောင်း သိရသည်။

"မိုးရာသီသစ်ပင်စိုက်ပျိုးဖို့အတွက် ပျိုးဥယျာဉ်မှာ ပျိုးပင်ပေါင်း ၂၀၀၀၀ ကျော်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလထဲက စတင်ပျိုးထောင်ခဲ့ပြီး အပိုဆောင်းအနေနဲ့ ပျိုးပင်ပေါင်း ၂၀၀၀ကိုလည်း ပျိုးထောင်ထားရှိပါတယ်။ သစ်ပင်စိုက်ပျိုး ခြင်းဖြင့် မြေဆီ၊ မြေဩဇာတိုးပွားစေခြင်း၊ ရာသီဥတုအပူချိန်ထိန်းညှိပေးနိုင်ခြင်း၊ ရေလွှမ်းမိုးမှု ထိန်းသိမ်းပေးနိုင်ခြင်း အစရှိတဲ့ အကျိုးကျေးဇူးတွေကို ရရှိမှာ ဖြစ်ပါတယ်။ အခုပျိုးထောင်ထားရှိတဲ့ပျိုးပင်များကို မိုးရာသီသစ်ပင်စိုက်ပျိုးရန် သတ်မှတ်ထားတဲ့နေရာမှာ စိုက်ပျိုးသွားမှာဖြစ်ပြီး ဘုန်းတော်ကြီးကျောင်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်သူများ၊ အဖွဲ့အစည်းများ၊ စာသင်ကျောင်းများ အပါအဝင် မိမိနေအိမ်ခြံဝင်းနှင့် ဥယျာဉ်ခြံမြေများအတွင်း စိုက်ပျိုးလိုသူများ ကိုလည်း ပျိုးပင်များ အခမဲ့ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်"ဟု ကန်ကြီးထောင့် မြို့နယ် (တာဝန်ခံ)တောအုပ် ဦးချိုဆန်းထံမှ သိရသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးရန်အတွက် ကန်ကြီးထောင့်မြို့နယ်သစ်တောပျိုး ဥယျာဉ်တွင် မန်ဂျန်ရှား ၁၅၀၀၀၊ ကျွန်း ၃၀၀၀၊ ပျဉ်းကတိုး ၅၀၀၊ မဟော်ဂနီ ၅၀၀၊ ယူကလစ် ၄၀၀၊ စိန်ပန်းကြီး ၃၀၀၊ ပင်လယ်ကဗွီး ၃၀၀ စသည့်သစ်မျိုးပေါင်း ၂၀၀၀၀ ခန့်ကို လျာထား ပျိုးထောင်ထားပြီး အပိုဆောင်းအနေဖြင့် ပျိုးပင်ပေါင်း ၂၀၀၀ကိုလည်း ပျိုးထောင်ထားကြောင်း သိရသည်။

**နန်းထိုက် (ကန်ကြီးထောင့်)**

# ခန္တီးတပ်နယ်မှ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ခန္တီး မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် နယ်မြေခံတပ်နယ်မှ တပ်ပိုင်စိုက်ပျိုး မွေးမြူရေးမှထွက်ရှိသော အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များနှင့် တန်ဖိုးသင့် ထမင်း၊ ဟင်းများကိုလည်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက် ၁၀ နာရီက ရုံးကြီးလမ်းဆုံ၌ ရောင်းချပေး လျက်ရှိသည်။

အဆိုပါ ရောင်းချပေးနေခြင်းကို ကိုဗစ်-၁၉ ကြိုတင်ကာကွယ်သည့်အနေဖြင့် လူများစုပြုံခြင်းမရှိစေရန် သတ်မှတ်ထားသည့်နေရာတွင်သာ တန်းစီဝယ်ယူ စေပြီး စနစ်တကျရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **စနေမောင်(ခန္တီး)**



# စိုက်ပျိုးရေအပြည့်အဝရရှိစေရန် စက်ယန္တရားဖြင့် ရေလက်တံမြောင်းများပြုပြင်

**ပွင့်ဖြူ မေ ၄**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နွေစပါးသီးနှံစိုက်ပျိုးရာသီကာလ ဒေသခံတောင်သူများ အချိန်မီသီးနှံစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေအပြည့်အဝရရှိစေရန် ရည်ရွယ်၍ မေ ၁ ရက်မှစတင်ကာ အိုင်းမဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုး ရေပို့လွှတ်သော ကုလားဟောင်း လက်တံမြောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားဖြင့် ပြန်လည်ပြုပြင်တူးဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**စိုက်ပျိုးရေများဖြန့်ဝေ**

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ တောင်သူများအား နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံများစိုက်ပျိုးရာတွင် သီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် နှစ်စဉ် မဲဇလီရေလှောင်ဆည်ရေဖြင့် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် ရေလက်တံမြောင်းများအားစိုက်ပျိုးရေများဖြန့်ဝေပေးလျက်ရှိသည့်အပြင် မင်းဘူး(စကု)မြို့နယ် အိုင်းမရေလှောင်ဆည်နှင့် စလင်းမြို့နယ် လင်းဇင်းရေလှောင်ဆည်တို့မှလည်း စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အိုင်းမဆည်မှ စိုက်ပျိုးရေများ ပို့လွှတ်သောကုလားဟောင်း လက်တံမြောင်းပေတိုင်အမှတ် ၄၂ မှ ၆၄ အထိ ရေစီးရေလာကောင်းမွန်စေရေးအတွက် မေ ၃ ရက် နံနက်ပိုင်းက ရေမြောင်းအတွင်း နုန်းများ ဆယ်ယူရှင်းလင်းခြင်းနှင့် မြောင်းတာပေါင် ပျက်စီးနေမှုတို့ကို စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်ပေးနေကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၁၉ - ၂၀၂၀ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးဧက ၁၄၃၈၀ နှင့် နွေနှမ်းစိုက်ပျိုးဧက ၄၀၀၇၇ ဧကလျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရကာ လျာထားသီးနှံစိုက်ဧကပြည့်မီရေးအတွက် ကျေးရွာများရှိ တောင်သူများက အလေးထားဆောင်ရွက်နေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





# ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ မကြာမီ ဆောက်လုပ်ပြီးစီးမည်

**ပခုက္ကူ မေ ၄**
ပခုက္ကူမြို့နယ် ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွင် IPP(B0D)စနစ် ဖြင့်၂၀ဒသမ၅၄မဂ္ဂါဝပ်ထွက်ရှိမည့်သဘာဝဓာတ်ငွေ့ သုံးဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းစီမံကိန်း မကြာမီပြီးစီးမည်ဖြစ်၍ စမ်းသပ်လည်ပတ်တော့မည်ဖြစ်သည်။

လက်ရှိအသုံးပြုလည်ပတ်နေသောစက်မှာ နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ လေးမဂ္ဂါဝပ်ခန့်သာထွက်ရှိတော့ကြောင်း ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ အင်ဂျင်နီယာမှူးကြီး ဦးမျိုးသီဟက ပြောကြားသည်။

ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှထွက်ရှိသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်ထဲသို့ ပို့လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုဇော်**
**(ဓာတု)**

# (၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ပြင်ဦးလွင် မေ ၄**
(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပသည်။

(၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု သွေးလှူဒါန်းပွဲတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်းဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်စခန်းမှ သန္နေတပ်ဖွဲ့ဝင်များ အပါအဝင် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦးနှင့် မိသားစုဝင်နှစ်ဦး စုစုပေါင်း ၂၆ ဦးတို့က သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက်**
**(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ် မဲဒီးကျေးရွာတွင် ပင်းချောင်းကျောက်ဖြည့်ရေလွှဲဆည်တည်ဆောက်နေ

**ကျောက်ပန်းတောင်း မေ ၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မဲဒီးကျေးရွာအုပ်စု ပင်းချောင်းချောင်းရိုးတစ်လျှောက်တွင် နွေစပါး၊ မိုးစပါးအတွက် လယ်မြေဧက ၅၀၀ ခန့်အကျိုးပြုနိုင်မည့် ပင်းချောင်းကျောက်ဖြည့် ရေလွှဲဆည်တစ်ခု တည်ဆောက်လျက်ရှိရာ ယမန်နေ့ မွန်းတည့် ၁၂ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် မဲဒီးကျေးရွာအုပ်စု စည်သာကျေးရွာနှင့် အင်းကုန်းကျေးရွာအနီးရှိ လယ်မြေဧက ၃၀၀ နှင့်ပင်းချောင်းချောင်းရိုးကမ်းပါးတစ်လျှောက်ရှိ လယ်မြေဧက ၂၀၀ စုစုပေါင်းဧက ၅၀၀ ခန့်ကို ရေပေးသွင်း၍ နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်စေရန်အတွက် ကျောက်ဖြည့်ရေလွှဲဆည်ကို တည်ဆောက်နေခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသန်းထိန်က ပြောကြားသည်။

ယခင်က အဆိုပါပင်းချောင်းရေနှင့် စိုက်ပျိုးနိုင်ရန်အတွက် စည်သာကျေးရွာ၏အထက် အုတ်ဖိုကျေးရွာအနီးတွင် ဒေသခံတောင်သူများ စုပေါင်း၍ ယာယီသစ်ခက်ဆည်ငယ် ပြုလုပ်ပြီး ပင်းချောင်းမှ ရေကိုပဲ့တင်လွှဲယူ၍ ချောင်းရိုးကမ်းပါးတစ်လျှောက် ရေသွယ်မြောင်းဖြင့် လွန်ခဲ့သောသုံးနှစ်အထိ ရေသွယ်စိုက်ပျိုးနိုင်ခဲ့သော်လည်း ပင်းချောင်း၏ ရေစီးဆင်းမှုပုံစံပြောင်းလဲလာခြင်းကြောင့် အဆိုပါ ယာယီရေလွှဲဆည်ပြုလုပ်ခဲ့သည့်နေရာမှ အောက်ဘက်တစ်မိုင်ခန့်အထိ ယခင်တူးဖော်ခဲ့သည့် တူးမြောင်းပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်စိုက်ပျိုးနိုင်ခြင်းမရှိတော့ဘဲ လယ်မြေများကောခဲ့ရကြောင်း သိရသည်။

သို့ဖြစ်၍ ဒေသ၏လိုအပ်ချက်နှင့် ဒေသခံများ၏ တောင်းဆိုမှုအရ လေးပေအမြင့်ရှိ ကျောက်ဖြည့်ရေလွှဲဆည်တစ်ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၈၀၀ ဖြင့် ကတောကျေးရွာအနီးတွင် တည်ဆောက်နေခြင်းဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်တို့က လာရောက်ကြည့်ရှုစစ်ဆေးကြရာ ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသန်းထိန်က လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မယ်စဲ့မြို့နယ်၌ မိုးရာသီတွင် ပျိုးပင်ပေါင်း ၃၂၂၂၀ စိုက်ပျိုးသွားမည်

**မယ်စဲ့ မေ ၄**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် သစ်တောပြုန်းတီးမှုကာကွယ်ရေးတို့အတွက် မိုးရာသီကာလအတွင်း သစ်မျိုးစုံ ပျိုးပင်ပေါင်း ၃၂၂၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မိုးရာသီစိုက်ပျိုးပွဲအတွက် ပျိုးထောင်**

မယ်စဲ့မြို့နယ်တွင် သဘာဝတောများ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ဧက ၉၀၀၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းအတွက် ပျဉ်းကတိုး၊ ကျွန်း၊ ပိတောက် ဧက ၆၀၊ ရေဝေရေလဲ စိုက်ခင်းအတွက် မြန်မာကုက္ကို၊ စစ်(ခ)သစ်ဖြူ ဧက ၅၀၊ လူထုဖြန့်ဝေရန် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ငုရွှေဝါ၊ ပင်လယ်ကဗွီး၊ မဟော်ဂနီ၊ စစ်(ခ) သစ်ဖြူ၊ မြန်မာကုက္ကိုအပင် ၁၄၀၀၀၊ လမ်းဘေးဝဲ/ယာ တစ်အုပ်တစ်မ ကျွန်းစိုက်ခင်းအတွက် ကျွန်းအပင် ၆၀၀၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အတွက် ကျွန်း၊ ပိတောက်အပင် ၁၀၀၀ စုစုပေါင်း ပျိုးပင် ၃၂၂၂၀ ကို နမ့်ပိန်းလင် ယာယီပျိုးဥယျာဉ်နှင့် မြို့မပျိုးဥယျာဉ်တို့တွင် ပျိုးထောင်ထားရှိကြောင်း သိရသည်။



"အခုနှစ်မှာ သဘာဝတောများ ပြုပြင်ထိန်းသိမ်းဖို့အတွက် ပြည်ထောင်စုရန်ပုံငွေနဲ့ နမ့်ပိန်းလင်ကြိုးပြင်ကာကွယ်တောအကွက် အမှတ်၁၁၁ မှာ ဧက ၃၀၀ နဲ့ အကွက်အမှတ် ၁၀၅မှာ ဧက ၅၀၀၊ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ သံလွင်မြစ်အရှေ့ဘက်ခြမ်းနဲ့ ကြိုးပြင်ကာကွယ်တော အကွက်အမှတ် ၃၈၁ မှာ ဧက ၁၀၀ စိုက်ပျိုးသွားမှာဖြစ်ပြီး ယခုလက်ရှိ ရေဝေရေလဲ စိုက်ခင်းမှာ နှစ်ဧကကို ရေလောင်းပြီး စမ်းသပ်စိုက်ပျိုးထားပါတယ်၊ ဇွန် ၁၅ ရက် နောက်ပိုင်း မုတ်သုံမိုးဝင်ရင် ပျိုးထောင်ထားရှိတဲ့ ပျိုးပင်တွေကို စတင်စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသန်းညွန့်က ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ကျိုတိုမှပေးစာများ – ၂၅

# ဆာရိုနာရ

■ အောင်အောင် IR




စာရေးသူ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ရောက်ရှိခဲ့ပြီး ဧည့်သုတေသီ တာဝန်များ ထမ်းဆောင်ကာ တာဝန်ပြီးဆုံးသဖြင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၈ ရက်တွင် ပြန်လည်ထွက်ခွာခဲ့ပါသည်။ ဂျပန်လေကြောင်းဖြင့် အိုဆာကာမြို့မှ တိုကျိုမြို့၊ တိုကျိုမြို့မှ ရန်ကုန်မြို့သို့ တိုက်ရိုက်ပျံသန်းခဲ့ရာ ရန်ကုန်မြို့သို့ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၈ ရက် ညနေ ၄ နာရီဝန်းကျင်တွင် ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့မှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ တိုက်ရိုက်ပျံသန်းခဲ့ရာ ခုနစ်နာရီခန့် ကြာမြင့်ခဲ့ပါသည်။ အမှန်မှာ စာရေးသူ၏ အလုပ်တာဝန်သည် ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်တွင် တရားဝင်ပြီးဆုံးမည်ဖြစ်ပြီး လေယာဉ်လက်မှတ်မှာလည်း ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်အတွက် ကြိုတင်ထုတ်ယူထားပြီး ဖြစ်လေသည်။ သို့သော် လတ်တလော ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်မှာ နိုင်ငံတကာလေကြောင်းလိုင်းများအပေါ်တွင် များစွာသက်ရောက်မှုရှိပြီး ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတွင်လည်း သက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်နေသည်ဖြစ်ရာ တတ်နိုင်သမျှ စောစီးစွာ ပြည်တော်ပြန်ခြင်းသည် ရွေးချယ်စရာ ဖြစ်လာခဲ့ပါသည်။ ဤသို့ဖြင့် စာရေးသူ၏ ပြည်တော်ပြန်ခရီးစဉ်သည် သတ်မှတ်ရက်ထက် သုံးရက်စောစီးစွာ ဖြစ်ပေါ်ခဲ့ပါသည်။

**နောက်ဆုံးနှုတ်ဆက်သည့် အသုံးအနှုန်း**

စာရေးသူ ဂျပန်နိုင်ငံတွင် ခြောက်လတာ နေထိုင်ခဲ့စဉ်ကာလအတွင်း မြန်မာ သတင်းစာ၊ ဂျာနယ်များတွင် ဆောင်းပါး အများအပြားရေးသားခဲ့ရာ ဂျပန်နိုင်ငံမှ ပြန်လည်မထွက်ခွာမီ နောက်ဆုံး အပိတ်ဆောင်းပါးအား နှုတ်ဆက်သည့်ဆောင်းပါးအဖြစ် ရေးသားရန် စိတ်ကူးရှိနှင့်ပြီးသား ဖြစ်ပါသည်။ ဆောင်းပါးခေါင်းစဉ်အားလည်း ဂျပန်စာ၊ စကားလေ့လာသူတိုင်း ရင်းနှီးကျွမ်းဝင်သည့် ဂျပန်နှုတ်ဆက် အသုံးအနှုန်း 'ဆာရိုနာရ' (Sayonara) ဟု ကြိုတင်ပေးထားနှင့်ပြီး ဖြစ်သည်။ 'ဆာရိုနာရ' ဆိုသည်မှာ ခွဲခွာချိန်တွင် နောက်ဆုံးနှုတ်ဆက်သည့် အသုံးအနှုန်းတစ်ခုလည်း ဖြစ်ပါသည်။ ခဏလည်း ဖြစ်ချင်ဖြစ်မည်။ ထာဝရလည်း ဖြစ်ချင်ဖြစ်ပါမည်။ ယခုစာရေးသူ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အပြီးပြန်ပြီဖြစ်လေရာ ယခု 'ဆာရိုနာရ' ဆောင်းပါးအား တိုကျိုမှ ရန်ကုန်သို့ တိုက်ရိုက်ပျံသန်းသည့် ဂျပန်လေကြောင်း (NH 0813/Y) ပေါ်တွင် ရေးသားဖြစ်ပါသည်။

ခြုံငုံသုံးသပ်ရမည်ဆိုလျှင် ယခုကဲ့သို့ ကိုရိုနာကပ်ဘေးကြောင့် ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာအနှံ့ ဝရုန်းသုန်းကား အခြေအနေများရှိခဲ့သည့်တိုင် စာရေးသူ၏ ယခု ဂျပန်နိုင်ငံခရီးစဉ်သည် အစစအရာရာ အဆင်ပြေခဲ့ပါသည်။ သတ်မှတ်ထားသော စာတမ်းအား အင်္ဂလိပ်ဘာသာဖြင့် အပြီးအပြတ် ရေးသားနိုင်ခဲ့သည် သာမက အဆိုပါ စာတမ်းအား စာရေးသူ ဂျပန်နိုင်ငံတွင် ရှိနေစဉ်တွင်ပင် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ထို့အပြင် အားလပ်ချိန်များတွင် ဂျပန်နိုင်ငံအနှံ့ ရောက်နိုင်သလောက် ခရီးများသွားလာခဲ့ကာ ယခု 'ဆာရိုနာရ' ဆောင်းပါးအပါအဝင် ဂျပန်အတွေ့အကြုံခရီးသွားဆောင်းပါး ၇၉ ပုဒ်တိတိ ရေးသားပြီးစီးခဲ့သည်။ ဆောင်းပါးများအားလုံး ဂျပန်နိုင်ငံတွင် ပြုလုပ် (ရေးသား) ခဲ့ပါသည် (Made in Japan)။ ရေးသားပြီးစီးခဲ့သော အဆိုပါ ဆောင်းပါး ၇၉ ပုဒ်ကို မြန်မာသတင်းစာ၊ ဂျာနယ်များသို့ ပေးပို့ခဲ့ပြီးဖြစ်ကာ ၎င်းဆောင်းပါးများအနက်မှ ၅၃ ပုဒ်မှာ စာရေးသူ ဂျပန်နိုင်ငံမှ ပြန်လည်မထွက်ခွာမီ မြန်မာသတင်းစာ၊ ဂျာနယ်များတွင် ပါရှိခဲ့နှင့်ပြီး ဖြစ်ပါသည်။ လူတစ်ယောက် အလုပ်တာဝန်တစ်ဖက်ဖြင့် မည်မျှ စာများရေးသားနိုင်သည်ကို သတ်မှတ်ကာလတိုအတွင်း မှတ်ကျောက်တင်ခြင်းလည်း ဖြစ်သည်။

တစ်ချိန်တည်းတွင် စာရေးသူ၏ ဂျပန်နိုင်ငံတွင် နေထိုင်ခဲ့စဉ် ကာလများသည် ကမ္ဘာအနှံ့ ပျံ့နှံ့ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး (COVID–19) ကြောင့် စိုးရိမ်ပူပန်မှုအချို့နှင့်လည်း ရောပြွမ်းနေခဲ့ပါသည်။ တိကျစွာဆိုရပါလျှင် ဂျပန်တွင် နေထိုင်ခဲ့စဉ် ခြောက်လတာကာလအတွင်း ပထမသုံးလ အောက်တိုဘာလမှ ဒီဇင်ဘာလအထိမှာ လွတ်လပ်ပျော်ရွှင်စွာ လှုပ်ရှားသွားလာခဲ့သော်လည်း နောက်ဆုံးသုံးလ ဇန်နဝါရီလမှ မတ်လအထိမှာ စိုးရိမ်ကြောင့်ကြမှုအချို့နှင့် နေထိုင်ခဲ့ရပါသည်။ မည်သို့ဆိုစေ ကိုရိုနာကပ်ဘေးကာလအတွင်း အာရှတိုက်တွင် ဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားမှုနှုန်း အမြင့်မားဆုံးနိုင်ငံများစာရင်းတွင်ပါဝင်သော ဂျပန်နိုင်ငံတွင် နေထိုင်ခဲ့ကာ မြန်မာနိုင်ငံတွင် ဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး စိုးရိမ်မှု အမြင့်မားဆုံးကာလဟု ဆိုနိုင်သော မတ်လကုန်တွင် ပြည်တော်ပြန်ခြင်း ဖြစ်လေရာ အတွေ့အကြုံ၊ ဗဟုသုတများစွာရရှိခဲ့ပါသည်။ ယခုဆာရိုနာရဆောင်းပါးတွင် ဂျပန်နိုင်ငံ အတွေ့အကြုံအချို့ အကျဉ်းချုပ်ကိုဖော်ပြလျက် လိုက်နာအတုယူသင့်သည်များကို ထုတ်နုတ်တင်ပြသွားပါမည်။

**ရနိုင်သလောက် ပြုပြင်ပြောင်းလဲကြရန်လို**

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် များစွာကွာခြားလွန်းလှပါသည်။ ဂျပန်နိုင်ငံသည် အာရှတိုက်တွင် အချမ်းသာဆုံးနိုင်ငံ၊ စက်မှုအဖွံ့ဖြိုးဆုံးနိုင်ငံ၊ ပညာရေးအကောင်းဆုံးနိုင်ငံ၊ စာဖတ်အား အမြင့်မားဆုံးနိုင်ငံ၊ စည်းကမ်း၊ စည်းစနစ်အကျဆုံးနိုင်ငံ၊ စည်းလုံးညီညွတ်မှုအရှိဆုံးနိုင်ငံအဖြစ် ရှုမြင်ခြင်းခံရပါသည်။ စာရေးသူတို့ သူများကို အားကျနေရုံနှင့် မပြီးပါ။ ရနိုင်သလောက် ပြုပြင်ပြောင်းလဲကြရန် လိုပါသည်။ လူတစ်ဦးချင်း ပြောင်းလဲဖို့ လိုပါသည်။ လူတစ်ဦးချင်း ချက်ချင်းမပြောင်းလဲနိုင်၊ ပြောင်းလဲရန် ဝန်းကျင်အခြေအနေ မပေးဟု ဆိုလျှင်တောင် ပြောင်းလဲရမည်၊ ပြောင်းလဲသင့်သည်ဟူသော အသိစိတ်ရှိရန်လိုပါသည်။ ကောင်းမွန်သော အသိစိတ်အမွေကို ကိုယ့်သားသမီး၊ မြန်မာ့လူငယ်မျိုးဆက်ကို လက်ဆင့်ကမ်းပေးနိုင်ရမည် ဖြစ်သည်။ မည်သည့် အပြောင်းအလဲမဆို အတွင်းမှလာရမည်သာ ဖြစ်ပါသည်။

နိုင်ငံတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းတွင် အားနည်းချက်များ၊ အားသာချက်များ ရှိပါသည်။ အားနည်းချက်များကို လျော့ပါးပျောက်ကွယ်အောင် လုပ်ဆောင်ပြီး အားသာချက်များကို တိုးတက်ပွားများအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ မည်မျှ ချမ်းသာ၊ ပြည့်စုံနေပါစေ အချို့သူတို့ လူ့အဖွဲ့အစည်းကို သဘောမတွေ့ကြပါ။ မည်မျှဆင်းရဲ၊ မပြည့်စုံပါစေ၊ အချို့သူတို့ လူ့အဖွဲ့အစည်းတွင် နေပျော်ကြပါသည်။ ဂျပန်လူ့အဖွဲ့အစည်းကို စည်းကမ်းကြီးလှသည်၊ တင်းကျပ်သည်ဟုဆိုကာ စိတ်ပျက်နေသော ဂျပန်များ မြန်မာနိုင်ငံ၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် ရေရှည်မနေနိုင်သလို မြန်မာလူ့အဖွဲ့အစည်းကို စည်းကမ်းမဲ့လှသည်၊ လျော့ရဲလွန်းသည်ဟုဆိုကာ စိတ်ပျက်နေသော မြန်မာများ ဂျပန်နိုင်ငံ၊ ဂျပန်လူ့အဖွဲ့အစည်းတွင် ရေရှည်မနေနိုင်ကြပါချေ။ အရေးကြီးသည်မှာ လူသည် အပြန်အလှန် လေ့လာသင်ယူကာ ကိုယ့်လူ့အဖွဲ့အစည်းကို ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရင်း မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းသွားကြရန် ဖြစ်သည်။

**အလုပ်လုပ်လျှင် မခိုမကပ်လုပ်ကြ**

စာရေးသူတို့ အင်တာနက်တွင် ဂျပန်နိုင်ငံနှင့်ပတ်သက်ပြီး မကြာခဏ ကောင်းသတင်းများ ဖတ်ရှုရလေ့ရှိပါသည်။ မည်မျှ သန့်ရှင်းသည်၊ မည်မျှ စည်းကမ်းရှိသည်၊ မည်သို့ ယဉ်ကျေးပျူငှာသည်၊ ဂျပန်ကလေးငယ်များအား မည်သို့ ပြုစုပျိုးထောင်သည်စသဖြင့် ဖတ်ရှုရပါသည်။ စာရေးသူ ဂျပန်ကိုယ်တွေ့ အတွေ့အကြုံအချို့ကို ဗဟုသုတအလို့ငှာ ရွေးထုတ်တင်ပြရသော် ဂျပန်လူမျိုးများ အလုပ်လုပ်လျှင် မခိုမကပ် အလုပ်လုပ်ကြသည်။ လူနည်းနည်းနှင့် ထောင့်စေ့အောင် လုပ်ကြသည်။ စာရေးသူ ဘဏ်တစ်ခုသို့ ပုံမှန်သွားခဲ့သည်။ အဆိုပါဘဏ်တွင် ကောင်တာ ငါးခုရှိသည်။ ဘဏ်ဝန်ထမ်းအမျိုးသမီး ငါးဦးထိုင်သည်။ ကောင်တာမှ ဝန်ထမ်းများသည် တစ်ချိန်လုံး ထိုင်ပြီး ကာစတန်မာ စောင့်နေခြင်းမျိုးမဟုတ်ဘဲ သူတို့ကောင်တာတွင် အလုပ်မရှိပါက ကောင်တာအပြင်သို့ ထွက်ကာ ဘဏ်သို့လာရောက်သူများအား ကြိုဆိုခြင်း၊ မေးမြန်းခြင်းများ ပြုကြသည်။ သူတို့ကောင်တာသို့ လာမည့် ကာစတန်မာရှိမှသာ ကောင်တာသို့ပြန်ထိုင်ပြီး အလုပ်ဆက်လုပ်ကြသည်။ အလုပ်မရှိဘဲ ကြာမြင့်စွာထိုင်နေပြီး အချိန်ကုန်တာမျိုး သူတို့ အင်မတန် မနှစ်မြို့ပုံရသည်။ စာရေးသူ ရုံးအနီးတွင် ကျိုတိုတက္ကသိုလ်ကန်တင်း ရှိပါသည်။ ရုံးတက်ရက် အဆိုပါ ကန်တင်းမှာ အမြဲ နေ့လယ်စာ စားဖြစ်သည်။ ကန်တင်းတွင် ငွေရှင်းကောင်တာ နှစ်ခုရှိပြီး လူနည်းလျှင် တစ်ခုသာ ဖွင့်ပြီး ကျန်ကောင်တာမှ ဝန်ထမ်းမှာ အနီးအနားတွင် လုပ်စရာရှိသည်များကို လုပ်ကိုင်ဆောင်ရွက်သည်။ လူများပြီဆိုမှ ကောင်တာဆီ ပြန်လာကာ လူများအား ရှင်းထုတ်သည်။ ကောင်တာမှာ လူမလာမချင်း ရပ်နေတာမျိုး မဟုတ်ပေ။

**အလုပ်မည်မည်ရရမရှိဘဲ လစာထုတ်ယူရတာ ရှက်စရာဟု ယူဆ**

စာရေးသူ အဆောင်နားတွင် ပုံမှန်ဝယ်ယူသော စူပါမားကတ်တစ်ခု ရှိပါသည်။ ဗိုလ်တထောင်မြို့နယ် ၄၈ လမ်းထိပ် စီးတီးမတ်ကဲ့သို့ အရွယ်အစား ဖြစ်သည်။ ဆိုင်ငွေရှင်းကောင်တာတွင် ဝန်ထမ်းများသည် အလုပ်မရှိပါက ကောင်တာမှ ထွက်ကာ အနီးအနားတွင်လုပ်စရာရှိသည်များကို လုပ်နေတတ်ပြီး ကောင်တာတွင် ဖောက်သည်လာပြီ သို့မဟုတ် အခြားကောင်တာတွင် ဖောက်သည်များ တန်းစီတာများနေပြီဆိုမှ သူ့ငွေရှင်းကောင်တာဆီ ပြန်လာကာ အလုပ်လုပ်ကြသည်။ အဆိုပါဆိုင်တွင် လုံခြုံရေးယူနီဖောင်းဝတ်စုံဝတ် လုံခြုံရေးဝန်ထမ်းတစ်ဦး ရှိသည်။ လုံခြုံရေးဝန်ထမ်းဖြစ်ရာ ဝင်ပေါက်တွင် အမြဲအသင့်ရှိနေရမည် ဖြစ်သည်။ သို့သော် သူ့ကြည့်လျှင် အမြဲလိုလို ဆိုင်အပြင်ဘက် အမှိုက်ပုံးများထဲမှ အမှိုက်များကို ခွဲခြားပြီး ပလတ်စတစ်အကြည်အိတ်ကြီးများထဲ ထည့်သွင်းအလုပ်ရှုပ်နေသည်ကို တွေ့ရသည်။ အဲဒါတော့လည်း ပိုလွန်းသည်ဟု ထင်ပါသည်။ လုံခြုံရေးက အမှိုက်သိမ်းသမားလုပ်နေတာတော့ မဖြစ်သင့်ဟု ထင်ပါသည်။ မည်သို့ဆိုစေ ဂျပန်တွင် ဝန်ထမ်းများသည် အလုပ်မရှိဘဲ မနေတတ်၊ အလုပ်မည်မည်ရရမရှိဘဲ လစာထုတ်ယူရတာ ရှက်စရာဟု ယူဆကြပါသည်။

ဂျပန်လူမျိုးတို့သည် ရလဒ်ကို အမြဲလေ့လာသုံးသပ်သည်။ လက်တွေ့ကျသည်။ ရှေးရိုးဆန်သည်။ သို့သော် ခေတ်မီသည်။ ဂျပန်တွင် ရိုးရာနတ်ကွန်းများ၊ ဗုဒ္ဓဘာသာဘုရားကျောင်းများ၊ ရုပ်တုမျိုးစုံ ထုဆစ်ကိုးကွယ်ခြင်းများ ရှိပါသည်။ ထိုအရာများသည် ဂျပန်တို့၏ အမျိုးသားရေး သရုပ်သကေန်များအဖြစ်လည်း မှတ်ယူနိုင်သည်။ ဂျပန်တို့သည် သူတို့၏ ရိုးရာအစဉ်အလာများကို အလေးထားသည့်တိုင် ထိုအရာများကို ဖက်တွယ်ပြီး ဆင်းရဲသွားတာမျိုး၊ ခေတ်နောက်ကျကျန်ခဲ့တာမျိုး မဖြစ်စေရပေ။ ဂျပန်တို့ သတိရှိပါသည်။ တစ်ဖက်မှာ ပြုပြင်ပြောင်းလဲရေးများ တွန်းထိုးလုပ်ဆောင်ရင်း ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရုံသာမက နိုင်ငံခြားသားများ အထင်ကြီး၊ စိတ်ဝင်စားစေရန် လုပ်ဆောင်ကြသည်။ ဘုရားကျောင်း၊ နတ်ကွန်းများတွင် ပုံစံအမျိုးမျိုးဖြင့် ဝင်ငွေရှာခြင်းများရှိပြီး ပုံမှန်ဝင်ငွေရှိမှသာ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ရာ တစ်ခါတလေ ငွေကြေးကိစ္စက ဘာသာရေးထက် ရှေ့ရောက်နေပုံရပါသည်။ စာရေးသူ၏ ဂျပန်မိတ်ဆွေတစ်ဦးက "သူတို့ ဒီနတ်ကွန်းတွေ၊ ဘုရားကျောင်းတွေ သွားပေမယ့် ဘာသာရေးဆီပဲ အာရုံရောက်လွန်းတယ်၊ အလေးထားလွန်းတယ်လို့ မထင်ပါနဲ့။ ဘုရားကျောင်းက အောက်ထပ်မှာ၊ အပေါ်ထပ်တွေကို ဟိုတယ်ငှားရမ်းထားတာမျိုးတွေရှိတယ်"စသဖြင့် ပြောပါသည်။

တိုကျိုနေ မြန်မာမိတ်ဆွေတစ်ဦးကလည်း ဂျပန်ဗုဒ္ဓဘာသာဘုရားကျောင်းများနှင့် ဘုရားကျောင်းဝင်းများအတွင်း တွေ့မြင်ရလေ့ရှိသော သင်္ချိုင်းများ ရန်ပုံငွေကြေးဆက်နွယ်မှုရှိပုံကို ရှင်းပြသည်။ ဆိုလိုသည်မှာ မည်သည့်အရာလုပ်လုပ် ရေရှည်တည်တံ့စနစ်ကျဖို့ ငွေကြေး လိုအပ်ပါသည်။ ထိုအတွက် ထုံးတမ်းအစဉ်အလာများ ပုံသေဆုပ်ကိုင်ထားသည်ထက် အတိုး၊ အဆုတ်လုပ်ကာ လက်တွေ့ကျကျ စီမံဆောင်ရွက်ကြသည်။

**စာမျက်နှာ ၂၆ သို့**

> **ဂျပန်လူမျိုးတို့သည် ရလဒ်ကို အမြဲလေ့လာသုံးသပ်သည်။ လက်တွေ့ကျသည်။ ရှေးရိုးဆန်သည်။ သို့သော် ခေတ်မီသည်။ ဂျပန်တွင် ရိုးရာနတ်ကွန်းများ၊ ဗုဒ္ဓဘာသာဘုရားကျောင်းများ၊ ရုပ်တုမျိုးစုံ ထုဆစ် ကိုးကွယ်ခြင်းများ ရှိပါသည်။ ထိုအရာများသည် ဂျပန်တို့၏ အမျိုးသားရေး သရုပ်သကေန်များအဖြစ်လည်း မှတ်ယူနိုင်သည်။ ဂျပန်တို့သည် သူတို့၏ ရိုးရာအစဉ်အလာများကို အလေးထားသည့်တိုင် ထိုအရာများကို ဖက်တွယ်ပြီး ဆင်းရဲသွားတာမျိုး၊ ခေတ်နောက်ကျ ကျန်ခဲ့တာမျိုး မဖြစ်စေရပေ။ ဂျပန်တို့ သတိရှိပါသည်။ တစ်ဖက်မှာ ပြုပြင်ပြောင်းလဲရေးများ တွန်းထိုးလုပ်ဆောင်ရင်း ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရုံသာမက နိုင်ငံခြားသားများ အထင်ကြီး၊ စိတ်ဝင်စားစေရန် လုပ်ဆောင်ကြသည်။**

# သန့်ရှင်းရေးဝန်ထမ်း အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်ပစ္စည်း ခုနစ်မျိုး လှူဒါန်း

ရန်ကုန် မေ ၄

ကိုဗစ်-၁၉ ရောဂါကာလတွင် တာဝန်ထမ်းဆောင်နေရသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဝန်ထမ်းအိမ်ထောင်စု ၁၀၁၀ အား တစ်စုလျှင် ငွေကျပ် ၁၆၀၀၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန် ခုနစ်မျိုး လှူဒါန်းမှုကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမ၌ ပြုလုပ်သည်။




အဆိုပါ လှူဒါန်းမှုကို ရတနာစိုင်းကောင်းမြတ်ကျော် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (မြို့တော်ဘိလပ်မြေစက်ရုံ၊ ပြည်ညောင်)က လှူဒါန်းခြင်းဖြစ်ပြီး လှူဒါန်းမှုစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၆၁၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

အလှူပစ္စည်းများ လှူဒါန်းရာတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

လှူဒါန်းမှုသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်၊ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးမင်းသူ**

## ရေသတ္တဝါ(အရှင်)များ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်တွင် ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ် တင်ပို့ခြင်းမပြုရန် အသိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို/ ရေငန်ရေပြင်များတွင် ငါး/ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး/ပုစွန်အထွက်တိုးစေရန်၊ မျိုးကောင်း မျိုးသန့်များ ရေရှည်တည်တံ့တိုးပွားလာစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ရေသတ္တဝါများ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်ကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူ၊ စုဆောင်းခြင်းမပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီးဖြစ်ပါသဖြင့် အောက်ပါရေသတ္တဝါ(အရှင်)များအား သတ်မှတ်ကာလအတွင်း ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ်၊ တင်ပို့ခြင်းမပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

- ကျောက်ပုစွန်၊ ကင်းပုစွန်၊ ငါးလင်ပန်း - ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ
- ကျောက်ငါး - ဇူလိုင်လ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀) ရက်နေ့အထိ
- ရေချိုငါးအားလုံး - မေလ(၁)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အထိ
- ရေချိုပုစွန် - ဧပြီလ(၁)ရက်နေ့မှ ဇွန်လ (၃၀)ရက်နေ့အထိ
- ရေငန်ပုစွန် - ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

○ စာမျက်နှာ ၂၅ မှ

ဂျပန်တို့သည် ငွေကို စိစစ်သုံးစွဲသည်။ ငွေကို တန်ဖိုးထားသည်။ ရစရာရှိလျှင် အကုန်အစင်ရအောင် တောင်းသည်။ သို့ဖြစ်ရာ ဂျပန်အကြောင်းသိသူအချို့က ဂျပန်တို့ ကပ်စေးနဲသည်၊ ကျစ်သည်၊ ငွေမက်သည် စသဖြင့် ဝေဖန်ပြောဆိုမှု အချို့ရှိပါသည်။ ဤသို့ ငွေကြေးနှင့်ပတ်သက်သည့် ကိစ္စများသည် ဂျပန်တင်မှမဟုတ် တရုတ်၊ အိန္ဒိယတို့လည်း ထိုနည်းလည်းကောင်းပါပဲဟု ဆိုကောင်းဆိုကြပါမည်။ သို့သော် ဂျပန်တို့ ငွေကြေးအပေါ် ဂရုပြုပုံသည် မည်သည့်အာရှသားနှင့်မျှ မတူပါချေ။ ဂျပန်တွင် အနေကြာလျှင် သိပါလိမ့်မည်။ ဂျပန်တို့သည် အသေးအဖွဲမှအစ အတိအကျ ကောက်ယူသည်။ ပေးစရာရှိသည်လည်း ပေးသည်။ ယူစရာရှိသည်လည်း ယူသည်။ ရေရှည်အမြင်ထားရှိသည်။ စာရေးသူ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၈ ရက် နံနက်အစောကြီး ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်ဖြစ်ရာ ရေဖိုးငွေကောက်ခံသည့် ဝန်ထမ်းသည် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၇ ရက် ညနေတွင် အဆောင်သို့ ရောက်ရှိလာပြီး နောက်ဆုံးအချိန်အထိ သုံးစွဲခဲ့သည့်ရေဖိုးကို လာရောက်ကောက်ခံလေသည်။ အခြားအဆောင်သားများအားလည်း ထိုနည်းလည်းကောင်းပင်ကောက်ခံကြောင်းသိခဲ့ရသည်။ အမေရိကန်၊ ဥရောပနှင့် တရုတ်တို့ကဲ့သို့ နိုင်ငံများတွင် အများပြည်သူ ဘတ်စ်ကားများ၊ ရထားများတွင် ခရီးသည်အချို့မှ အခကြေးငွေမပေးဘဲ စီးနင်းမှုများ၊ ရှောင်ရှားမှုများ ရှိတတ်သော်လည်း ဂျပန်နိုင်ငံတွင် ရထားတာဝန်ရှိသူများသည် ထိုသို့ကိစ္စများ မဖြစ်ပေါ်စေရန်၊ လျော့နည်းစေရန် အကြားအလပ်မရှိ တိကျစွာ စောင့်ကြည့်ထိန်းကျောင်းသည်ကို သတိပြုမိခဲ့သည်။ စာရေးသူ၏ တပည့်လေးတစ်ဦး ရန်ကုန်မြို့ရှိ ငွေကြေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ရာ သူ၏ဂျပန်မန်နေဂျာက ငွေထုတ်ချေးသူများထံ ကျပ်ငွေ ဆယ်ဂဏန်း၊ ရာဂဏန်းမှအစ အသေးစိတ်တွက်ချက် ဖိဖိစီးစီးကောက်ခံသည်ကို တအံ့တသြ ပြောပြဖူးပါသည်။

### သူများဘက်မှ စဉ်းစား

ဂျပန်နိုင်ငံတွင် လူမှုပဋိပက္ခများ နည်းပါးရခြင်း၏ အချက်တစ်ခုမှာ သူများဘက်မှ စဉ်းစားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အစိုးရကပြည်သူများ လိုအပ်ချက်ကို တင်ကြိုစဉ်းစား ဖြည့်ဆည်းဆောင်ရွက်ပေးသလို ကုမ္ပဏီကြီးများ၊ လုပ်ငန်းကြီးများကလည်း လက်အောက်ဝန်ထမ်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဤနေရာတွင် ပြောလိုသည်မှာ လစာတစ်ခုတည်းကို ညွှန်းဆိုခြင်း မဟုတ်ပါ။ လက်အောက်ဝန်ထမ်းများအား လူမှုရေးလိုအပ်ချက်များမှအစ အသုံးအဆောင်၊ ယူနီဖောင်းအဝတ်အစားစသည်ဖြင့် ပံ့ပိုးထားခြင်း ဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံကြီးများ၊ ကုမ္ပဏီကြီးများ မဆိုထားနှင့် သာမန် စတိုးဆိုင်ဝန်ထမ်းများ၊ စားသောက်ဆိုင် ဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများအား ကြည့်လျှင် အဝတ်အစားသာမက လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများ ခါးပတ်လည်၊ ကိုယ်ခန္ဓာအနှံ့အပြားတွင် ချိတ်ဆွဲပြီး ဖြစ်လေသည်။ စစ်ဆင်ရေးတစ်ခုသို့ သွားရောက်မည့် သူများသဖွယ် ဖြစ်သည်။ နေရာတိုင်း မဟုတ်တောင်မှ ဆိုင်အများအပြားတွင် ဝန်ထမ်းများအား လုပ်ငန်းချိန်တွင် စနစ်တကျ စုဖွဲ့ထားသည်ကို မြင်တွေ့ရမည် ဖြစ်သည်။ အငှားယာဉ်များမှာလည်း လွန်စွာသန့်ရှင်းသပ်ရပ်ပြီး အငှားယာဉ်မောင်းနှင်သူများမှာလည်း ယူနီဖောင်း သို့မဟုတ် အနောက်တိုင်းဝတ်စုံအပြည့်ဖြင့် ဖြစ်ကြသည်။ အငှားယာဉ်များ သန့်ရှင်းသပ်ရပ်ခြင်းနှင့် လုပ်ငန်းချိန်အတွင်း ကားဆရာများ သပ်ရပ်စွာဝတ်စားခြင်းသည် အငှားယာဉ်ကားစီးနင်းမည့် ဖောက်သည်များကို လေးစားရိုသေမှုပြသခြင်းလည်း ဖြစ်ပါသည်။

### များစွာစိတ်ဝင်စားဖွယ်နေရာများစွာရှိ

ဂျပန်တို့သည် အလုပ်တစ်ခုလုပ်လျှင် ရေရှည်မြော်တွေးလုပ်ဆောင်ရာတွင် နာမည်ကြီးသူများဖြစ်ပြီး ဂျပန်နိုင်ငံတွင် နှစ်ပေါင်းရာနှင့်ချီပြီး တည်တံ့သည့် လုပ်ငန်းများ၊ ကုမ္ပဏီများ၊ စားသောက်ဆိုင်များ အများအပြား ရှိပါသည်။ ရေရှည်တည်တံ့ခြင်းဆိုသည်မှာ အကြောင်းအချက်များစွာ ပေါင်းစုံစုစည်းရန် လိုအပ်ပါသည်။ ပုဂ္ဂလိကကြိုးပမ်းအားထုတ်မှုများမှသည် အစိုးရ၏ ကောင်းမွန်သောစီမံချက်များအထိ ဆက်နွှယ်အကျုံးဝင်သည်။ လုပ်ဆောင်မည့်အရာများကို စကားများများမပြောဘဲ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် တိတ်တိတ်ဆိတ်ဆိတ် ဆောင်ရွက်ရာတွင် မည်သူမှ ဂျပန်လူမျိုးတို့ကို မီနိုင်မည်ဟု မထင်ပါ။ မြန်မာတို့ကဲ့သို့ ကြီးကျယ်လှသော ဆောင်ပုဒ်များ၊ ကြွေးကြော်သံများမထားရှိဘဲ ရလဒ်ဖြင့်သာ ဖော်ပြအလုပ်လုပ်သွားသည်။ မြန်မာနိုင်ငံတွင် မြို့ရွာအဝင်ဆိုင်းဘုတ်များ၊ ဘုန်းကြီးကျောင်းအဝင် မုခ်ဦးကြီးများသည် ရွှေရောင်စာလုံးများဖြင့် လှပခံ့ညားတတ်ပြီး အထဲသို့ မဝင်မီ လူအထင်ကြီး၊ လူရှိန်သော်လည်း အမှန်အတွင်းထဲတွင်မူ အခြေခံအဆောက်အဦများချို့တဲ့ခြင်း၊ ဆင်းရဲမွဲတေခြင်း၊ သန့်ရှင်းသပ်ရပ်မှု အားနည်းခြင်းများ ရှိပါသည်။ ဂျပန်တွင်မူ အဆောက်အဦတစ်ခု (သို့မဟုတ်) နေရာတစ်ခုအား အပြင်ပန်းမှကြည့်လျှင် အထင်ကြီးစရာ၊ စိတ်ဝင်စားစရာ မရှိလှဘဲ တကယ်အထဲရောက်မှသာ လှပသန့်ရှင်း ဆွဲဆောင်မှုရှိလှသည်ကို တွေ့ရတတ်သည်။ စာရေးသူ ဂျပန်နိုင်ငံတွင် ခရီးသွားစဉ် ထိုသို့မကြာခဏ ကြုံဖူးပါသည်။ အပြင်က ကြည့်လျှင် သာမန် မုခ်ဦး၊ ဆိုင်းဘုတ်ငယ်လေး ဖြစ်သော်လည်း အတွင်း၌မူ များစွာစိတ်ဝင်စားဖွယ် အထင်တကြီးဖြစ်စေသော နေရာများစွာ ရှိပါသည်။

ဂျပန်နိုင်ငံတွင် နေ့စဉ် ထိတွေ့ရသော ဝန်းကျင်သည် လူအများကို 'အား' ဖြစ်စေပါသည်။ ထိုအဓိပ္ပာယ်ကို စာရေးသူကဲ့သို့ မြန်မာနိုင်ငံမှ လာသောသူများသာ နားလည်နိုင်ပါမည်။ ဂျပန်တွင် လူအများသည် အဝတ်အစား၊ ယူနီဖောင်းများကိုသေသပ်စမတ်ကျစွာ ဝတ်စားကြပြီး မီးပွိုင့်များ၊ မီးလုံး၊ မီးသီးများမှာ လျှပ်စစ်အား ပြည့်ဝစွာ ရရှိသဖြင့် အင်အားပြည့် ထွန်းလင်းကြပါသည်။ ငယ်စဉ်က ဝါကျင့်ကျင့် မီးသီး၊ မီးလုံးများဖြင့် ကြီးပြင်းခဲ့ရသော စာရေးသူတို့အဖို့ ထိုသို့ အင်ပြည့်အားပြည့် မီးသီး၊ မီးလုံးများကို မြင်တွေ့ပါလျှင် တက်ကြွလန်းဆန်းမိပါသည်။ ဂျပန်ဝန်းကျင်တွင် နေ့စဉ်မြင်တွေ့ရသော အရာများသည် အားဖြစ်စေပါသည်။ ဂျပန်လူ့အဖွဲ့အစည်းတွင် အထူးသဖြင့် ပြင်ပမှ၊ နိုင်ငံခြားသားအမြင်မှကြည့်လျှင် မကောင်းမွန်သော အကြောင်းအချက်များလည်း များစွာရှိပါသည်။ သို့သော် ယခုဆောင်းပါးသည် ဂျပန်တို့၏ ကောင်းမွန်သော အကျင့်စရိုက်များကို စာဖတ်သူများ သိမြင်စေရန် မျှဝေခြင်းဖြစ်ပါသည်။ ဆက်ရေးမည်ဆိုလျှင် ကောင်းမွန်သော ဂျပန်အတွေ့အကြုံများ အားကစား၊ ကျန်းမာရေး၊ အစားအသောက် ပြောစရာအများကြီး ရှိပါသည်။

ဆောင်းပါးအဆုံးမသတ်မီ ခရီးသွား အတွေ့အကြုံအချို့ ရေးချင်ပါသည်။ စာရေးသူ ဂျပန်နိုင်ငံတွင် ခရီးများသွားလာစဉ် သဘောကျသည့်ကိစ္စတစ်ခုမှာ နေရာအနှံ့ သန့်ရှင်းသော အိမ်သာများရှိခြင်းဖြစ်သည်။ ယေဘုယျ ဘူတာရုံများ၊ ကုန်တိုက်ကြီးများ၊ လည်ပတ်စရာ နေရာများတွင် အများသုံး အိမ်သာများရှိပြီး လမ်းများ၊ ရပ်ကွက်များတွင်လည်း အများသုံး အိမ်သာများ ရှိတတ်ပါသည်။ အခကြေးငွေ မပေးရပါ။ အိမ်သာတိုင်းတွင် စက္ကူ၊ ရေ အနည်းဆုံး လိုအပ်ချက်များ ပြည့်စုံစွာထားရှိသည်။ ဘတ်စ်ကားများ၊ ရထားများမှာလည်း နံနက်မှ ည သတ်မှတ်အချိန်အတွင်း လူရှိသည်ဖြစ်စေ၊ လူမရှိသည်ဖြစ်စေ အချိန်မှန်၊ မိနစ်ပိုင်းသာခြားပြီး ပြေးဆွဲနေသည်ဖြစ်ရာ လူစိမ်း ခရီးသွားသူများအဖို့ များစွာအဆင်ပြေပါသည်။ ထင်ရှားသည့်နေရာ အများအပြားတွင် အင်္ဂလိပ်ဘာသာဖြင့် ဝက်ဘ်ဆိုက်များ ရှိတတ်ပြီး အင်တာနက်တွင်လည်း သက်ဆိုင်သည့် သတင်းအချက်အလက်များ ရှိနေသဖြင့် မသွားခင် ကြိုတင်လေ့လာလိုသော စာရေးသူတို့လို သမိုင်းအချက်အလက် စိတ်ဝင်စားသူ ခရီးသွားများအဖို့ များစွာ အဆင်ပြေလှပါသည်။

### အပြောင်းအလဲများ လျင်မြန်စွာဖြစ်ပေါ်နေ

ယခု စာရေးသူ ဂျပန်နိုင်ငံမှ ပြန်လည်ထွက်ခွာပြီ ဖြစ်ပါသည်။ ဂျပန်နိုင်ငံမှ မပြန်မီ နောက်ဆုံးနေ့ရက်များတွင် သက်ဆိုင်ရာ ဂျပန်အဖွဲ့အစည်းများသို့ နောက်ဆုံး အစီရင်ခံစာများ ရေးသားပေးပို့ခြင်း၊ နေထိုင်သည့် ရပ်ကွက်အာဏာပိုင်များထံ ပြန်လည်ထွက်ခွာမည့်အကြောင်း သွားရောက်သတင်းပို့ခြင်း၊ မြန်မာသံရုံးသို့ လက်ရှိအခြေအနေနှင့် ထွက်ခွာမည့်နေ့ရက်ကို ဆက်သွယ်အကြောင်းကြားခြင်း၊ ချိန်းဆိုထားသူများနှင့် နေ့လယ်စာ၊ ညစာ စားသုံးခြင်း၊ မိတ်ဆွေများ၊ အဖွဲ့အစည်းများထံ နှုတ်ဆက် အီးမေးလ်များ ရေးသားပေးပို့ခြင်း၊ ဖုန်း၊ ဘဏ်၊ ရေ၊ မီး၊ အင်တာနက်၊ အဆောင်ခများ အကျေအလည်ပေးဆပ်ခြင်း၊ ရုံးခန်း၊ အဆောင်အခန်းများကို သန့်ရှင်းရေးများ ကောင်းမွန်စွာ ပြုလုပ်ခြင်း၊ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လေကြောင်းလိုင်းများ အပြောင်းအလဲ ဖြစ်လေရာ စာရေးသူ စီးနင်းမည့် လေယာဉ်မှာ နှစ်ကြိမ်နှစ်ခါ အပြောင်းအလဲ ပြုခဲ့ရပါသည်။ စာရေးသူနေထိုင်သည့် ကျိုတိုမြို့မှ ရန်ကုန်မြို့ (သို့မဟုတ်) ဗန်ကောက်မြို့သို့ တိုက်ရိုက်လေကြောင်းမရှိသဖြင့် တိုက်ရိုက်လေကြောင်းများ တည်ရှိရာ အိုဆာကာမြို့၊ တိုကျိုမြို့များသို့ သွားရောက်ရပါသည်။ သို့ဖြစ်ရာ လေယာဉ်ခရီးစဉ် အပြောင်းအလဲကိစ္စများသာမက ကြိုတင်ချိတ်ဆက်ထားသော အငှားယာဉ်ငှားရမ်းခြင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ခဲ့ရသည်။ စာရေးသူ ပြန်လည်ထွက်ခွာမည့် ၂၀၂၀ ပြည့်နှစ် မတ်လ နောက်ဆုံးနေ့ရက်များတွင် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး ကျိုတိုမြို့ ကိုယ့်အနီးဝန်းကျင်တွင် အခြေအနေမှာ တည်ငြိမ်စွာ ရှိနေသော်လည်း စာရေးသူ ပြန်လည်ဝင်ရောက်မည့် မြန်မာနိုင်ငံနှင့် စာရေးသူ လေယာဉ်စီးနင်းရမည့် တိုကျိုမြို့တော်တို့၏ အခြေအနေမှာ နာရီပိုင်း၊ ရက်ပိုင်းအတွင်းမှာပင် အပြောင်းအလဲများ လျင်မြန်စွာ ဖြစ်ပေါ်နေခဲ့ပါသည်။

ဂျပန်နိုင်ငံ အစိုးရအဖွဲ့ အထူးသဖြင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အပေါ် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး အရေးပေါ်အခြေအနေ ကြေညာရန် အထူးသဖြင့် ဗိုင်းရပ်စ် အများဆုံးတွေ့ရှိနေသည့် တိုကျိုမြို့တော်အား အရေးပေါ်အခြေအနေ ကြေညာရန် ဖိအားပေး တောင်းဆိုမှုများ မြင့်တက်လျက်ရှိသည်။ စာရေးသူ၏ (ကျိုတို) ရုံးမှ နိုင်ငံတကာ သုတေသီများသည်လည်း မီရာလေယာဉ်များဖြင့် ဂျပန်နိုင်ငံမှ ပြန်လည် ထွက်ခွာနေကြပြီဖြစ်သည်။ အပြင်တွင် အခြေအနေမှာ များစွာမယိုယွင်းသော်လည်း အတွင်း၌မူ စိုးရိမ်စိတ်များ ကြီးမားနေပုံရသည်။ စာရေးသူလည်း လိုအပ်ပါက ဂျပန်နိုင်ငံမှ ရုတ်ခြည်း ထွက်ခွာနိုင်ရန် အသင့်အနေအထား အားလုံးပြင်ဆင်ပြီး ဖြစ်လေသည်။ ချုပ်၍ဆိုရပါလျှင် အရေးပေါ် အခြေအနေ ကာလတစ်ခုတွင် ပြုမူလှုပ်ရှားရသကဲ့သို့ ဖြစ်ခဲ့ပါသည်။

မည်သို့ဆိုစေ ဂျပန်နိုင်ငံတွင် ယခုနေထိုင်ခဲ့သည့် ခြောက်လတာကာလ (၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက် -၂၀၂၀ ပြည့်နှစ် မတ်လ ၂၈ ရက်)သည် ပြည်ပသို့ မကြာခဏ သွားရောက်ကာ အချိန်တိုကာလ ဧည့်သုတေသီ တာဝန်များ ထမ်းဆောင်လေ့ရှိသော စာရေးသူအဖို့ အလုပ်လုပ်နိုင်ခဲ့ဆုံးသောကာလများ၊ တစ်နည်း ရလဒ်အများဆုံးရအောင် လုပ်ဆောင်နိုင်ခဲ့သော ကာလများ ဖြစ်ခဲ့သည်။

### ခရီးစဉ်များကို ပယ်ဖျက်ရွှေ့ဆိုင်း

ယခုကဲ့သို့ ကိုရိုနာဗိုင်းရပ်စ် ကြီးထွားချိန်တွင် စာရေးသူရုံးရှိ သုတေသီအများစုသည် မည်သူမျှ စာတမ်းများအကြောင်း မပြောကြတော့ပါ။ မည်သူမျှ ပညာရပ်ဆိုင်ရာများ မဆွေးနွေးကြတော့ပါ။ ဆီမီနာများ၊ ကွန်ဖရင့်များ အငွေ့ပြန်ပျောက်ကွယ်သွားကြ၏။ ကိုယ့်ရပ်တည်ရေး၊ ကိုယ့်ရှင်သန်ရေး၊ ကိုယ့်လုံခြုံရေးကိုသာ ဦးစားပေး ပြောဆိုလုပ်ကိုင်ကြပါတော့သည်။ နှစ်နှင့်ချီကာ ကြိုးစားအားထုတ်မှုများမှ ဖြစ်တည်လာသော ပညာသင်ဆု ရရှိသူများသည်လည်း ပညာရေး မပြီးဆုံးမီ ဂျပန်နိုင်ငံမှထွက်ခွာကြလေသည်။ နှစ်နှင့်ချီကာ ကြိုးစားအားထုတ် ရင်းနှီးပေးဆပ်ရင်း ဂျပန်နိုင်ငံတွင် အလုပ်လုပ်ခွင့် ရရှိသူများသည်လည်း အလုပ်အကိုင် အခွင့်အလမ်းများ စွန့်လွှတ်ကာ ပြည်တော်ပြန်ရန် ပြင်ဆင်ကြလေသည်။ ဂျပန်နိုင်ငံသို့ လာရောက်ချင်ပါသည်ဆိုသော ဝန်ထမ်းများ၊ ပညာရှင်များ၊ ဧည့်သည်များသည်လည်း ဂျပန်ခရီးစဉ်များကို ပယ်ဖျက်ရွှေ့ဆိုင်းကြလေသည်။ လူတိုင်း နှစ်သက်လိုလားခဲ့သည့် အမေရိကန်ပြန်၊ အင်္ဂလန်ပြန်၊ ကိုရီးယားပြန်၊ ဂျပန်ပြန် အပေါင်းတို့ ခွဲခြားဖယ်ထုတ်၊ စိစစ်စောင့်ကြည့်ခံကြရသည်။ ခေတ္တခဏပါဆိုသည့်တိုင် အပြောင်းအလဲများသည် မြန်ဆန်လွန်းစွတကား။

ယခုဆောင်းပါးနိဂုံးတွင် စာရေးသူ ဂျပန်နိုင်ငံတွင် ရှိခဲ့စဉ်ကာလ အစစအရာရာ ကူညီပံ့ပိုးပေးခဲ့သော ဂျပန်ဖောင်ဒေးရှင်း (The Japan Foundation)၊ ဧည့်သုတေသီအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သော ကျိုတိုတက္ကသိုလ် (Kyoto University)၏ အရှေ့တောင်အာရှလေ့လာရေးဌာန (Center for Southeast Asian Studies)၊ ဂျပန်၊ မြန်မာနှင့် နိုင်ငံတကာမိတ်ဆွေများ၊ ဂျပန်နိုင်ငံအနှံ့ ခရီးများသွားလာစဉ် ကူညီလမ်းညွှန်ပေးခဲ့ကြသော အမည်မသိ ဂျပန်မီးရထားဝန်ထမ်းများ၊ ဂျပန်ပြည်သူများအားလုံးကို ကျေးဇူးစကားဆိုရင်း 'ဆာရိုနာရ' ဟု နှုတ်ဆက်ပါရစေ။ ယခုဆောင်းပါး အဆုံးသတ် ကလောင်ချချိန်တွင် စာရေးသူ စီးနင်းလိုက်ပါလာသော ဂျပန်လေကြောင်း (NH 0813/Y) လေယာဉ်သည်လည်း ရန်ကုန်မြို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ချင်းနင်းဝင်ရောက်နေပြီဖြစ်ပါသည်။ ။

## ချယ်လ်ဆီးတိုက်စစ်မှူး ပက်ဒရိုကို ခေါ်ယူရန် ရိုးမားနဲ့ ရီးယဲလ်ဘတ်တစ် အပြိုင်ကြိုးပမ်းနေ



ချယ်လ်ဆီးအသင်းမှ စပိန်တိုက်စစ်မှူး ပက်ဒရိုကို ရိုးမားအသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့က ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ပက်ဒရိုဟာ လက်ရှိကလပ် ချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကလည်း ဇွန် ၃၀ ရက်မှာ သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။

အဲဒါကြောင့် ရိုးမားအသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့က အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ လာလီဂါကလပ် ရီးယဲလ်ဘတ်တစ်အသင်းအနေနဲ့ ပက်ဒရိုကို ခေါ်ယူနိုင်ဖို့အတွက် အသင်းရဲ့ကစားသမားတွေဖြစ်တဲ့ တယ်လို၊ ဂျာဗီဂါစီယာ စတဲ့ကစားသမားတွေကို ရောင်းချဖို့ စီစဉ်နေတယ်လို့ လည်းသိရပါတယ်။

ပက်ဒရိုဟာ သူ့ရဲ့ကစားသမားဘဝကို မေဂျာလိဂ်မှာ အဆုံးသတ်ဖို့ဆန္ဒရှိနေတာကြောင့် မေဂျာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ နယူးယောက်စီးတီးအက်ဖ်စီနဲ့ အင်တာမီယာမီအသင်းတို့ကလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

## Chinese 8 Ball ပြိုင်ပွဲတွင် လက်စွမ်းပြနေသည့် ဘုန်းမြင့်ကျော်(ခ)မောင်မောင် ကမ္ဘာ့ချန်ပီယံဟောင်းနှင့် ယနေ့ယှဉ်ပြိုင်ရမည်

**ရန်ကုန် မေ ၄**

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် Chinese 8 Ball ပြိုင်ပွဲတွင် လက်စွမ်းပြပြီး နိုင်ပွဲဆက်နေသည့် ဘုန်းမြင့်ကျော်(ခ)မောင်မောင်သည် စတုတ္ထပွဲအဖြစ် မေ ၅ ရက်တွင် ကမ္ဘာ့ချန်ပီယံဟောင်းတရုတ်ကစားသမား ကျန်ယူဘိုနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲတွင် သုံးပွဲကစား သုံးပွဲအနိုင်ရထားပြီး ယခုပွဲတွင် ဆက်လက်အနိုင်ရပါက ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ဧပြီ ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပထမပွဲတွင် ယူဟိုင်ထောင်ကို ၂၁ ပွဲ-၁၇ ပွဲ၊ ဧပြီ ၂၉ ရက်က ကစားခဲ့သည့် ဒုတိယပွဲတွင် လီဘိုကို ၂၁ ပွဲ-၁၇ ပွဲ၊ မေ ၃ ရက်က ကစားခဲ့သည့် တတိယပွဲတွင် လီဟိုင်ထောင်ကို ၂၁ ပွဲ- ၁၅ ပွဲဖြင့် အနိုင်ရထားသည်။ မေ ၃ ရက်ပွဲစဉ်များအပြီး ရပ်တည်မှုအရ ဘုန်းမြင့်ကျော်သည် သုံးပွဲကစား၊ သုံးပွဲနိုင် ရမှတ် ၁၈၀၀၀ ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်နေပြီး ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ကစားသမားမှာ လေးပွဲကစား ရမှတ် ၂၁၀၀၀ ရရှိထားရာ ဘုန်းမြင့်ကျော်အနေဖြင့် ယခုပွဲအနိုင်ရပါက ဇယားထိပ်ပိုင်းသို့ ဆက်လက်တက်လှမ်းနိုင်ရန် အခြေအနေကောင်းမည်ဖြစ်သည်။

"မေ ၃ ရက်က ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ ကျွန်တော်ရဲ့ အကောင်းဆုံးပုံစံကို ပြသခဲ့ပါတယ်။ ဒီလက်စွမ်းကို ဆက်ထိန်းထားနိုင်ဖို့ပဲ လိုပါတယ်။ မေ ၅ ရက်မှာ ယှဉ်ပြိုင်ရမယ့် ကစားသမားက ဒီပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားဖြစ်ပြီး ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်ပါတယ်။ သူနဲ့ ခြောက်ကြိမ်လောက် တွေ့ဆုံဖူးပြီး သုံးကြိမ်စီ အနိုင်ရထားပါတယ်။ ဒီပွဲမှာအနိုင်ရလိုက်ရင် ဒုတိယအဆင့်တက်ရောက်ဖို့ အခွင့်အရေးကောင်းသွားမှာပါ။ ဒါကြောင့်အစွမ်းကုန်ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ဒုတိယအဆင့်တက်ရောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံကနေ ကျွန်တော့်ကို အားပေးနေတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေရဲ့ အားပေးမှုကြောင့် ကျွန်တော်အားပိုတက်ရသလို ပိုပြီးလည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ဘုန်းမြင့်ကျော်သည် ယခုပြိုင်ပွဲတွင် ရလဒ်ကောင်းမွန်နေပြီး ပရိသတ်အားပေးမှုမြင့်တက်နေသောကြောင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့သည် ၎င်း၏အကျိုး၌ မြန်မာနိုင်ငံအလံအား ထည့်သွင်းခွင့်ပြုသွားမည်ဖြစ်ပြီး လလယ်ပိုင်းတွင် ယှဉ်ပြိုင်မည့်ပွဲများတွင် စတင်တပ်ဆင်ခွင့်ရရှိမည် ဖြစ်သည်။

ရှိုင်းထက်ဇော်

## အီတလီစီးရီးအေ ပြန်လည်စတင်ရန် စောလွန်းနေသေးကြောင်း အီတလီအားကစားဝန်ကြီး ပြောကြား

အီတလီစီးရီးအေပြိုင်ပွဲ ပြန်လည်စတင်ရေးနဲ့ ပတ်သက်ပြီး ပြောကြားဖို့ စောလွန်းနေသေးတယ်လို့ အီတလီအားကစားဝန်ကြီး ဗင်ဆန်ဇိုစပါဒါဖိုရာက ပြောကြားခဲ့ပါတယ်။

လက်ရှိတွင် အီတလီစီးရီးအေကလပ်အသင်းများအား ၎င်းတို့ရဲ့ လေ့ကျင့်ရေးကွင်းတွေမှာ မေ ၄ ရက်ကစပြီး တစ်ဦးချင်းလေ့ကျင့်ရေးအစီအစဉ်တွေ လုပ်ဆောင်ဖို့ ခွင့်ပြုပေးထားပြီးလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အသင်းလိုက်လေ့ကျင့်ရေးအစီအစဉ်တွေကိုတော့ အစောဆုံး မေ ၁၈ ရက်အထိ ခွင့်ပြုပေးသွားမှာ မဟုတ်ဘဲ အီတလီစီးရီးအေပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုတွေကြောင့် မတ် ၉ ရက်မှာ ရပ်ဆိုင်းထားခဲ့တာ ဖြစ်ပါတယ်။

အီတလီအစိုးရက စီးရီးအေပြိုင်ပွဲကို ခွင့်ပြုချက်ပေးမည့် ဆုံးဖြတ်ချက်မချရသေးကြောင်း ပြောကြားထားပေမယ့် စီးရီးအေနဲ့ အီတလီဘောလုံးအဖွဲ့ချုပ်တို့ကတော့ ဘောလုံးရာသီပြီးစီးရေး ဆန္ဒရှိနေတာဖြစ်ပါတယ်။

ဥရောပတစ်ဝန်းမှာ ကိုဗစ်-၁၉ ရောဂါကြောင့် အားကစားပြိုင်ပွဲတွေရပ်နားထားခဲ့သလို ပြင်သစ်လိဂ်ပြိုင်ပွဲကတော့ အပြီးတိုင် ဖျက်သိမ်းလိုက်ပြီဖြစ်လို့ ပီအက်စ်ဂျီအသင်းကို ချန်ပီယံအဖြစ် သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။



လက်ရှိမှာ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲကတော့ ပြိုင်ပွဲပြန်လည်စတင်မယ့် ဥရောပရဲ့ ပထမဆုံးပြိုင်ပွဲဖြစ်လာဖို့ ရှိနေတာဖြစ်ပါတယ်။ ဘွန်ဒက်လီဂါတာဝန်ရှိသူတွေအနေနဲ့ ပြိုင်ပွဲကို မေ ၉ ရက်မှ စတင်နိုင်ဖို့ အကြံပြုထားပြီး ဂျာမနီအစိုးရကတော့ အဲဒီဆုံးဖြတ်ချက်ကို အချိန်ဆွဲထားတဲ့အပြင် မေ ၁၆ ရက် ဒါမှမဟုတ် မေ ၂၃ ရက်မှာ ပြန်လည်စတင်ဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ စပိန်နိုင်ငံမှာတော့ အစိုးရက ဘောလုံးပြိုင်ပွဲတွေ ပြန်လည်စတင်ရေး အစီအစဉ်ကို အတည်ပြုခဲ့တာကြောင့် လာလီဂါအသင်းတွေအနေနဲ့ မကြာမီကာလအတွင်းမှာ လေ့ကျင့်ရေးဆင်းဖို့ ရှိနေတာလည်း ဖြစ်ပါတယ်။

ငွေကြယ်- ရေးသားသည်

## အာဆင်နယ်အသင်းက ကွင်းလယ်ကစားသမား ခီတာယန်ကို ရောင်းချရန် ပြင်ဆင်နေ

အာဆင်နယ်အသင်းဟာ အပြောင်းအရွှေ့ကာလအတွင်း ဘတ်ဂျက်လျှော့နည်းနေတဲ့အတွက် ရန်ပုံငွေတိုးမြှင့်ရရှိရေး အထောက်အကူပြုဖို့ အခုနှစ်နွေရာသီဈေးကွက်အတွင်းမှာ ကွင်းလယ်ကစားသမား ခီတာယန်ကို ရောင်းချဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

အီတလီစီးရီးအေကလပ် ရိုးမားအသင်းအနေနဲ့ အခုနှစ်ဘောလုံးရာသီမှာ ခီတာယန်ကို အငှားစာချုပ်နဲ့ ခေါ်ယူခဲ့ပြီး အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပါတယ်။ အသက် ၃၁ နှစ်အရွယ် ကွင်းလယ်ကစားသမား ခီတာယန်ဟာ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းက တစ်နှစ်ကျန်ရှိနေသေးတာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းက ခီတာယန်ကို ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းရရှိဖို့ မျှော်လင့်ထားပေမယ့် ရိုးမားအသင်းကတော့ အဲဒီဈေးနှုန်းအောက်လျှော့ပေးဖို့ ရှိနေတာ ဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်မှာ အာဆင်နယ်အသင်းရဲ့ ကစားသမားတွေအနေနဲ့ လုပ်ခလစာကို ၁၂ ဒသမ ၅ ရာခိုင်နှုန်းလျှော့ယူဖို့ သဘောတူလက်ခံထားပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ဖြစ်ပေါ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှုတွေကြောင့် ဘတ်ဂျက်အခက်အခဲတချို့နဲ့ အာဆင်နယ်အသင်း ရင်ဆိုင်နေရတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ နောက်တန်းခံစစ်ကြောင်းကို အားဖြည့်ဖို့ စီစဉ်နေချိန်မှာပဲ စာချုပ်သက်တမ်းတစ်နှစ်သာကျန်ရှိတော့တဲ့ အသင်းရဲ့ အဓိကတိုက်စစ်မှူး အူဘာမီယန်ကို ဆုံးရှုံးရမယ့်အခြေအနေနဲ့လည်း ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ချန်ပီယံလိဂ်မှာကစားဖို့ ဆန္ဒရှိနေတဲ့ တိုက်စစ်မှူး အူဘာမီယန်ကို ဘာစီလိုနာအသင်းနဲ့ အင်တာမီလန်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတာ ဖြစ်ပါတယ်။

## အနုပညာ

## စစ်မှုစတင်ထမ်းဆောင်နေပြီဖြစ်တဲ့ ဆူဟို



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆူဟိုဟာ မကြာမီမှာ စစ်မှုထမ်းဆောင်တော့မှာ ဖြစ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၄ ရက်မှာ ဆူဟိုက အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် စစ်မှုထမ်းဆောင်တော့မယ့်အကြောင်းနဲ့၊ စတင်စစ်မှုထမ်းဆောင်မယ့်ရက်ကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဒီသတင်းနဲ့ပတ်သက်ပြီး အေဂျင်စီကလည်း မှန်ကန်ကြောင်း အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ဆူဟိုဟာ လာမယ့် မေ ၁၄ ရက်မှာ စစ်မှုစတင်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဆူဟိုဟာ ပရိသတ်တွေကို အသိပေးရာမှာ လက်ရေးစာမူတစ်စောင်ကို ရေးသားကာ နှုတ်ဆက်စကား ဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။ စာထဲမှာ ပေါ့ပ်ကြယ်ပွင့်က သူ့ကို အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်းနဲ့ ကျန်းမာစေကြောင်းလည်း ဆုတောင်းပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

EXO အဖွဲ့ဝင်တွေအနက် ဆူဟိုဟာ တတိယမြောက် စစ်မှုထမ်းဆောင်သူပါ။ အခြားသော အဖွဲ့ဝင်တွေဖြစ်တဲ့ ရှူမင်နဲ့ ဒီအိုတို့ဟာ ဆူဟိုအရင် စစ်မှုထမ်းဆောင်နေကြတဲ့ အဖွဲ့ဝင်တွေလည်း ဖြစ်ကြပါတယ်။

အေးပြည့် – ရေးသားသည်

## ဇွန်လအတွင်း ပရိသတ်ရှေ့ အရောက်ပြန်လာမယ့် BLACK PINK

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ဟာ မကြာမီမှာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာဖို့ရာ စီစဉ်ထားပြီး အဆိုပါ တေးအယ်လ်ဘမ်သစ်ကို ဇွန်လအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာ ဖြစ်ကြောင်း အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BLACK PINK ဟာ တေးအယ်လ်ဘမ်သစ်အတွက် အသံသွင်းလုပ်ငန်းတွေ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်းနဲ့ လတ်တလောမှာ တေးဗီဒီယိုသစ် ရိုက်ကူးရေးအတွက် ပြင်ဆင်နေကြောင်း ဒေသတွင်း မီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပါတယ်။ ဒီသတင်းအပေါ် အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက အတည်ပြုပြောကြားခဲ့ပြီး လာမယ့်ဇွန်လအစပိုင်း ဒါမှမဟုတ် လလယ်ပိုင်းလောက်မှာ တေးအယ်လ်ဘမ်သစ် ထွက်ရှိမှာဖြစ်ကြောင်းလည်း တစ်ပါတည်း ပြောကြားခဲ့ပါတယ်။

အေဂျင်စီက တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက်ကို အတည်ပြုပြောကြားနိုင်ခြင်း မရှိသေးကြောင်းနဲ့ ထွက်ရှိမယ့်ရက်ကို ဆွေးနွေး



ဆုံးဖြတ်ပြီးပါက ပရိသတ်တွေကို ဦးစွာအသိပေးသွားမှာဖြစ်ကြောင်းလည်း ဆိုပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ တစ်နှစ်ကျော်ကြာကာလအတွင်း ပထမဆုံးထုတ်လွှင့်မယ့် BLACK PINK ရဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်လာမှာပါ။ အဆိုပါ တေးဂီတအဖွဲ့ဟာ ၂၀၁၉ ခုနှစ် ဧပြီလအတွင်းမှာ Kill This Love ကို ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အောင်ချမ်းသာလမ်း၊ (၆)ရပ်ကွက်၊ အမှတ်(၅၈၉)၊ အကျယ်အဝန်းပေ(၃၆x၅၀)ရှိ မြေနှင့်၎င်းမြေပေါ်၌ တည်ရှိသောအိမ်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဟန်နီစိမ့်ထံမှ ကျွန်မဒေါ်စိန်မာကြည်မှဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကွန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်အတူ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စိန်မာကြည်[၁၄/ပေတ(နိုင်)၁၄၅၁၂၆]**
**အမှတ်(၇၆)၊ စကာဝါပင်လမ်း၊ အထက်ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ မကျီးကန် ရှေ့/မြောက်ရပ်ကွက်**
**ဖုန်း-၀၉-၄၂၂၅၅၄၄၇၅၊ ၀၉-၉၆၂၇၆၀၉၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ) နီ (၅၁၁- က) လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စုကွင်းအမှတ်(၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၇၇) တို့တွင်ရှိသော ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးထုတ်လုပ်ရေး အထူးဇုန်(၂) စိုက်ပျိုးမွေးမြူရန် ခွင့်ပြုထားသော ဦးခင်ဇော် [၁၂/ဗတထ(နိုင်)၀၁၉၈၈၂] ပိုင်ဆိုင်သော ခြံကွက်အမှတ် (၁၂၂)နှင့် ခြံအမှတ်(၉၉) စုစုပေါင်း ၁၀ကေအား ဦးခင်ဇော်တစ်ဦးတည်းသာလျှင် လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု ရောင်းချသဖြင့် ကျွန်တော် ဦးသန်းအောင်မှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းအောင် [၁၂/လသန(နိုင်)၀၀၉၄၈၂]**
**လိပ်စာ-အမှတ်(၄၀)၊ ၂၁ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၃၁၀၆၅၉၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၁)၊မြေကွက်အမှတ်(၆၉၈/က)၊ဧရိယာ(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ်(၆၉၈/က)၊သခင်မြလမ်း၊(၁၁)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးစိုးဝင်းအမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးစိုးဝင်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်သူဦးဝင်းတင်(၁၁/ရဗန(နိုင်)၀၄၅၅၇၅)မှမြေချပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ရွှေပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်တို့ကိုတင်ပြပြီးအိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းကိုတင်ပြနိုင်ခြင်းမရှိဘဲပါမစ်မပုံဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်း ပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ကျေးရွာအတွင်း နိုင်ငံခြားမှပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## တွေ့လျှင်နီးစပ်ရာလျှပ်စစ်ရုံးသို့အကြောင်းကြားရန်

မိုးဒဏ်၊လေဒဏ်ကြောင့် ဓာတ်တိုင်များယိုင်လဲခြင်း။







## အစဉ်သတိပြုဖွယ် လျှပ်စစ်အန္တရာယ်

ဓာတ်လိုက်နေသူအား လက်ဖြင့်မဆွဲရ။
ဓာတ်မလိုက်နိုင်သော ပစ္စည်းတစ်ခုခုဖြင့် ဖယ်ရှားခြင်းဆောင်ရွက်ရမည်။
(ဥပမာ-ခြောက်သွေ့သော သစ်သားချောင်း၊ဝါးလုံး)



## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### သူရဦးထွန်းတင်

နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)
အသက် (၁၀၀)နှစ်

ချစ်ခင်လေးစားရသော ဖိုးလေးဖြစ်သူ သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀ ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းဝင်းထွန်း-ဒေါ်နှင်းဝတ်ရည်၊**
**သမီး Sherry ဟိန်း မိသားစု**
**(Australia)**

## ဝမ်းနည်းကြေကွဲခြင်း

### သူရဦးထွန်းတင်

နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
အသက်(၁၀၀) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစပယ်လမ်း၊ အမှတ်(၂၆)နေ ကြီးကြီးဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း ဘဘကြီးသူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးထင်အောင်-ဒေါ်ချိုချိုဝင်း (မိသားစု)**
**နှင့်**
**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ဈေးချိုတန်း ဆွေမျိုးမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သန်းအိ

အသက်(၉၁)နှစ်

သူငယ်ချင်း ဦးဇော်ထွန်းမြင့် နှင့် ဒေါ်စိုးစိုးနွယ်တို့၏မိခင်ကြီး ဒေါ်သန်းအိ အသက် (၉၁)နှစ်သည် ၄-၅-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၇)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း)

O.T.S အပတ်စဉ် (၂၉)
၁၉၅၈ ခုနှစ်- ထီးတန်းကောလိပ်သူငယ်ချင်း
အသက် (၈၂) နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ဘုရင့်နောင်၊(၈)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်(၂၁)နေ ဒေါ်သန်းသန်းအောင် (အထက်တန်းပြဆရာမ-ငြိမ်း)၏ခင်ပွန်း ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)သည် ၂-၅-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂:၀၇ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၅၈ ခုနှစ်၊ ထီးတန်းကောလိပ်သူငယ်ချင်းများ**

## ကြေကွဲဝမ်းနည်းခြင်း

၂-၅-၂၀၂၀ ရက်က ကွယ်လွန်သွားသော ဗိုလ်မှူးကြီး အောင်ကြည် (ငြိမ်း) (OTS-29)အတွက် မိသားစုနှင့် ထပ်တူခံစားရပါသည်။

**အစ်ကိုကြီး ဗလမင်းထင် (OTS-26)**

## တိုက်ခန်း(၂)ခန်း အရောင်းအဝယ် ကန့်ကွက်တားမြစ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ ကျောင်းကုန်း(၁)လမ်း၊ တိုက်အမှတ်(၂၉)၊ ပထမထပ်(ခေါင်းရင်းခန်း)နှင့် ဒုတိယထပ် (ခေါင်းရင်းခန်း) တိုက်ခန်း(၂)ခန်း၏ ပိုင်ရှင်များမှာ မောင်နှမ (၆)ဦးဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း မပြုပါကြောင်း၊ ဝယ်ယူခြင်းပြုပါက ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း ကန့်ကွက်တားမြစ်ခြင်းအား အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ LL.B (စဉ်-၈၅၂၀) တရားလွှတ်တော်ရှေ့နေ**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊**
**လှိုင်မြို့နယ်။ ဖုန်း-၀၉၅၁၈၁၈၂၀**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၅၆)နေ ဦးအောင်ချိုသိန်း[၁၂/ တမန(နိုင်)၀၃၃၀၁၄]နှင့် ဒေါ်မိုးဖြူဖြူ[၆/ထဝန(နိုင်)၀၂၉၁၃၃]တို့၏သမီး မမြတ်ဖူးငုံ[၁၂/တမန(နိုင်) ၁၂၆၀၆၂]ကိုင်ဆောင်သူသည် မိဘနှစ်ပါးကို အကြိမ်ကြိမ်စိတ်ဆင်းရဲစေရန်ပြုမူခြင်း၊ မိဘများ၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက်နေအိမ်မှ ၂၂-၄-၂၀၂၀ရက်တွင် ဆင်းသွားပါသဖြင့် မမြတ်ဖူးငုံအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးအောင်ချိုသိန်းနှင့်ဒေါ်မိုးဖြူဖြူ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ထွန်း (ချမ်းသာကြီးပွဲရုံ)

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂၄)၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်နေ (ဦးတင်မြင့်-ဒေါ်ကြည်)တို့၏ သား၊ (ဦးလှတင်)-ဒေါ်ကျင်ရွှေတို့၏ သားသမက်၊ ဒေါ်နုနုဝင်း၊ ဦးစိန်ဟိန်း-ဒေါ်တင်တင်မိုး၊ ဦးတင်မောင်လတ်-ဒေါ်ခင်မျိုးလွင်၊ ဦးမျိုးအောင်-ဒေါ်ခင်မျိုးမျိုးတို့၏ ညီ/မောင်၊ ဒေါ်ခင်ချိုချိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးအောင်လွင် (Kevin Chen-ခေတ္တ-ကနေဒါနိုင်ငံနေ)၏ ချစ်လှစွာသောမွေးသဖခင်သည် ၄-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ထွန်း (ချမ်းသာကြီးပွဲရုံ)

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂၄)၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်နေ (ဦးတင်မြင့်-ဒေါ်ကြည်)တို့၏ သား၊ (ဦးလှတင်)-ဒေါ်ကျင်ရွှေတို့၏ သားသမက်၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်အေး၊ ဦးခင်မောင်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးတင်ထွန်း-ဒေါ်အုန်းကျင်၊ (ဦးဝမ်စိန်)-ဒေါ်စိန်စိန်၊ ဦးလှအောင်-ဒေါ်ခင်နု၊ ဦးမြင့်သန်း-ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးမြင့်-ဒေါ်ဆွေဆွေခိုင်တို့၏ ညီ/မောင်၊ ဦးကြည်စိုး (ချမ်းသာကြီးပွဲရုံ-ထားဝယ်)၏ အစ်ကို၊ ဒေါ်ခင်ချိုချိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးအောင်လွင် (Kevin Chen-ခေတ္တ-ကနေဒါနိုင်ငံနေ)၏ ချစ်လှစွာသောမွေးသဖခင်သည် ၄-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကိုကြီး

ဒု-လက်ထောက်ညွှန်ကြားရေးမှူး(စက်မှုထွေ/ထိန်း)
သံမဏိစက်ရုံ၊ ရွာမ၊ အင်းစိန်
အသက်(၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦးတို့၏ ဖခင် ဦးကိုကြီးသည် ၁-၅-၂၀၂၀ ရက် ညနေ ၆ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဝင်းဇော် (နတ်မောက်)

အင်ဂျင်နီယာမှူး၊ ရေနံထုတ်လုပ်ရေး(ငြိမ်း) M.O.G.E
B.E Petroleum (1969–1975)
အသက်(၆၇)နှစ်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အင်ဂျင်နီယာမှူး၊ ရေနံထုတ်လုပ်ရေး(ငြိမ်း) ဦးဝင်းဇော် အသက်(၆၇)နှစ် သည် ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Retired M.O.G.E**
**Production Engineer Group**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဝင်းဇော် (နတ်မောက်)

အင်ဂျင်နီယာမှူး၊ ရေနံထုတ်လုပ်ရေး(ငြိမ်း) M.O.G.E
B.E Petroleum (1969–1975)
အသက်(၆၇)နှစ်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အင်ဂျင်နီယာမှူး၊ ရေနံထုတ်လုပ်ရေး(ငြိမ်း) ဦးဝင်းဇော် အသက်(၆၇)နှစ်သည် ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အထွေထွေမန်နေဂျာ (CNG) နှင့်**
**အရာထမ်း/အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဝင်းဇော် (နတ်မောက်)

အင်ဂျင်နီယာမှူး၊ ရေနံထုတ်လုပ်ရေး(ငြိမ်း) M.O.G.E
B.E Petroleum (1969–1975)
အသက်(၆၇)နှစ်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အင်ဂျင်နီယာမှူး၊ ရေနံထုတ်လုပ်ရေး(ငြိမ်း) ဦးဝင်းဇော် အသက်(၆၇)နှစ်သည် ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**B.E (Petroleum)Engineer**
**ကျောင်းသားဟောင်းများ**

## ဒေါက်တာငွေးကြွယ် (M.B.B.S–Ygn)

**(1970–77) ဆေး–၁**

**ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁)**

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်**

**(နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့်**

**လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ)**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီး အံ့ကြွယ်)–ဒေါ်တင်လှိုင်တို့၏ သားကြီး၊ ဒါးပိန်မြို့နေ (ဦးစိန်မောင်–ဒေါ်အုန်းမြ)တို့၏သားသမက်၊ (ဒေါ်ခင်အေးသွင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းဇေယျ (MRTV)–ဒေါ်ခင်မာမာကြွယ်၊ ဦးကျော်နိုင်စိုး(2AE–Golden Eagle International)–ဒေါ်ဖြူသီအောင်၊ ဦးမြတ်မင်းစိုး(Oiler, Ray Shipping Enterprise Limited)–ဒေါ်မွေးသစ္စာလှိုင်(ကထိက၊ နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ မောင်ဘုန်းပြည့်ကြွယ်၊ မောင်အောင်ကောင်းမိုး(တော်ဝင်လွန်းပိုးထည်တိုက်)(ဂုဏ်တိုက်ပုံ)၊ မောင်ထက်အောင်လှိုင်(Strand Hotel)၊ မောင်အောင်ကောင်းမြတ်တို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂–၅–၂၀၂၀ (စနေနေ့) နံနက် ၇:၂၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာငွေးကြွယ် (M.B.B.S–Ygn)

**(1970–77) ဆေး–၁**

**ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁)**

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်**

**(နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့်**

**လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ)**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီး အံ့ကြွယ်)–ဒေါ်တင်လှိုင်တို့၏သားကြီး၊ ဒါးပိန်မြို့နေ (ဦးစိန်မောင်–ဒေါ်အုန်းမြ)တို့၏ သားသမက်၊ (ဒေါ်ခင်အေးသွင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးငွေးအောင် (သင်္ဘောအင်ဂျင်နီယာ)–ဒေါ်ကျင်တီ၊ ဦးကျော်ဇင်(သင်္ဘောအင်ဂျင်နီယာ)–ဒေါက်တာဒေါ်အေးအေးမူ(Sun Clinic)၊ (ဦးတင်ထွန်း)၊ ဦးရဲထွန်း–ဒေါ်နွဲ့တင်၊ ဗိုလ်မှူးခင်မောင်လေး(ငြိမ်း)–ဒေါ်ခင်ယုမော်၊ ဦးခင်မောင်ကြီး–ဒေါ်မြမြသန်း (လယ်ပြ၊ အမက–၂၂၊ မြောက်ဒဂုံ)၊ ဗိုလ်မှူးကျော်နိုင်(ငြိမ်း)–ဒေါ်ခင်မိမိကြွယ်၊ ဒေါ်ခင်စန်းကြွယ်၊ ဦးရဲမြင့်(ခေတ္တ–USA)တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၂–၅–၂၀၂၀ (စနေနေ့) နံနက် ၇:၂၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာညွန့်စိုး

**အသက်(၅၈)နှစ်**

ကျောင်းအုပ်ကြီး၊ မိုးညှင်းဒီဂရီကောလိပ်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့၊ ရပ်ကွက်(၃)၊ ထန်းရင်းရပ်နေ (ဦးဘိုးညို–ဒေါ်ခင်ရီ)တို့၏ တစ်ဦးတည်းသောသား၊ ဒေါက်တာဇင်မိုးမိုး(တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ တောင်ကုတ် ဒီဂရီကောလိပ်)၏ ခင်ပွန်းသည် ၄–၅–၂၀၂၀ ရက် နံနက် ၅:၄၅ နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၃၃) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄–၅–၂၀၂၀ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀–၅–၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်ထွန်း (ခ) မွတ်တားကြီး

**လ/ထ ညွှန်ကြားရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန (နတလ)**

**(ကြာအင်းဆိပ်ကြီး)**

**အသက် (၄၇) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၈၈)နေ (ဒုအရာခံဗိုလ်တင်ထွန်း)–ဒေါ်မြင့်မြင့်ကြည်တို့၏သား၊ ဗိုလ်ကြီးမင်းမင်းထွန်း(ငြိမ်း)–ဒေါ်တင်မီလတ်၊ ဗိုလ်ကြီးသူရိန်သန်း(ငြိမ်း)–ဒေါ်စုစုမြတ်၊ ဦးကျော်ကျော်တို့၏ အစ်ကိုကြီးသည် ၄–၅–၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၂၀ (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကြေကွဲဝမ်းနည်းခြင်း

**ဦးခင်ဝင်း**

**ဓအောင်စကြာကုမ္ပဏီလီမိတက်**

**အသက် (၅၈)နှစ်**

ရန်ကုန်မြို့နေ ဒေါ်နုနုစန်း၏ခင်ပွန်း၊ကိုထွန်းမြတ်အောင်နှင့် မခင်မေဆင့်တို့၏ဖခင် ဦးခင်ဝင်းသည် (၂၈-၄-၂၀၂၀)(အင်္ဂါ)နေ့တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူကြေကွဲရပါသည်။

ရန်ကုန်တာယာစက်ရုံ မိသားစု

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

## မိခင်ကြီး ဒေါ်ထွေး

**အသက်(၉၂)နှစ်**

**ထနောင်းတိုင်ရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

မြင်းခြံမြို့နယ်၊ ထနောင်းတိုင်ကျေးရွာ၊ နတ်လည်ရပ်နေ (ဦးစံဒင်)၏ ဇနီး၊ ဦးမင်းလွင်၊ (ဦးသန်းဝင်း)၊ ဒေါ်မြင့်ကြည်၊ ဒေါက်တာမြင့်ရီ (ပါမောက္ခ၊ မြန်မာစာ)၊ ဒေါ်တင်တင်နွယ်(အလပြ)၊ ဒေါ်ကြည်ကြည်မာ(ကထိက)တို့၏ မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ် ၁၃ ယောက်၊ တီတစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ထွေးသည် ၁–၅–၂၀၂၀ (သောကြာနေ့) ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၅–၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ညွန့်

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၃၃)၊ လေးလွှာနေ (ဦးဘိုးသစ်–ဒေါ်အေးခင်)တို့၏ သမီး၊ (ဦးမြသိန်း)၏ ဇနီး၊ ဒေါ်လှလှမြင့်၊ (ဦးဇော်တင်)–ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်စောမြတ်လှိုင်၊ ဦးမျိုးထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်နေလင်းထွန်း–မမြတ်ဘုန်းမိုး၊ မောင်ဖြိုးသူထွန်းတို့၏ ချစ်လှစွာသောအဘွားသည် ၃–၅–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်(သန်လျင်မြို့) (၇၅)နှစ်

**တပ်မတော်–ရေ ငြိမ်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ ဥတံက္ကားပိုင်း၊ အမှတ်(၅/၁၈)နေ (ဦးဖိုးရှောင်–ဒေါ်ငွေအောင်)တို့၏သား၊ (ဒေါ်စန်းစန်းမြင့်)၊ (ဦးကျော်သန်း)–ဒေါ်တင်အေးတို့၏ညီ/မောင်၊ ဦးလှဦး–(ဒေါ်အေးအေးမြင့်)၊ ဦးလှမြင့်–ဒေါ်ထွေးထွေးမြင့်၊ ဦးခင်မောင်ဇော်–ဒေါ်တိုးတိုးမြင့်၊ (ဦးထွေးအောင်–ဒေါ်စန်းစန်းငွေး)တို့၏အစ်ကို၊ ဒေါ်အုန်းလှ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စိုးအောင်–ဒေါ်သက်သက်နိုင်၊ ဒေါ်ငုဝါအောင် (အထက်တန်းသူနာပြုဆရာမ၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး)၊ ဦးမျိုးမင်းအောင်–ဒေါ်အေးအေးမြင့်၏ကျွေးသဖခင်၊ မမျိုးစုစုကျော်၊ မအေးစန္ဒာအောင်တို့၏အဘိုး ဦးအောင်မြင့်သည် ၃–၅–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၅–၂၀၂၀ (တနင်္လာနေ့) မွန်းလွဲပိုင်းတွင် သန်လျင်မြို့အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉–၅–၂၀၂၀ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဦးဘစော (စစ်တွေ) (၆၉) နှစ်

**နာယက (ရုပ်ရှင်နှင့် ဗွီဒီယိုအစည်းအရုံး၊ ရခိုင်ပြည်နယ်)**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၃၈၅)နေ (ဦးအောင်ထွန်းစိန်)–ဒေါ်ခိုင်စောနုတို့၏ သား၊ (ဦးအောင်ကျော်ဦး)–ဒေါ်ဦးသိန်းမေတို့၏သားသမက်၊ [ဒေါ်ဦးသိန်းညွန့်(KING–ရုပ်ရှင်နှင့်ဗွီဒီယိုဖြန့်ချိငှားရမ်းပြသရေး)]၏ ခင်ပွန်း၊ (ဦးအောင်ရွှေမြ)–ဒေါ်ဦးခင်ညွန့်၊ (ဦးမောင်တင်မြ)–ဒေါ်ခင်စောသိန်း၊ ဦးမောင်လှရွှေ–ဒေါ်အေးရီ၊ ဦးသိန်းကျော်(စမ်းတည်းခိုးခန်း)–ဒေါ်ဦးခင်သန်း၊ ဦးခိုင်ဗိုလ်ဗိုလ်စော၊ ဦးမြတ်မင်းဦး(ဆည်မြောင်း၊ စက်မှု)–ဒေါ်ခိုင်သီတာစော(ရွှေပြည့်လျှံစာရေးကိရိယာနှင့် စတိုး)၊ ဦးခိုင်ရန်နိုင်စော–ဒေါ်စောအေးဖြူတို့၏ ဖခင်၊ မရတီနှင်းသန့်၊ မစုရတီအောင်၊ မောင်မင်းမြတ်သန့်ဇင်၊ မစောသန္တာတို့၏အဘိုးရှင်သည် ၃–၅–၂၀၂၀ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်ဝင်း (ခ) ဒေါ်ဖြူဖြူ

**ငါးသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး**

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ဦးငွေကိုင်လမ်း၊ အမှတ်(၃၄၃)နေ ဦးအုန်းခင်–[ဒေါ်တင်ခ (ငါးသိုင်းချောင်းမြို့)]တို့၏သမီး၊ (ဦးအေယူရှိတ်–ဒေါ်မြတင်)တို့၏သမီးချွေးမ၊ ဦးစိန်သက် (အထက–ငြိမ်း၊ ငါးသိုင်းချောင်း)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်သက်ဆွေ (မ.ထ.သ–ငြိမ်း၊ နေပြည်တော်)၊ ဦးဝင်းကိုကိုမြင့် (M.D, SHWE MYANMAR THIT CO., LTD)–ဒေါ်အိမ့်အိမ့်သက် (DIRECTOR–SHWE MYANMAR THIT CO.,LTD)တို့၏ ချစ်လှစွာသောမိခင်၊ မအိမ့်ဆုမွန်မြင့်၊ မအိမ့်သစ်မွန်မြင့်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃–၅–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၂၀ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညိုညို**

**အထပြ (ငြိမ်း)၊ အထက (၁) မြင်းခြံ**

**အသက်(၉၃) နှစ်**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ် (ပုဂံ)မှ ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်၏မိခင် ဒေါ်ညိုညိုသည် ၃–၅–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

---

**အနိစ္စ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ–၄၁၅၅)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဦးသန်းထွန်း(ဘ)ဦးညွန့်၊ [၉/ဒခသ(နိုင်)၀၀၄၃၃၁] အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုးညွန့်(ဘ)ဦးအောင်ချစ် [၃/ဘအန(နိုင်)၀၀၇၂၂၃]မှ မြေပေးမိန့်၊ ပါမစ်၊ မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်**

**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊မြေကွက်အမှတ်(ဒ–၇၀၂၆)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဦးအောင်ကိုဦး (ဘ)ဦးအောင်သောင်း၊ ၁၂/သဃက(နိုင်)၁၁၁၃၃၄အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်ကိုဦးထံမှ အထူးကိုယ်စားလှယ်လွှဲအပ်စာရရှိသူ ဒေါ်ဆွေဇင်ဝင်း (ဘ)ဦးကြည်အေး၊ ၁၂/ပဇတ(နိုင်)၀၀၀၁၁၀ မှ မြေပေးမိန့်မူရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၂၉၀/၂၀၁၈) မူရင်းတင်ပြ၍ ဦးအောင်ကိုဦး (ဘ) ဦးအောင်သောင်း၊ ၁၂/သဃက (နိုင်) ၁၁၁၃၃၄ အမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်**

**စည်ပင်သာယာရေးကော်မတီ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

---

## ဒေါ်ညိုညို

**အထပြ (ငြိမ်း)၊ အထက (မြင်းခြံ)**

**အသက် (၉၃) နှစ်**

မြင်းခြံမြို့၊ (၁) ရပ်ကွက်နေ (ဦးမောင်ကြီး–ဒေါ်ဘောဘီ)တို့၏ သမီးငယ်၊ ဦးကျော်မြင့်(ကုန်သွယ်လယ်ယာ–ငြိမ်း)၏ဇနီး၊ ဦးထွန်းနိုင်အေး–ဒေါ်သီတာမြင့်(မူအုပ်၊ အမက–မြောက်ကုန်း၊ မြင်းခြံမြို့)၊ ဒေါ်နီလာမြင့်(ကျောင်းအုပ်ကြီး၊ ယွန်းပညာကောလိပ်–ပုဂံ)၊ ဒေါ်စန္ဒာမြင့်တို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွား ဒေါ်ညိုညို(အထပြ–ငြိမ်း၊ အထက၊ မြင်းခြံ) အသက် (၉၃)နှစ်သည် ၃–၅–၂၀၂၀ ရက် နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် မြင်းခြံမြို့၊ ချောင်းဒေါင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဖေမောင်

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၀–ဘီ)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်တင်သိန်း၏ခင်ပွန်း၊ ဦးချစ်သန်း–ဒေါ်ခင်မာအေး(lucky Time Company)၊ ဒေါ်ခင်မာညို (The Pearl Thai Language)၊ ဒေါ်ခင်စန်းချို ဆရာတော်အရှင်သစ္စာနန္ဒာ (တောင်သုံးလုံးထားဝယ်)၊ ကိုဝင်းကျော်(ချန်ပီယံဝပ်ရှော့၊ ထားဝယ်မြို့)၊ Designerမမီးမီး (မောင်းမကန်မိသားစု Fabric Fashion House) တို့၏မွေးသဖခင်ကျေးဇူးရှင်၊ Designerမသော်သဥ္ဇာချစ်၊ မခိုင်နီလာချစ်၊ မနှင်းအိန္ဒြာကျော်၊ မောင်ဘုန်းမြင့်သွေး၊ မြေး လေးယောက်တို့၏အဘိုး ဦးဖေမောင်သည် ၃–၅–၂၀၂၀ ရက်နေ့ ညနေ ၃:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉–၅–၂၀၂၀ ရက် နံနက်ပိုင်းတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှငွေး

**အသက်(၇၉)နှစ်**

**မြို့နယ်စာရင်းစစ်အရာရှိ (ငြိမ်း)**

**ကြို့ပင်ကောက်မြို့**

ရန်ကုန်မြို့၊ မြေနီကုန်း၊ (မြောက်ရပ်ကွက်)၊ ရန်ကင်းလမ်း(၃၃)၊ ခြောက်လွှာ(A)နေ ဒေါ်သိန်းမြင့်၏ ခင်ပွန်း၊ မောင်သန့်ဇင်ငွေး၊ မောင်ကျော်ကျော်ငွေး၊ မောင်ရဲမင်းတို့၏ ဖခင်သည် ၃–၅–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါ သည်။[ကွယ်လွန်သူအားရည်စူး၍ ၉–၅–၂၀၂၀ ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀) အလယ်၊ အမှတ်(၁၈၅)၊ ပထပ်နေ (ဒေါ်ခင်ခင်ထွေး)၊ ဒေါ်မာဂရက်၏ခင်ပွန်း၊ (ဦးမြတ်ကျော်နိုင်)–ဒေါ်အေးအေးမိုး၊ ဦးသီဟလင်းနိုင် (2nd Mate APL Shipping Co.,Ltd.)–ဒေါ်ဇာခြည်သိန်းလွင်၊ ဦးသူရမင်းနိုင်(PIL Shipping Co., Ltd.)–ဒေါ်ဖြိုးအိခင်တို့၏ဖခင်၊ မမြတ်ပိုးသံသာ၊ မမြတ်ပန်းဟေသာ၊ မရွှေရေးခြယ်တို့၏ ဘိုးဘိုးကြီးသည် ၃–၅–၂၀၂၀ ရက် နံနက် ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်၍ ဂူသွင်းမြုပ်နှံခဲ့ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## လေ–၁၆၀၈၆ အရာခံဗိုလ်သိန်းအောင်

**တပ်မတော်(လေ–ငြိမ်း)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၂)ရပ်ကွက်၊ မဟာဆွေ(၃)လမ်း၊ အမှတ်(၂၀၀)နေ (ဦးသာလှိုင်–ဒေါ်သဲရွှေ)တို့၏ သား၊ ဒေါ်ခင်အေးလွင်၏ ခင်ပွန်း၊ ဒေါက်တာခင်မေဖြူ (လက်ထောက်ဆရာဝန်–ခါတ်မှန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မမေသူခင် (Final Part I, UM II)တို့၏ ဖခင်သည် ၃–၅–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉–၃–၂၀၂၀ (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းသန်းအေး

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တိုက်(၆)၊ အခန်း(၀၀၄)၊ အနောက်အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဦးဝင်း–ဒေါ်အေး)တို့၏ သမီး၊ (ဦးဘမောင်–ဒေါ်ကြည်ကြည်)တို့၏ သမီးချွေးမ၊ ဦးထင်အောင်၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းထင်အောင်–ဒေါ်ဥမ္မာ၊ ဦးကောင်းဇင်အောင်–ဒေါ်သီသီဟန်တို့၏ မိခင်၊ မခိုင်ဇာထင်အောင်၊ မောင်ကောင်းခန့်ဇင်၊ မောင်မင်းခန့်ဇင်တို့၏ အဘွား၊ ဒေါ်စန်းနွဲ့၊ ဒေါ်ဝင်းကြည်၊ ဒေါ်စန်းတင့်တို့၏ ညီမ၊ ဦးမောင်ကို၊ ဒေါ်ခင်အေးဝင်းတို့၏အစ်မသည် ၃–၅–၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၁:၅၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးတံတား အမှတ်(၂) မှ ဆက်လက်ဝင်ရောက်



**မြဝတီ မေ ၄**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ပြည်တော်ပြန်များအား မေ ၁ ရက်မှစပြီး မြဝတီနယ်စပ် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ် (၂) မှ ပြန်လည်ကြိုဆိုလက်ခံလျက်ရှိသည်။

ထိုသို့ ပြန်လည်လက်ခံရာတွင် မေ ၁ ရက်နှင့် ၂ ရက်တို့တွင် ပြန်လည်ဝင်ရောက်ခဲ့ပြီး မေ ၃ ရက်တွင် ပြန်လည်ဝင်ရောက်လာသူမရှိကြောင်းနှင့် ယနေ့တွင် ၄၄ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

"လက်ရှိအခြေအနေကတော့မဲဆောက်ကိုရောက်လာတဲ့ထိုင်းနိုင်ငံအနှံ့အပြားမှ မြန်မာနိုင်ငံသားတွေကို မဲဆောက်မှာရှိတဲ့ လဝကနဲ့ ဒီဘက်လဝက ညှိနှိုင်းပြီး ရောက်သမျှ လာဖို့ကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါတယ်" ဟု ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က ပြောသည်။

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများကို ကျန်းမာရေးစစ်ဆေးခြင်း အပါအဝင် ၎င်းတို့၏အချက်အလက်များကို တိကျစွာ မှတ်တမ်းတင်ခြင်းနှင့် အခြားလိုအပ်သောအရာများကိုလည်း ယခင်ကထက် ပိုပြီးကောင်းမွန်သည့်စနစ်ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

**စုစုပေါင်း ၄၄ ဦး ဝင်ရောက်ခဲ့**

မေ ၁ ရက်နှင့် ၂ ရက်တို့တွင် ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၁၄၄ ဦးရှိပြီး ယနေ့ပြန်လာသူများမှာ ကရင်ပြည်နယ်မှ ၁၆ ဦး၊ မွန်ပြည်နယ်မှ ခုနစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၀ ဦး၊ မကွေးတိုင်းဒေသကြီးမှ သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးဒေသကြီးမှ တစ်ဦး၊ နေပြည်တော်မှ တစ်ဦး၊ ရှမ်းပြည်နယ်မှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦး စုစုပေါင်း ၄၄ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ဆီဆိုင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်

**ဆီဆိုင် မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ယနေ့ နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ဆီဆိုင်မြို့အဝင်ပေါက်၌ ဝင်၊ထွက်သွားလာသော ရဟန်းရှင်လူမိဘပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ မှတ်တမ်းကောက်ယူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဖြူစင်နှလုံးသားသွေးလှူရှင်အသင်း၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းအဖွဲ့က လူအဝင်အထွက်များသော ဆီဆိုင်မြို့ အဝင်ပေါက်တွင် ဝင်၊ ထွက် သွားလာသော ရဟန်းရှင်လူမိဘပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြစေရေးအတွက် အသိပညာပေးပြောကြားသည်။

ထို့ပြင် လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ကို ဆေးကြောပေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးပေးခြင်း၊ ရပ်ဝေးမှ ဝင်ရောက်လာသည့်ပြည်သူများအား စနစ်တကျ မှတ်တမ်းကောက်ယူခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း စသည့် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**




## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

# တရုတ်နိုင်ငံမှ ပြန်လာသည့် မြန်မာအလုပ်သမား ၅၅၃ ဦးအား နေရပ်အသီးသီးသို့ ပို့ဆောင်



**မိုင်းယောင်း မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယု-ကျင်းယဲန်းတံတားမှ နေရပ်ပြန်မြန်မာနိုင်ငံသားများ ဝင်ရောက်လျက်ရှိရာ ယနေ့တွင် နေရပ်ပြန်သူ ၅၅၃ ဦးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အလုပ်သမား အမျိုးသား ၃၅၀၊ အမျိုးသမီး ၂၀၃ ဦး စုစုပေါင်း ၅၅၃ ဦးအား NDAA(မိုင်းလား) အထူးဒေသ(၄) နမ့်ပန်းတွင် အသွားအလာကန့်သတ်ခြင်း ၂၁ ရက် စောင့်ကြည့်မှုခံယူခဲ့ပြီး အထူးဒေသ(၄) မိုင်းလား ဒုတိယ ဆက်ဆံရေးဌာနကြီးမှူး ဦးခင်အောင်၊ နမ့်ပန်းဒေသအုပ်ချုပ်ရေးမှူး ဦးအိုက်ဆမ်မွန်း၊ နမ့်ပန်းဒေသ တာဝန်ခံဆက်ဆံရေးမှူး ဦးအိုက်နု၊ ဒုတိယ တာဝန်ခံ ဆက်ဆံရေးမှူး ဦးလော်ချေး၊ နမ့်ပန်းဒေသရဲမှူး ချစ်ဆွေတို့ပါဝင်သော အဖွဲ့က

စာမျက်နှာ ၅ ကော်လံ ၅ သို့ ■

## ကြေးမုံ ယနေ့ ဖတ်စရာ

ကမ္ဘာ့ရွှေဈေး မြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေး ကျပ် ၁၁ သိန်းကျော် ဝန်းကျင်သာရှိ
စာမျက်နှာ » ၇

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်
စာမျက်နှာ » ၈

မွန်မြတ်စိတ်ထား စွန့်စားဝံ့သူများ

စာမျက်နှာ » ၉

ဂျပန်နိုင်ငံ၌ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကို မေလကုန်အထိ တိုးမြှင့်သတ်မှတ်
စာမျက်နှာ » ၁၂

ကြေးမုံ
အထူးကဏ္ဍ
မေ ၅၊ ၂၀၂၀ (အင်္ဂါနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ခရီးသွားကဏ္ဍ စိန်ခေါ်မှုများစွာရှိသော်လည်း ကြံ့ကြံ့ခံကာ အနာဂတ်ခရီးသွားကဏ္ဍအတွက် ပြင်ဆင်ရွေ့ဆက်မည်

ခင်ရတနာ၊ ဓာတ်ပုံ – မေဦးမိုး

**အစိုးရသစ်၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာကာလကို ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ စိန်ခေါ်မှုပေါင်းများစွာကို ကြံ့ကြံ့ခံကာ ရင်ဆိုင်ကျော်လွှားရင်း နိုင်ငံ၏အနာဂတ် သာယာလှပရေး၊ ပြည်ထောင်စုသားအားလုံးတို့ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အဖြစ် ကြိုးစားတည်ဆောက်နေချိန်လည်း ဖြစ်ပါသည်။**

**စတုတ္ထ (၁) နှစ်တာအတွင်း နိုင်ငံ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှပံ့ပိုးရင်း နိုင်ငံ့ပုံရိပ်များကို ကမ္ဘာ့အလယ်တွင် အကောင်းဆုံး ပုံဖော်ပြသနိုင်ရန် ကြိုးပမ်းကြသည့်ဌာနများအနက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနလည်း တစ်ခုအပါအဝင်ဖြစ်သည်။**

**ထို့ကြောင့် စတုတ္ထ (၁)နှစ်တာအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အပါအဝင် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူပညာရှင်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည် –**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

**ဦးအုန်းမောင် (ပြည်ထောင်စုဝန်ကြီး)**

**မေး။ ။ စတုတ္ထ (၁) နှစ်တာအတွင်း ဟိုတယ်နဲ့ ခရီးသွားလာရေးကဏ္ဍရဲ့ လုပ်ငန်းအခြေအနေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** မြန်မာနိုင်ငံကို ပြည်ပခရီးသည် ဝင်ရောက်မှုဟာ ၂၀၁၇ ခုနှစ်မှာ ၁၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်မှာ ၃ ဒသမ ၁၅ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်း အသီးသီး တိုးတက်ဝင်ရောက်ခဲ့ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းဟာ တစ်နှစ်ထက်တစ်နှစ် ခရီးသည်တွေ တိုးတက်ဝင်ရောက်လာတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအခြေအနေကို ကုလသမဂ္ဂရဲ့ ခရီးသွားအဖွဲ့ချုပ်ဖြစ်တဲ့ UNWTO ရဲ့ စာရင်းအင်းများအရ ဖြေကြားပေးလိုပါတယ်။ ခရီးသွားလုပ်ငန်း အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံ ၂၀ စာရင်းမှာ မြန်မာနိုင်ငံက ထိပ်ဆုံးကပါဝင်ကြောင်း ဗြိတိန်နိုင်ငံ Independent သတင်းစာနဲ့ အမေရိကန်နိုင်ငံ Forbes စီးပွားရေးမဂ္ဂဇင်းတို့က ဖော်ပြခဲ့တာကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းက တိုးတက်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေအကြောင်းကို ပြောပြပေးပါဦး။**

**ဖြေ။ ။** မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှာ ပြဋ္ဌာန်းခဲ့ပြီး ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့်တွေကို ၂၀၁၉ ခုနှစ် မတ်လ ၁၄ ရက်မှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။ လုပ်ငန်းခွင့်ပြုမိန့်နဲ့ လုပ်ငန်းလိုင်စင်ကိစ္စရပ်တွေ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွေထံ လုပ်ပိုင်ခွင့်တွေကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေနဲ့အညီ လွှဲပြောင်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေရဲ့ အနှစ်သာရဟာ Decentralization ဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကို ရှေးရှုပြီး ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ခရီးသွားလုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွေအား လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါတယ်။

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှာ ဖွဲ့စည်းခဲ့ပြီး ကော်မတီအဖွဲ့ဝင် ၃၉ ဦးမှာ ပုဂ္ဂလိကခရီးသွားလုပ်ငန်း တတ်သိပညာရှင် သုံးဦးနဲ့ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ် သုံးဦး ပါဝင်ဖွဲ့စည်းထားပါတယ်။ ခရီးသွားလုပ်ငန်းကော်မတီကို ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်မှာ ကော်မတီအဖွဲ့ဝင် ၃၂ ဦးပါဝင်တဲ့ ပုဂ္ဂလိကခရီးသွားလုပ်ငန်း တတ်သိပညာရှင် ငါးဦးနဲ့ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ် ၁၀ ဦး ပါဝင်ဖွဲ့စည်းထားပါတယ်။

ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ၁၅ ခုမှာ ခရီးသွားလုပ်ငန်း တတ်သိပညာရှင် တစ်ဦးနဲ့ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ် သုံးဦးစီ ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒီလို စနစ်တကျ ပါဝင်ဖွဲ့စည်းနိုင်ခဲ့ခြင်းက ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်တွေ စိစစ်ထုတ်ပေးတဲ့နေရာမှာ ခရီးသွားလုပ်ငန်းက ကိုယ်စားလှယ်တွေကို ခရီးသွားလုပ်ငန်းဥပဒေနဲ့အညီ ပါဝင်ဆောင်ရွက်ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ ဒီလို ပါဝင်ဆောင်ရွက်ခွင့်ပြုထားခြင်းဖြင့် လုပ်ငန်းလုပ်ကိုင်ရာမှာ လျင်မြန်ပြီး အကျိုးသက်ရောက်မှု များစွာရရှိတယ်ဆိုတာကို တွေ့ရှိရပါတယ်။

**မေး။ ။ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းရဲ့ တိုးတက်မှုတွေကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။ ။** ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမယ့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) ကို ၂၀၁၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုအချိန်မှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ကျေးရွာပေါင်း ၄၂ ရွာ CBT Site ၁၉ ခုကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

နောက်ထပ် ကျေးရွာပေါင်း ၁၀ ရွာပါဝင်တဲ့ CBT Site ခုနစ်ခုကို ဆက်လက်ဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်ရာမှာ နိုင်ငံတစ်ဝန်း နိုင်ငံတကာအဆင့်မီစေဖို့အတွက် လုပ်ဆောင်ရမယ့် စံချိန်စံညွှန်းတွေ အသေးစိတ်ပါဝင်တဲ့ မြန်မာလူထုအခြေပြု ခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ (Myanmar Community Based Tourism Standards) ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့မှာ စတင်အသုံးပြုဖို့ ထုတ်ပြန်နိုင်ခဲ့ပါတယ်။ စာရင်းဇယားတွေအရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ လူထုအခြေပြု ခရီးသွားလုပ်ငန်းတွေရှိရာကို ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၅၀၀၀၀ နီးပါး လာရောက်လည်ပတ်ခဲ့ပါတယ်။

**မေး။ ။ ခရီးသွားလုပ်ငန်း မြှင့်တင်ရာမှာ အရေးကြီးတဲ့ အခြားလုပ်ဆောင်ချက်တွေကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။ ။** ၂၀၁၈ ခုနှစ်အတွင်းမှာ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နဲ့ မကာအိုတို့ကို Visa Exemption တစ်နှစ် ခွင့်ပြုပေးဖို့နဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကို Visa On Arrival (Tourist) တစ်နှစ် ခွင့်ပြုပေးဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုနောက်ထပ် တစ်နှစ်စီ ထပ်မံတိုးမြှင့်ပေးဖို့ ဆောင်ရွက်နိုင်ခဲ့သလို ၂၀၁၉ ခုနှစ်မှာ အီတလီ၊ စပိန်၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ ဂျာမနီနဲ့ ရုရှား ခြောက်နိုင်ငံကို Visa On Arrival (Tourist) တစ်နှစ်ခွင့်ပြုပေးဖို့

အထူးကဏ္ဍ [ ခ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမနှင့် ဂျပန်–မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ ၁၉–၁–၂၀၂၀ ရက်နေ့က ကျင်းပသည့် (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် စတုတ္ထအကြိမ်မြောက် မြန်မာ–ဂျပန် ချယ်ရီပန်းပွဲတော် (၂၀၂၀) သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**နှစ်အလိုက် တိုးတက်**

၂၀၂၀ ပြည့်နှစ်မှာ ဟန်ဂေရီ၊ ချက်သမ္မတနိုင်ငံ၊ ဩစတြီးယား၊ လူဇင်ဘတ်နဲ့ နယူးဇီလန်နိုင်ငံတွေကို Visa On Arrival (Tourist) သုံးနှစ်ခွင့်ပြုပေးဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဗီဇာ ဖြေလျှော့ဆောင်ရွက်ပေးမှုတွေကြောင့် အဲဒီနိုင်ငံတွေကနေ ရောက်ရှိလာတဲ့ ခရီးသည်ဝင်ရောက်မှုတွေဟာ နှစ်အလိုက် တိုးတက်လာခဲ့ပါတယ်။

တရုတ်နိုင်ငံက ခရီးသွားဝင်ရောက်မှုဟာ ၂၀၁၆ ခုနှစ်က ၁၈၀၀၀၀ ကျော်ကနေ ၂၀၁၉ ခုနှစ်မှာ ၇၅၀၀၀၀ နီးပါး တိုးတက်လာခဲ့ပါတယ်။ ဂျပန်နိုင်ငံက ခရီးသွားဝင်ရောက်မှုဟာ ၂၀၁၆ ခုနှစ်မှာ ၁၀၀၇၀၀ ကျော်ကနေ ၂၀၁၉ ခုနှစ်မှာ ၁၃၀၀၀၀ နီးပါး တိုးတက်လာခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံက ခရီးသွားဝင်ရောက်မှုဟာ ၂၀၁၆ ခုနှစ်မှာ ၆၅၀၀၀ နီးပါးကနေ ၂၀၁၉ ခုနှစ်မှာ ၁၂၀၀၀၀ နီးပါးတိုးတက်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက ခရီးသွားဝင်ရောက်မှုဟာ ၂၀၁၆ ခုနှစ်မှာ ၃၈၀၀၀ ကျော်ကနေ ၂၀၁၉ ခုနှစ်ဟာ ၄၉၀၀၀ နီးပါး တိုးတက်လာခဲ့ပါတယ်။ ဟောင်ကောင်က ခရီးသွားဝင်ရောက်မှုဟာ ၂၀၁၆ ခုနှစ်မှာ ၁၀၀၀ ကျော်ကနေ ၂၀၁၉ ခုနှစ်မှာ ၃၀၀၀၀ ကျော် တိုးတက်လာခဲ့ပါတယ်။ မကာအိုက ခရီးသွားဝင်ရောက်မှုဟာ ၂၀၁၆ ခုနှစ်မှာ ၉၂ ဦးကနေ ၂၀၁၉ ခုနှစ်မှာ ၃၀၀၀ ကျော် တိုးတက်လာခဲ့ပါတယ်။



အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၂/၂၀၁၉) အစည်းအဝေးကျင်းပစဉ်။

**မေး။ ။ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ဖြေလျှော့ပေးထားတဲ့ ခရီးစဉ်တွေရော ရှိပါသလားရှင့်။**

**ဖြေ။ ။** ပြည်တွင်း ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးဖို့အတွက် ကန့်သတ်တားမြစ်ထားတဲ့ ခရီးစဉ်ဒေသတွေကို ဖြေလျှော့ပေးဖို့ ဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာ တောင်ကြီး – ကျိုင်းတုံ – တာချီလိတ် လမ်းကြောင်းအတိုင်း Permission Tour တွေ သွားရောက်ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ရှမ်းပြည်နယ်ရှိ တာချီလိတ်– ရွှေတြိဂံ– ဝမ်ပုံဆိပ်ကမ်း – မိုင်းဖုန်းဆရာတော်ကျောင်း ခရီးစဉ်၊ တာချီလိတ်–တာလေ–ပါလှိုု– ကျိုင်းလပ် ခရီးစဉ်နဲ့ မဲခေါင်မြစ်ကြောင်းတစ်လျှောက် ခရီးစဉ်တွေ၊ သီပေါမြို့ပေါ် လည်ပတ်နိုင်ရေးအတွက် လားရှိုးလေဆိပ်ကနေ လားရှိုး – သီပေါ ပြည်ထောင်စုကားလမ်းမကြီး အသုံးပြုနိုင်ရေးတို့ကို ခွင့်ပြုပေးခဲ့ပါတယ်။

နောက်ထပ် မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း တောင်ကြီးကျေးရွာအနီး ကေလာသတောင်၊ မဲလံကျေးရွာအနီး ကျောက်ပိဘုရားနဲ့ ကျောက်တံခါးစေတီ၊ သထုံမြို့နယ်အတွင်း နန်းခဲရပ်ကွက်မှာရှိတဲ့ မြသပိတ်စေတီ၊ သံဖြူဇရပ်မြို့နယ်က ဝဲကလိရေပူစမ်း၊ ပင်ဆားကွင်း၊ သေမင်းတမန်ရထားပြတိုက်၊ မဟာမိတ်စစ်သင်္ချိုင်း၊ ကျိုက္ခမီရေလယ်ဘုရားနဲ့ စက်စဲကမ်းခြေ လည်ပတ်နိုင်ရေးကို ခွင့်ပြုပေးခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးကြပ်မှုနဲ့ မန္တလေး – မတ္တရာ – သပိတ်ကျင်း– မိုးကုတ် ကားလမ်းကို အသုံးပြုပြီး မိုးကုတ်မြို့ပေါ် လည်ပတ်ခွင့်ရရှိရေးကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ်မှာ အရင်က ကန့်သတ်နယ်မြေဖြစ်ခဲ့တဲ့ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာနဲ့ ဖရူဆိုမြို့နယ် ထေခိုကျေးရွာတွေကို နိုင်ငံခြားခရီးသွားတွေ လာရောက်လည်ပတ်နိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လူ့စွမ်းအားအရင်းအမြစ်တွေရဲ့ အရေးပါမှုကို သိပါရစေရှင့်။**

**ဖြေ။ ။** နိုင်ငံက ဘယ်လောက် သာယာလှပပါစေ ပါဝင်ပတ်သက်နေတဲ့ ဝန်ထမ်းတွေ၊ နေရာဒေသအသီးသီးက ပုဂ္ဂိုလ်တွေရဲ့ စွမ်းအားအရင်းအမြစ်တွေ ပြည့်ဝဖို့လိုပါတယ်။ ဒါကြောင့် လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သက်ဆိုင်တဲ့သင်တန်းအသီးသီးကို တက်ရောက်သင်ကြားပြီး ကိုယ်တိုင်ပါဝင်ကာ အပြုံးပန်းတွေ ဝေဝေဆာဆာနဲ့ ဧည့်သည်ကို လက်ခံတတ်ဖို့လိုအပ်ပါတယ်။ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ သင်တန်းအမျိုးအစား ရှစ်မျိုးကို တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာ သင်တန်းပေါင်း ၂၁၆ ကြိမ်နဲ့ သင်တန်းသား ၁၉၇၀၂ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။ သင်ကြားပေးတဲ့နေရာမှာ ဧည့်သည်လမ်းညွှန်သင်တန်းအဆင့်ဆင့်၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးနဲ့ ဘာသာစကားဆိုင်ရာ သင်တန်းတွေနဲ့ ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့ဆိုင်ရာ သင်တန်းတွေကို ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါတယ်။

ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး ခရီးသွားလုပ်ငန်းတိုးတက်ရေးဗဟိုဌာန Center for Tourism Deve–lopment –CTD သင်တန်းကျောင်းကို ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ် ၄၀/၄၂ ဗိုလ်ဆွန်ပက်လမ်းမှာ ဖွင့်လှစ်ထားပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာတွေကို စာတွေ့လက်တွေ့သင်ကြားခြင်းနဲ့ မုန့်အမျိုးမျိုး ထုတ်လုပ်မှု သင်တန်းတွေကို သင်ကြားပေးနေပါတယ်။

**မေး။ ။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဟိုတယ် အရေအတွက် တိုးတက်လာမှုနဲ့ ဧည့်လမ်းညွှန်အရေအတွက်တို့ကို သိလိုပါတယ်ရှင့်။**

**ဖြေ။ ။** ဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ ၂၀၁၆ ခုနှစ်မှာ ဟိုတယ်နဲ့ တည်းခိုခန်းပေါင်း ၁၄၃၂ လုံးနဲ့ အခန်း အရေအတွက် ၅၆၀၀၀ ကျော်ရှိခဲ့ရာကနေ ၂၀၁၉ ခုနှစ်မှာ ဟိုတယ်နဲ့ တည်းခိုခန်းပေါင်း ၁၉၈၄ လုံးနဲ့ အခန်းအရေအတွက် ၈၀၀၀၀ နီးပါးအထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ခရီးလှည့်လည်ရေးလုပ်ငန်း ၂၄၅၃ ခုကနေ ၂၀၁၉ ခုနှစ်မှာ ၃၁၈၈ ခု အထိ တိုးတက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ လိုင်စင်ရဧည့်လမ်းညွှန် ၇၀၀၀ နီးပါးကနေ ၂၀၁၉ ခုနှစ်မှာ ၉၀၀၀ ကျော်အထိ တိုးတက်ခဲ့ပါတယ်။

**မေး။ ။ ခရီးသည် ပိုမိုဝင်ရောက်လာဖို့အတွက် ဝန်ကြီးဌာနကနေ ဦးဆောင်ပြီး Digital Marketing စနစ်ကို ကူးပြောင်းနေတဲ့ အကြောင်းအရာတွေ သိပါရစေရှင့်။**

**ဖြေ။ ။** မြန်မာနိုင်ငံရဲ့ ခရီးစဉ်ဒေသတွေ အကြောင်းနဲ့ လုံခြုံစိတ်ချစွာ လည်ပတ်နိုင်တယ်ဆိုတာကို ကမ္ဘာအနှံ့ကနေ အချိန်တိုတိုအတွင်း သိရှိပြီး လာရောက်လည်ပတ်ကြဖို့ Digital Marketing စနစ်နဲ့ မြှင့်တင်ဆောင်ရွက်ခဲ့ပါတယ်။ www.tourism.gov.mm ဝက်ဘ်ဆိုက်ကို ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်ကနေစတင်ပြီး မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနဲ့ အီတလီ ဘာသာစကားပေါင်း ၁၁ မျိုးနဲ့ လွှင့်တင်ပြီး Digital Marketing လုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပကနေ အွန်လိုင်းက ဝင်ရောက်ကြည့်ရှုတဲ့ အရေအတွက် သိသိသာသာ တိုးတက်လာနေပြီး ယခုအချိန်မှာ နိုင်ငံပေါင်း ၁၉၈ နိုင်ငံက ဝင်ရောက်ကြည့်ရှုတဲ့သူ ၂၃၆၈၇၅ ဦးရှိပါတယ်။

ဟိုတယ်နဲ့ ခရီးသွားလာရေးကဏ္ဍမှာ ဝန်ဆောင်မှုပေးလျက်ရှိတဲ့ ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ ခရီးသွားဧည့်သည်တွေ အချင်းချင်း ချိတ်ဆက်နိုင်စေဖို့အတွက် Tourism Web Portal ဖြစ်တဲ့ https://tourisminmyanmar.com.mm ကို လွှင့်တင်ထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနဲ့ အီတလီ ဘာသာစကားတွေနဲ့ လွှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ Tourism Web Portal ကို နိုင်ငံပေါင်း ၁၇၃ နိုင်ငံကနေ လာရောက်ကြည့်ရှုသူ ၁၀၄၂၈၁ ဦးရှိခဲ့ပြီး ဖြစ်ပါတယ်။

**အွန်လိုင်းအသုံးပြု၍ ခရီးသည်တွေကိုဆွဲဆောင်**

Facebook၊ Twitter၊ Instagram၊ Pinterest၊ YouTube နဲ့ LinkedIn စတဲ့ Social Media Channel တွေမှာ မြန်မာနိုင်ငံ ခရီးစဉ်ဒေသတွေနဲ့ ဆွဲဆောင်မှုတွေအကြောင်းကို အင်္ဂလိပ်ဘာသာနဲ့ နေ့စဉ်လွှင့်တင်ဖော်ပြပေးနေပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီလကနေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ Post ပေါင်း ၂၉၂၁ ပုဒ် လွှင့်တင်ထားပြီး အွန်လိုင်းအသုံးပြုကြည့်ရှုသူ ၂ ဒသမ ၇ သန်းနီးပါး ရှိပါတယ်။

ဝန်ကြီးဌာနကနေ မြန်မာနိုင်ငံကို လာရောက်တဲ့ ခရီးသွားဧည့်သည်တွေအတွက် တိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေ လွယ်ကူလျင်မြန်စွာရရှိနိုင်ရေးအတွက် QR Code ဖြန့်ချိခြင်း၊ Chat Bot စနစ်နဲ့ ဖြေကြားပေးခြင်းတို့အပြင် Digital Concierge စနစ်တပ်ဆင်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ QR Code စနစ်နဲ့ ဘာသာစကား ၁၁ မျိုးနဲ့ ထုတ်လွှင့်ထားတဲ့ Website Links တွေ၊ ဘာသာစကားလေးမျိုးနဲ့ ပြုလုပ်ထားတဲ့ ဆောင်ရန်၊ ရှောင်ရန်အချက်တွေ (PDF download)၊ ဘာသာစကား ၁၀ မျိုးနဲ့ ထုတ်ပြန်ထားတဲ့ ခရီးသွားအကြံပြုချက်တွေ (Link)၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ ရှမ်း၊ ချင်း၊ ကယား၊ ကရင်နဲ့ မွန် မြေပုံ (PDF download) တွေ ကြည့်နိုင်ပါတယ်။

Digital Concierge စနစ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပဲခူး၊ ဟဲဟိုးနဲ့ ကန်ပက်လက်တို့ရဲ့ Information Counter တွေမှာ Beta Version တပ်ဆင်စမ်းသပ်အသုံးပြုနေပါတယ်။ ဒီစနစ်က အဲဒီဒေသက ခရီးသွားလုပ်ငန်းတွေနဲ့ ဆက်စပ်လုပ်ကိုင်နေတဲ့ ဒေသခံလုပ်ငန်းတွေပါ အကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဥပမာ – ပုဂံဒေသက အငှားယာဉ်၊ တုတ်တုတ်၊ စားသောက်ဆိုင်နဲ့ မြင်းလှည်းသမားတွေကနေစပြီး မီးပုံးပျံစီးခရီးစဉ်အထိ အချက်အလက်တွေကို ကာယကံရှင်တွေက ကိုယ်တိုင်အချက်အလက်ပေးပို့ကြပါတယ်။ ဒီစနစ်အတွင်း အားလုံးကို ထည့်သွင်းဖော်ပြပေးနိုင်တာမို့ ဒေသခံတွေရဲ့လုပ်ငန်းတွေကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမယ့်အပြင် ခရီးသွားဧည့်သည်တွေအတွက် ပိုပြီးအဆင်ပြေလာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်နဲ့လျော်ညီတဲ့ Digital Marketing နည်းလမ်းတွေနဲ့ ခရီးသွားဧည့်သည်တွေကို သတင်းအချက်အလက်တွေပေးတာ၊ လာရောက်လည်ပတ်ဖို့ ဆွဲဆောင်တာ၊ ပုဂ္ဂလိကလုပ်ငန်းတွေကို ပံ့ပိုးကူညီတာ၊ မြန်မာနိုင်ငံအတွင်းက ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ ခရီးသွားလာမှုတွေ လွယ်ကူအဆင်ပြေစေရေးအတွက် တိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေနဲ့ ခရီးစဉ်အကြံပြုချက်တွေကို အချိန်နဲ့တစ်ပြေးညီ ရရှိနိုင်စေရေး ဆောင်ရွက်ပေးနေတဲ့အပြင် မြန်မာနိုင်ငံရဲ့ ပုံရိပ်အား မြှင့်တင်ပေးတဲ့အရာတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံတကာနဲ့ ထိတွေ့ဆက်စပ်ပြီး ခရီးသွားကဏ္ဍ မြင့်မားအောင် ဆောင်ရွက်နေမှုတွေကို သိလိုပါတယ်ရှင့်။**

**ဖြေ။ ။** ဂျပန် – မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ရေရှည်တည်တံ့ရေးနဲ့ ဂျပန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားတွေ မြန်မာနိုင်ငံကို ပိုမိုလာရောက် လည်ပတ်နိုင်စေဖို့ ရည်ရွယ်ပြီး ချယ်ရီပန်းပင်စိုက်ပျိုးပွဲတော် (Sakura Festival) ကို လေးကြိမ်ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ပထမအကြိမ်အဖြစ်

အထူးကဏ္ဍ [ ဂ ] သို့ »»»

**www.tourism.gov.mm ဝက်ဘ်ဆိုက်ကို ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်ကနေစတင်ပြီး မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနဲ့ အီတလီ ဘာသာစကားပေါင်း ၁၁ မျိုးနဲ့ လွှင့်တင်ပြီး Digital Marketing လုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပကနေ အွန်လိုင်းက ဝင်ရောက်ကြည့်ရှုတဲ့ အရေအတွက် သိသိသာသာ တိုးတက်လာနေပြီး ယခုအချိန်မှာ နိုင်ငံပေါင်း ၁၉၈ နိုင်ငံက ဝင်ရောက်ကြည့်ရှုတဲ့သူ ၂၃၆၈၇၅ ဦး ရှိပါတယ်။**

»»» အထူးကဏ္ဍ [ ခ ] မှ

နေပြည်တော်ရှိ လွှတ်တော်သွားရာ လမ်းတစ်လျှောက်မှာ ချယ်ရီပန်းပင် ၁၀၀၊ ၂၀၁၈ ခုနှစ်မှာ ဒုတိယအကြိမ်အဖြစ် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန(၁) ရှေ့နဲ့ Royal Myanmar Golf Club တို့မှာ ချယ်ရီပင် ၂၀၀၊ ၂၀၁၉ ခုနှစ်မှာ တတိယအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းဒေသကြီးလွှတ်တော်ဝင်းအတွင်းမှာ ချယ်ရီပင် ၃၀၀ နဲ့ ၂၀၂၀ ပြည့်နှစ်မှာ စတုတ္ထအကြိမ်အဖြစ် ကယားပြည်နယ် လွိုင်ကော်မြို့မှာ ချယ်ရီပင် ၄၀၀ ကို စိုက်ပျိုးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှာ ကရင်ပြည်နယ် ဘားအံမြို့မှာ ချယ်ရီပင် ၂၀၀ စိုက်ပျိုးဖို့ ရှိပါတယ်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံ ခရီးသွားနှင့်အားကစားဝန်ကြီးဌာနနဲ့ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ ရေးထိုးနိုင်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးဌာနနှင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ဖို့ Action Plan ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

နီပေါနိုင်ငံအစိုးရ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာနနဲ့ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၇ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်တွေနဲ့ မျှော်မှန်းချက်တွေကို သိပါရစေရှင့်။**

**ဖြေ။ ။** ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဝင်ငွေတိုးတက်ရေးနဲ့ နိုင်ငံ့ပုံရိပ်မြှင့်တင်ရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေ အများကြီးရှိပါတယ်။ အဓိကအနေနဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (Tourism Master Plan) ၂၀၂၀ – ၂၀၃၀ ရေးဆွဲနိုင်ရေးဖြစ်ပါတယ်။ ဒါ့ပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက် ခရီးစဉ်သစ်တွေ ထပ်မံဖော်ထုတ်နိုင်ရေးနဲ့ ခရီးစဉ်တွေ ဆက်စပ်သွားလာနိုင်ရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခြင်းကို ဆောင်ရွက်သွားဖို့ရှိသလို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း CBT ကျေးရွာတွေ တိုးမြှင့်ဖော်ထုတ်တာ၊ ခရီးစဉ်ဒေသအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဟာ ဒေသခံပြည်သူတွေကို အကျိုးသက်ရောက်မှုရှိစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခရီးသွားလုပ်ငန်းကနေ ကျရောက်နိုင်တဲ့ ဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အားကစားခရီးသွားလုပ်ငန်း (Sport Tourism)နဲ့ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy Tourism) ဖွံ့ဖြိုးရေးဆောင်ရွက်ဖို့နဲ့ ဧည့်စာရင်းပေးပို့ရာမှာ ကြုံတွေ့ရတဲ့ အဆင်မပြေမှုတွေကို ကျော်လွှားဖို့ Hotel Guest List Management System ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံကနေ လွှဲပြောင်းရယူပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံး တစ်ပြေးညီအသုံးပြုနိုင်ဖို့အတွက် ကြိုးစားဖော်ဆောင်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံးမှာ ခရီးသွားလုပ်ငန်း ကျဆင်းနေပါတယ်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအပေါ်မှာ ရိုက်ခတ်မှုတွေရှိပါတယ်။ ခရီးသွားလုပ်ငန်းမှာ High Season နဲ့ Low Season ဆိုပြီး ရှိပါတယ်။ နောက်တစ်ကျော့လာမယ့် High Season အတွက် ကြိုတင်ဆောင်ရွက်မှုတွေလုပ်ရတာ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းရဲ့ သဘာဝဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုဗစ် – ၁၉ ကို စိန်ခေါ်မှုတစ်ခုအဖြစ် ယူဆနိုင်သလို Quantity ကနေ Quality Tourism ပြောင်းဖို့ အခွင့်အလမ်းကောင်းအဖြစ် ယူဆလို့ရပါတယ်။ လာမယ့် Low Season မှာ ဝန်ကြီးဌာနက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွေ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ခရီးသွားအရည်အသွေးမြှင့်တင်ဖို့ HR Development လုပ်ငန်းတွေ လုပ်ဆောင်ပါမယ်။ ၂၀၁၆ ခုနှစ်တုန်းက ခရီးသွားလိုင်စင်ခတွေ ၅၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့သလိုမျိုး Industry ကို သက်သာခွင့်ပေးနိုင်မယ့် အစီအစဉ်တွေအတွက် ဆက်စပ်ဝန်ကြီးဌာနတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားပါမယ်။ သက်သာခွင့်ပေးနိုင်ခဲ့ရင် ဒီသက်သာခွင့်တွေနဲ့ ခရီးသွားလုပ်ငန်းမှာပါဝင်တဲ့ အခြေခံပြည်သူတွေနဲ့ ဝန်ထမ်းတွေအပေါ် ကောင်းတဲ့သက်ရောက်မှုတွေ ပို၍ပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားပါမယ်လို့ ပြောကြားလိုပါတယ်။

**နော်ပန်းသဥ္ဇာမျိုး (ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)**

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျင့်သုံးနေတဲ့ Hotel Guest List Management System ရဲ့ ထူးခြားချက်တွေကို သိပါရစေရှင့်။**

**ဖြေ။ ။** သူ့ရဲ့ထူးခြားချက်က စာရွက်စာတမ်းတွေကို အသုံးမပြုရတော့ပါဘူး။ စာရွက်စာတမ်းတွေကို ပို့ဆောင်တဲ့နေရာမှာ ယခင်က ငွေကျပ်သိန်းပေါင်း ၆၈၄ သိန်း ကုန်ကျရာကနေ ယခု ငွေကျပ်သိန်းပေါင်း ၁၇၁ သိန်း ကုန်ကျပါတယ်။ ပုဂ္ဂလိကဘက်မှာ ဝန်ထမ်းတွေရဲ့ အသုံးစရိတ်မှာ ၇၄ ရာခိုင်နှုန်းလောက် သက်သာသွားပါတယ်။ အခြားကုန်ကျစရိတ်တွေမှာ ငွေကျပ် သိန်းပေါင်း ၃၁၈၅ သိန်းအထိ သုံးစွဲခဲ့ရာကနေ ၆၂၄ သိန်း ကုန်ကျပါတယ်။ ဒါကြောင့် ၈၁ ရာခိုင်နှုန်းလောက် သက်သာသွားပါတယ်။ ယခင်က စာရွက်စာတမ်းစုစုပေါင်း ၂၂ မက်ထရစ်တန်လောက် မလိုအပ်ဘဲနဲ့ ပြည်သူကော အစိုးရပါ ကုန်ခဲ့ပါတယ်။ ဒါကျွန်မတို့ နိုင်ငံရဲ့ ဝင်ငွေတွေ ဆုံးရှုံးတာပါ။ ဟိုတယ်အလုံး ၁၅၀၀ ကို ကျွန်မတို့ စိစစ်နိုင်ခဲ့မယ်ဆိုရင် နှစ်တိုင်း ပြည်သူနဲ့ နိုင်ငံတော်ပါ အကုန်လုံးပေါင်းရင် ငွေကျပ်သန်းပေါင်း ၄၀၀၀ လောက်ကို နှစ်စဉ် သက်သာသွားမှာ ဖြစ်ပါတယ်။ ဒါက Hotel Guest List Management System ကို ကျင့်သုံးခြင်းဖြင့် ရရှိလာတာဖြစ်ပါတယ်။

**မေး။ ။ ခရီးသွားကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိက စိန်ခေါ်မှုတွေက ဘာတွေများဖြစ်မလဲရှင့်။**

**ဖြေ။ ။** ကျွန်မတို့ဝန်ကြီးဌာနက နှစ်စဉ် ငွေကျပ် ၄ ဘီလီယံလောက် နိုင်ငံတော်အတွက် ဝင်ငွေတွေရအောင် ရှာပေးနိုင်ခဲ့တယ်။ ဒါပေမယ့် ဘဏ္ဍာငွေကြေး အခက်အခဲများစွာရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်ချဲ့ထွင်မှုကို ကြည့်မယ်ဆိုရင် အိမ်နီးချင်းနိုင်ငံတွေမှာ ဝင်ငွေရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကို နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဆိုင်ရာ ဈေးကွက်ချဲ့ထွင်မှုအတွက် လုပ်နိုင်တာမျိုးရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဘတ်ဂျက် ခွဲဝေချထားမှုအရ ခရီးသွားလုပ်ငန်းကို ဈေးကွက်ချဲ့ထွင်ဖို့နဲ့ ကြော်ငြာဖို့အတွက် ဘတ်ဂျက် အလွန်နည်းပါးပါတယ်။ ဒါက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ခရီးစဉ်သစ်တွေ တိုးတက်လာဖို့ အပါအဝင် တောင်တန်းဒေသတွေက တိုင်းရင်းသားဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ငြိမ်းချမ်းရေးရရှိဖို့လည်း လိုအပ်ပါတယ်။

**မေး။ ။ ဟိုတယ်နဲ့ပတ်သက်တဲ့ လိုင်စင်ချထားပေးမှုအပိုင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးပေးပါဦးရှင့်။**

**ဖြေ။ ။** ကျွန်မတို့ရဲ့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဟိုတယ်တွေ၊ မိုတယ်တွေ၊ တည်းခိုခန်းတွေရဲ့ ဝန်ဆောင်မှု အဆင့်အတန်းတွေ မြင့်မားဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပြီး လုပ်ငန်းလိုင်စင်သတ်မှတ်ချက်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ပေးရတဲ့ ပိုက်ဆံနဲ့ ထိုက်တန်တဲ့ ဝန်ဆောင်မှုကို ဟိုတယ်လုပ်ငန်းရှင်တွေကို ပေးအပ်ဖို့ အဓိကထား စိစစ်ပါတယ်။ အဲဒီမှာ ခရီးသွားကဏ္ဍရဲ့ လားရာပြောင်းလဲသွားတာကိုတွေ့ရပါတယ်။ အရင်ကဆိုရင် တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမျှနဲ့ တန်ဖိုးကြီးရယ်လို့ ရှိပါတယ်။ မြန်မာနိုင်ငံကို လာရတာဈေးကြီးတယ်ဆိုတာမျိုး ပြောကြတာရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ Bed and Breakfast လုပ်ငန်းလိုင်စင်တစ်ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ထုတ်ပေးပါဆိုပြီး ခွင့်ပြုပေးခဲ့လို့ Hostel လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီအချိန်မှာ ခရီးသွားဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေတွေ ထွက်လာခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားကော်မတီတွေကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ဟိုတယ်၊ မိုတယ် စတဲ့ လုပ်ငန်းလိုင်စင်ပေါင်းက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် အများဆုံး ရှိပါတယ်။ စီးပွားရေးလုပ်ငန်းအများစုက ရန်ကုန်မှာရှိလို့ လုပ်ငန်းလိုင်စင်တွေကို မြန်မြန်ဆန်ဆန် ထုတ်ပေးနိုင်အောင်ကြိုးစားနေပါတယ်။

ဒေသဆိုင်ရာ ခရီးသွားကော်မတီရဲ့ ရည်မှန်းချက်တွေက ပြည်ထောင်စုကနေ ချမှတ်လိုက်တဲ့ ခရီးသွားလုပ်ငန်းဥပဒေအရ ရန်ကုန်တိုင်းဒေသကြီးရဲ့ ခရီးသွားလုပ်ငန်း မဟာဗျူဟာကို ရေးဆွဲနိုင်ဖို့အတွက် ဦးစားပေးထားပါတယ်။ လုပ်ငန်းလိုင်စင်တွေ ထုတ်ပေးတဲ့အခါ လုပ်ငန်းလုပ်လိုသူက လိုအပ်တဲ့ဖောင်တွေဖြည့်မယ်။ တစ်လပြည့်ရင် သူက လုပ်ငန်းလိုင်စင်ရရှိမယ်။ သဘောက သက်ဆိုင်တဲ့ဌာနဆိုင်ရာတွေက One Stop Service ပေးနိုင်ရေး

အထူးကဏ္ဍ [ ဃ ] သို့ »»»



နော်ပန်းသဥ္ဇာမျိုး
ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီး



ဦးနောင်းနောင်းဟန် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း)



ခွန်ထွန်းဦး (စီမံကိန်းမန်နေဂျာ ပအိုဝ်းဒေသကျေးရွာလူထု ပူးပေါင်းပါဝင်သော ခရီးသွားလုပ်ငန်း)



ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည့် အင်းသားတို့၏ ခြေဖြင့် လှေလှော်ဟန်ကို တွေ့ရစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် The 7th ASEAN Green Hotel Standard Award ပေးအပ်ချီးမြှင့်စဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ကို ရည်ရွယ်ပါတယ်။ နောက်အချက်က ရန်ကုန်တိုင်းဒေသကြီးဟာ Commercial City ကနေ System City ဖြစ်လိုတဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ Hotel Guest List Management System ကျင့်သုံးတဲ့အကြောင်းနဲ့ ဆောင်ရွက်မှုတွေကို သိပါရစေရှင့်။**

**ဖြေ။ ။** အားလုံးသိကြတဲ့အတိုင်း ကန်တော်ကြီးဟိုတယ် မီးလောင်တုန်းက အထဲမှာ ဧည့်သည်တွေ ဘယ်နှယောက်ရှိလဲ ချက်ချင်းမသိနိုင်ဘူး။ အကုန်ကယ်ထုတ်ပေမယ့် ခရီးသည် ဘယ်လောက်ကျန်သလဲ မသိနိုင်ဘူး။ ဒီမှာ လုပ်ဆောင်သင့်တဲ့အရာတစ်ခုကို သိလာပါတယ်။ ဟိုတယ်တစ်ခုအတွင်းမှာ ဧည့်သည် ဘယ်နှယောက် တည်းခိုနေသလဲ ဆိုတာကို သိနိုင်ရင် ကိုယ့်နိုင်ငံရဲ့ လုံခြုံရေးကို အားဖြည့်ရာရောက်မယ်။ ဧည့်သည်တွေလည်း ပိုပြီး လုံခြုံစိတ်ချမှုရရှိမယ်။ ဝန်ထမ်းတွေနဲ့ လုပ်ငန်းရှင်တွေအတွက် စာရင်းအင်း အဆင်ပြေစေမယ်ဆိုပြီး နည်းပညာတစ်ခုကို သုံးမယ်ဆိုပြီး ဆုံးဖြတ်လိုက်ကြပါတယ်။ ပြည်ထောင်စုဝန်ကြီးက အားပေးပြီး လမ်းညွှန်မှုပေးခဲ့တဲ့အတွက် လုပ်ငန်းတွေ အမြန်ဆုံး စတင်နိုင်ခဲ့ပါတယ်။

ဟိုတယ်တွေက သူတို့သတင်းပို့နေရတဲ့ ဝန်ကြီးဌာန ကိုးခုကို သတင်းအချက်အလက်တွေ လွယ်လွယ်ကူကူနဲ့ ပေးပို့လာနိုင်ခဲ့ပါတယ်။ Hotel Guest List Management System အရ ဌာနကိုးခုက သက်ဆိုင်ရာတာဝန်ရှိသူတွေဟာ သတ်မှတ်ထားတဲ့ သူတို့တာဝန်ရှိတဲ့နေ့ရဲ့ ည ၁၁ နာရီ ၄၅ မိနစ်ဆိုတာနဲ့ သူတို့တာဝန်ယူရတဲ့ နယ်မြေထဲက ဟိုတယ် ဘယ်နှလုံးမှာ ဧည့်သည် ဘယ်နှယောက်ဟာ ဘယ်အချိန်မှာ ဘယ်လိုတည်းခိုထားတယ်ဆိုတဲ့ အချက်အလက်တွေရမှာဖြစ်ပြီး ရာထူးအလိုက် Code တွေနဲ့ ဝင်ရောက်ကြည့်လို့ရပါတယ်။

ဒီလိုလုပ်ဖို့အတွက် လုပ်ငန်းရှင်တွေ၊ အလုပ်သမားတွေကို သင်တန်းတွေ ပေးရသလို လိုက်နာရမယ့် လမ်းညွှန်ချက်တွေ ထုတ်ပေးရပါတယ်။ ဒီလိုနဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ စမ်းသပ်ကာလအနေနဲ့ ကျင့်သုံးခဲ့ပြီး တစ်နှစ်ပြည့်မြောက်တဲ့အခါမှာ စာရွက်စာတမ်းနဲ့ ပေးပို့တဲ့စနစ်ကို ရပ်ဆိုင်းပြီး အီလက်ထရွန်နစ်နဲ့ သတင်းပို့နိုင်တဲ့စနစ်ကို ဆက်လက် ကျင့်သုံးနိုင်ခဲ့ပါတယ်။ ဒီနောက်မှာ ရှမ်းပြည်နယ်ကလည်း ဒီစနစ်ကို ကျင့်သုံးလာပါတယ်။ ကယား၊ ကရင်နဲ့ ရခိုင်ပြည်နယ်တွေနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွက် လေ့ကျင့်သင်ကြားပေးတာတွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။

**ဦးနောင်နောင်ဟန် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း)**

**မေး။ ။ ခရီးသွားလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအကြောင်းကို သိလိုပါတယ်ရှင့်။**

**ဖြေ။ ။** ကျွန်တော်တို့က ခရီးသွားလုပ်ငန်းရှင်များအသင်းဆိုတော့ ခရီးသွားကုမ္ပဏီတွေနဲ့ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းတွေက အသင်းမှာ ပါဝင်ကြပါတယ်။ နိုင်ငံတကာနဲ့ ပြည်တွင်းမှာ ခရီးသွားပြပွဲတွေ တစ်နှစ်တာအတွင်း များစွာ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းအနေနဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းတွေနဲ့ ပြည်တွင်းကနေ ပြည်ပကိုသွားတဲ့ ခရီးသွားလုပ်ငန်းတွေကို ရည်ရွယ်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ခရီးသွားပွဲတော်ကို ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းက ခရီးသွားလုပ်ငန်းတွေနဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းတွေ ပိုမိုမြင့်တက်လာစေဖို့နဲ့ ပိုမိုဖွံ့ဖြိုးလာစေဖို့အတွက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ခရီးသွားပြပွဲတစ်ခု ကျင်းပခဲ့ပြီး ဝန်ကြီးဌာနနဲ့အတူ ဗီယက်နမ်နိုင်ငံကလည်း ခရီးသွားပြပွဲတစ်ခုကို သွားရောက်ပြသခဲ့ပါတယ်။ ဒါ့ပြင် ဘရူနိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံ မွန်ဘိုင်းတို့မှာ ခရီးသွားပြပွဲတွေကို ဝန်ကြီးဌာနနဲ့အတူ သွားရောက်ပြသခဲ့ပါတယ်။

ပြည်တွင်းခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်သူတွေနဲ့ ဈေးကွက်အပိုင်းဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ကျွန်တော်တို့က ဝန်ဆောင်မှုကို ပိုပြီးစနစ်ကျအောင် ခရီးသွားကုမ္ပဏီတွေကို သင်တန်းပေးပါတယ်။ ဟောပြောပွဲတွေ လုပ်ပါတယ်။ ခရီးသွားလုပ်ငန်းငယ်တွေအတွက် ဘဏ္ဍာငွေအခက်အခဲကို ကူညီပေးနိုင်မယ့် ချေးငွေမျိုးတွေ၊ အသေးစားအလတ်စား စီးပွားရေးအတွက် ဘဏ်ချေးငွေတွေ ရရှိအောင် ကူညီပေးရပါတယ်။ ခရီးသွားအာမခံကုမ္ပဏီနှစ်ခုနဲ့ ချိတ်ဆက်ထားပြီးဖြစ်ပါတယ်။

လိုအပ်တဲ့သင်တန်းတွေကို ပေးရတာရှိပါတယ်။ ဥပမာ – ဥရောပဈေးကွက်ကို ဝင်ရောက်လိုတဲ့အခါ ဝန်ဆောင်မှုကို ဘယ်လိုပေးမလဲဆိုတာတွေရှိပါတယ်။ ဒါတင်မကပါဘူး Tourist Police တွေကို သင်တန်းပေးတာရှိပါတယ်။ ဆွေးနွေးပွဲတွေ ကျင်းပပါတယ်။ အနှစ်သာရရှိတဲ့ ခရီးသွားပြပွဲတွေကို ဖော်ဆောင်နိုင်ခဲ့ပါတယ်။

**မေး။ ။ လာမယ့်ကာလတွေမှာ ဖြစ်လာနိုင်တဲ့ မြန်မာ့ခရီးသွားကဏ္ဍအကြောင်းကို သုံးသပ်ခန့်မှန်းပေးစေလိုပါတယ်။**

**ဖြေ။ ။** လာမယ့်နှစ်တွေမှာ လက်ရှိဖြစ်ပေါ်တဲ့ အခြေအနေအရ နိုင်ငံတကာက Online Travel Agent တွေရှိပါတယ်။ သူတို့ အင်အားကြီးထွားလာတဲ့အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းတွေရဲ့ စွမ်းရည်ကို ပိုမြှင့်တင်ဖို့ လိုအပ်နေပါတယ်။ Digital Marketing တွေကို အင်တာနက်လူမှုကွန်ရက်မီဒီယာတွေကနေတစ်ဆင့် အသုံးပြုဖို့လိုအပ်လာပါတယ်။ အွန်လိုင်းကနေ ခရီးစဉ်တွေ ရောင်းချနိုင်ဖို့ ဆော့ဖ်ဝဲလ်တွေ ရေးသားပြီး ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်တက်နိုင်အောင် မျှော်မှန်းဆောင်ရွက်နေပါတယ်။

ခရီးသွားပြပွဲတွေ ပြသတဲ့အခါမှ လမ်းဟောင်းတွေထဲက တစ်ခုဖြစ်တဲ့ ဒေသထွက်ကုန်နဲ့ အစားအသောက်တွေကို ပိုမိုပြသနိုင်အောင်ဆောင်ရွက်သွားမယ်။ ပြည်ပမှာ နိုင်ငံရဲ့ ပုံရိပ်တွေ အားကောင်းအောင် ကုန်ကျစရိတ်တွေသုံးပြီး မျှဝေသွားမယ်။ သက်ဆိုင်ရာနိုင်ငံတွေကို ခရီးသွားလုပ်ငန်းအေးဂျင့်တွေ သွားပြီး စီးပွားရေးပူးပေါင်းလုပ်နိုင်အောင် စီစဉ်နေတာတွေလည်း ရှိပါတယ်။ လာမယ့်မိုးရာသီမှာ စတင်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။

**မေး။ ။ ခရီးသွားလုပ်ငန်း အောင်မြင်ဖို့ ဘာတွေပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါသလဲရှင်။**

**ဖြေ။ ။** ခရီးသွားလုပ်ငန်း အောင်မြင်ဖို့အတွက် ဒေသခံတွေရဲ့ ပူးပေါင်းမှုတွေ လိုအပ်ပါတယ်။ အဓိက လုံခြုံရေးပါ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သာမက ပြည်သူပါဝင်ဖို့ လိုပါတယ်။ ဒေသခံတွေကလည်း ဒေသဖွံ့ဖြိုးဖို့ အဓိကဖြစ်ပြီး လုပ်ငန်းရှင်တွေအတွက်က အပြန်အလှန်မိတ်ဖက်တွေ ဖြစ်ပါတယ်။

ကိုဗစ်–၁၉ ရောဂါကြောင့် အခက်အခဲနဲ့ စိန်ခေါ်မှုတွေ အပြည့်ဆုံးအချိန်လို့ဆိုရင် ရပါတယ်။ ဒါပေမယ့် ရှေ့မှာလည်း ကျွန်တော်တို့တွေဟာ အခက်အခဲများစွာ ကြုံခဲ့ကြရသူတွေပါ။ အခက်အခဲတွေကနေ အတွေ့အကြုံတွေလည်းရခဲ့တာမို့ အားမလျှော့ဘဲ လာမယ့်နှစ်အတွက် ယခုကတည်းက ပြင်ဆင်နေပါပြီ။ ဘာမှလုပ်မရတဲ့ ကာလဖြစ်ရင် ခရီးသွားလောကသားတွေ အားလုံးက အင်တိုက်အားတိုက်နဲ့ အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ထားမယ်။ အားဖြည့်ထားပြီး ရဲရဲဝံ့ဝံ့ရင်ဆိုင်သွားရမှာပါလို့ ပြောကြားလိုပါတယ်။

**ခွန်ထွန်းဦး (စီမံကိန်းမန်နေဂျာ၊ ပအိုဝ်းဒေသ ကျေးရွာလူထုပူးပေါင်းပါဝင်သော ခရီးသွားလုပ်ငန်း)**

**မေး။ ။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး ပအိုဝ်းဒေသကနေ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအကြောင်းကို သိပါရစေရှင့်။**

**ဖြေ။ ။** စတုတ္ထ (၁) နှစ်တာကာလမှာ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး အရှိန်အဟုန်မပျက်အောင် ပူးပေါင်းလုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့က ၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို တစ်နှစ်ထက်တစ်နှစ် အတတ်နိုင်ဆုံး ပိုကောင်းအောင် ကြိုးစားလုပ်ဆောင်နေပါတယ်။ ခရီးသွားလုပ်ငန်းဟာ ကျွန်တော်တို့ဒေသအတွက် အရေးပါအရာရောက်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျေးရွာလူထုတွေအတွက် တန်ဖိုးဖြတ်လို့မရတဲ့ အကျိုးကျေးဇူးတွေ အများကြီးယူဆောင်လာပေးပါတယ်။ ရိုးရာယဉ်ကျေးမှုနဲ့ သဘာဝပတ်ဝန်းကျင်တို့ကို ပိုပြီးထိန်းသိမ်းလာနိုင်ပါတယ်။ အလုပ်အကိုင်တွေကနေ ဝင်ငွေတွေရခဲ့ပါတယ်။

**မေး။ ။ ပအိုဝ်းဒေသမှာ ခရီးစဉ်သစ်တွေ ဖော်ဆောင်နေမှုရှိရင် သိပါရစေရှင့်။**

**ဖြေ။ ။** ပအိုဝ်းဒေသမှာ ၂၀၁၅ ခုနှစ်က အင်းလေးကန်ရဲ့တောင်ပေါ်ကျေးရွာတွေမှာ CBT တွေ စလုပ်ခဲ့ပါတယ်။ လေးနှစ်တာကာလမှာ ရှေးဟောင်းမွေတော်ကက္ကူဘုရားပတ်ဝန်းကျင်မှာ တိုးချဲ့လုပ်ဆောင်နေပါတယ်။ ဒီဒေသက ပုန်းအင်းဒေသလို့လည်း ခေါ်ပါတယ်။ ကုန်း ခြောက်လနဲ့ ရေ ခြောက်လ ဒေသဖြစ်ပါတယ်။ ခရီးသွားတွေကို ဆွဲဆောင်နိုင်မယ့် နေရာဒေသတစ်ခုလို့ မြင်ပါတယ်။ ဒါကြောင့် ယခုဆိုရင် ခရီးသွားလုပ်ငန်းလုပ်ဆောင်ဖို့ ကျေးရွာတွေကို လိုအပ်တဲ့ သင်တန်းတွေ ပေးနေပါတယ်။ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနေတာရှိပါတယ်။ လာမယ့် ပွင့်လင်းရာသီမှာ ဧည့်သည်တွေ သွားရောက်လည်ပတ်လို့ရအောင် လုပ်ဆောင်နေတာရှိပါတယ်။

ပုန်းအင်းဒေသဟာ တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်နဲ့ ဆီဆိုင်မြို့နယ်တို့ သုံးခုဆိုင်တဲ့ နေရာလေးပါ။ မွေတော်ကက္ကူဘုရားကနေ ပုန်းအင်းဒေသကို နာရီဝက် ခရီးလောက်သာ ကြာမြင့်ပါတယ်။ ဒီမှာ ရှမ်းတိုင်းရင်းသားတွေရဲ့ ရိုးရာမုန့်လုပ်ငန်း ၁၆ မျိုး လောက်ရှိပါတယ်။ အင်းလေးဒေသလို ချောင်းဘေးမှာနေကြပြီး ရေပေါ်မှာနေတဲ့ တိုင်းရင်းသားတွေပါ။ နွေရာသီဆိုရင် ကုန်းပေါ်မှာနေတဲ့ တိုင်းရင်းသားတွေလိုမျိုးပါ။ ဒီမှာ ခရီးသွားတွေကို ဘယ်လိုဝန်ဆောင်မှုပေးမလဲနဲ့ ကြုံလာနိုင်တဲ့ စိန်ခေါ်မှုတွေ၊ အလုပ်အကိုင် အခွင့်အလမ်းတွေကို ပြောပြပေးပါတယ်။ ကျေးရွာညှိလမ်းညွှန်သင်တန်းတွေကို လူငယ်တွေအား ပို့ချမယ်။ စက်လှေနဲ့ သွားရတာမို့ လုံခြုံစိတ်ချရအောင် သင်တန်းတွေပေးမယ်။ အိုင်တီစီနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့ သင်တန်းတွေပေးဖို့ရှိပါတယ်။

ပအိုဝ်းဒေသကို အရင်က အင်းလေးကစပြီး ကက္ကူကိုလာတဲ့ ခရီးစဉ်ကို စီစဉ်ပါတယ်။ နောက်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ ဟိုပုန်းနဲ့ ဆီဆိုင်ကို နိုင်ငံခြားသား ခရီးသွားတွေ လှေ့လာဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ပအိုဝ်းဒေသကို လာလည်ကြမယ့် ပြည်တွင်း ပြည်ပ ခရီးသွားတွေကို ဘယ်လို ဖိတ်ခေါ်ပြောကြားလိုပါသလဲရှင်။**

**ဖြေ။ ။** တိုင်းရင်းသားဒေသတွေမှာခရီးသွားလုပ်ငန်းတွေ အောင်မြင်ဖြစ်ထွန်းလာတာနဲ့ အကျိုးကျေးဇူးတွေ အများကြီးရပါတယ်။ ရိုးရာဓလေ့တွေ၊ ဘာသာစကား စတာတွေ ပိုပြီး ထိန်းသိမ်းလာကြပါတယ်။ ခရီးသွားလုပ်ငန်းကနေ အပိုဝင်ငွေတွေ ရရှိပါတယ်။ ကျေးရွာက လက်မှုလုပ်ငန်းတွေ ရောင်းချလို့ရပါတယ်။ သူတို့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝအရင်းအမြစ်တွေကို တန်ဖိုးထားတတ်လာပါတယ်။ အားလုံးကို စုပေါင်းပြီး လုပ်ဆောင်ရတာမို့ အားလုံးစုစုစည်းစည်းနဲ့ ပိုမိုဆောင်ရွက်တတ်လာပါတယ်။ လုပ်ငန်းစတင်ပြီးနောက်ပိုင်း ရပ်ရွာမှာနေထိုင်ရတာကို ပိုပြီးတန်ဖိုးထားလာသလို ပညာရေးကိုလည်း လူငယ်တွေ ပိုပြီးအလေးပေးလာပါတယ်။ အမှိုက်စွန့်ပစ်တာတွေ ပိုပြီးစည်းကမ်းကျလာပါတယ်။ ရိုးရာအစားအစာတွေနဲ့ ဝတ်စုံတွေကို ပိုပြီးတန်ဖိုးထားတတ်လာပါတယ်။

ကျွန်တော်တို့ဒေသမှာ အင်မတန်သာယာလှပတဲ့ သဘာဝအရင်းအမြစ်တွေ အများကြီးရှိပါတယ်။ လိုဏ်ဂူတွေ၊ ရေတံခွန်တွေနဲ့ လီဆူး၊ ရှမ်းနဲ့ ပအိုဝ်းတိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။ နန့်သဘက်ချောင်းကနေ စက်လှေနဲ့ သွားရတဲ့ ပုန်းအင်းဒေသ ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ဟာ အလွန်သာယာ အေးချမ်းလှပပါတယ်။ သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝပါတယ်။ မြန်မာနိုင်ငံအရပ်ရပ်က ခရီးသွားလုပ်ငန်းရှင်တွေနဲ့ ပြည်သူတွေကို ရှမ်းတောင်ကို တစ်ခါတစ်ခေါက် လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ပါတယ်။


ဂျာမန်ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး ၂၃–၁–၂၀၁၉ ရက်နေ့က သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာစဉ်။